မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃)
အမှတ် (၅၂)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာ ၂၁ ရက်၊ ကြာသပတေးနေ့။

ပြည်သူ့စွမ်းအားဖြင့်
နိုင်ငံတော်ကို
တည်ဆောက်အံ့

သဘာဝသယံဇာတများနှင့် ပတ်ဝန်းကျင်ကောင်းများအစဉ်တည်တံ့နေရန် စဉ်ဆက်မပြတ် ထုတ်လုပ်ခြင်းနှင့် စားသုံးခြင်းကဏ္ဍ အလေးဂရုပြု

နေပြည်တော် နိုဝင်ဘာ ၂၀

ယနေ့ ကမ္ဘာပေါ်ရှိ လူဦးရေ ၂ ဒသမ ၆ ဘီလီယံခန့်သည် သန့်ရှင်းမှုမရှိသည့် ပတ်ဝန်းကျင်တွင် နေထိုင်နေကြရပြီး ဝ ဒသမ ၉ ဘီလီယံခန့်သည် သန့်ရှင်းသော သောက်သုံးရေမရရှိကြပါကြောင်း၊ ၁ ဒသမ ၃ ဘီလီယံသည် လျှပ်စစ်မီးမရရှိကြသေးသကဲ့သို့ ၁ ဘီလီယံခန့်မှာလည်း အာဟာရချို့တဲ့လျက်ရှိပါကြောင်း၊ ထို့ကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုရရှိရေးကို ဖော်ဆောင်ပေးမည့် အစိမ်းရောင်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးစေရေးနည်းပညာနှင့် ရန်ပုံငွေများကို ဝိုင်းဝန်းကူညီပံ့ပိုးပေးရန် လိုအပ်လျက်ရှိပါကြောင်းဖြင့် နိုင်ငံတော်သမ္မတဦးသိန်းစိန်က ယနေ့နံနက် ၉ နာရီတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC)၌ ကျင်းပသည့် တတိယအကြိမ်မြောက် အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။

မိမိတို့၏ အကျိုးစီးပွားအတွက် သဘာဝသယံဇာတများကို ထုတ်ယူသုံးစွဲလျက်ရှိသကဲ့သို့ အနာဂတ်မျိုးဆက်များအတွက်လည်း ယခုကဲ့သို့ အခွင့်အရေးမျိုး ရရှိစေရန်နှင့် ကောင်းမွန်သန့်ရှင်းသည့် ပတ်ဝန်းကျင် အခြေအနေများကို ရရှိခံစားနိုင်ရန် မိမိတို့ လက်ဆင့်ကမ်း အမွေပေးကြရမည်ဖြစ်။

အဆိုပါ အခမ်းအနားသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကော်မတီဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ၊ အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့(မြန်မာ) ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနှင့် မြန်မာနိုင်ငံဗိသုကာအသင်းတို့မှ တာဝန်ရှိသူများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ

စာမျက်နှာ ၈ ကော်လံ ၁ ▲

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) ၌ ကျင်းပသည့် တတိယအကြိမ်မြောက် အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

မြန်မာနိုင်ငံတွင် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု၊ ငြိမ်းချမ်းပြီး ကြွယ်ဝချမ်းသာသည့် အနာဂတ်ကို ရရှိမည်ဟုယုံကြည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် မွန်ဂိုလီးယားနိုင်ငံတို့အကြား ထုတ်ပြန်သည့်ပူးတွဲကြေညာချက် သတင်းစာမျက်နှာ ➤ ၃

ယနေ့ မာတိကာ

လူဦးရေနှင့် အိမ်အကြောင်း အရာ သန်းခေါင်စာရင်းဥပဒေ အကြောင်း သိကောင်းစရာ (ဆောင်းပါး) စာ - ၆

အီရန်ကို အရေးယူမှုအသစ် ထပ်မံမပြုလုပ်ရန် သမ္မတ အိုဘားမား ဆီးနိတ်အမတ်များကို တိုက်တွန်း စာ - ၁၀

ဟက်ထရစ်သွင်းပြီး ကမ္ဘာ့ဖလားကစားခွင့်ရသွားတဲ့ စီရိုနယ်ဒို စာ - ၁၄

နေပြည်တော် ရေပူစမ်းအပန်းဖြေစခန်းရှိ ပြင်ပရေပူစိမ်ကန်တွင် လာရောက်အပန်းဖြေရေပူစိမ်၊ ရေချိုးနေသူများကို တွေ့ရစဉ်။ (သတင်းစာမျက်နှာ-၇)

အပူပိုင်းမုန်တိုင်း မြန်မာနိုင်ငံသို့ ဦးတည်မည့်အခြေအနေမရှိ

နေပြည်တော် နိုဝင်ဘာ ၂၀

ယနေ့မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင်ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း "ဟဲလန်" (Helen) သည် အိန္ဒိယနိုင်ငံ ဗီဆာကာပတ္တနမ်မြို့၏ တောင်-အရှေ့တောင်ဘက် မိုင် ၁၅၀ ခန့်၊ ချင်းနိုင်မြို့၏ အရှေ့မြောက်ဘက် မိုင် ၂၆၀ ခန့်၊ မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်-အနောက်မြောက်ဘက် မိုင် ၅၅၀ ခန့်အကွာ ပင်လယ်ပြင်ကိုဗဟိုပြုနေသည်။ အဆိုပါအပူပိုင်းမုန်တိုင်းသည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီးနောက် ၃၆ နာရီအတွင်း အိန္ဒိယနိုင်ငံ အန်ဒရာပါရာဒေ့ရှ် တောင်ပိုင်းကမ်းခြေနှင့် တမီနာဒူးလ်မြောက်ပိုင်းကမ်းခြေအကြားမှ ဖြတ်ကျော်ဝင်ရောက်မည်ဟု ခန့်မှန်းရသည်။

အပူပိုင်းမုန်တိုင်း၏အရှိန်ကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

အပူပိုင်းမုန်တိုင်း၏ လက်ရှိအခြေအနေမှာ အဝါရောင်အဆင့်သာရှိပြီး မြန်မာနိုင်ငံသို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိဟု သတ်မှတ်ပါသည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီးကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် မုန်တိုင်းအန္တရာယ်ရှောင်ရှားရန်လိုအပ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (မိုး/ဇလ)

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ပညာရေးနှင့် ကုန်ထုတ်စွမ်းအား

ကုန်ထုတ်စွမ်းအား တိုးတက်မြင့်မားခြင်းသည် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပဓာနကျသော အချက်တစ်ချက်ဖြစ်ပါသည်။ ကုန်ထုတ်စွမ်းအား မြင့်မားအောင်ဆောင်ရွက်ခြင်း၊ ခိုင်မာသော ပြည်တွင်း ပြည်ပ ဈေးကွက်ကြီးများ ဖန်တီးခြင်းနှင့် အရည်အသွေးကောင်းပစ္စည်းများ ထုတ်လုပ်ခြင်းတို့ဖြင့် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

ဤသို့ ကုန်ထုတ်စွမ်းအားများ တိုးတက်လာရန်ကား လုပ်ငန်းခွင်နှင့် တိုက်ရိုက်ဆက်စပ်နေသော ပညာရေးသည် အရေးကြီးပါသည်။ ပညာရေးသည် လုပ်ငန်းခွင်နှင့် အံဝင်ခွင်ကျရှိရပါမည်။ လုပ်ငန်းခွင်ကို အထောက်အကူပြုရမည်ဖြစ်ပါသည်။ ယနေ့ နိုင်ငံအများစု၏ ပညာရေးစနစ်သည် ဤအတိုင်းသွားနေပါသည်။ အခြေခံပညာမူလတန်းအဆင့် အောင်မြင်သော ကျောင်းသားတစ်ဦးသည် အရေး၊ အဖတ်၊ အတွက်တည်းဟူသော “အ” သုံးလုံးကျေပြီးသူများအဖြစ် မှတ်ယူနိုင်ပါသည်။ ဤသို့ အရေး၊ အဖတ်နှင့် အတွက် ကျွမ်းကျင်သော လူငယ်တစ်ဦးကို အနိမ့်ဆုံး စာရေးစာချီအလုပ်မှ မန်နေဂျာအထိ အသုံးပြုနိုင်စွမ်းရှိပါသည်။ ယနေ့ ကျွန်ုပ်တို့နိုင်ငံတွင် မူလတန်းအဆင့်အောင်မြင်သောသူများ၊ အလယ်တန်းအဆင့် အောင်မြင်ပြီးမြောက်သူများ အများအပြားရှိပါသည်။ ယုတ်စွအဆုံး အခြေခံပညာအထက်တန်းအဆင့်နှင့် တက္ကသိုလ်ဝင်တန်း အောင်မြင်သူများလည်း မြို့ပြများ၌သာမက ကျေးလက်တောရွာများ၌ပင် တစ်နှစ်ထက်တစ်နှစ် တိုးပွားလျက်ရှိပါသည်။ ရှေးယခင်က ရွာတစ်ရွာတွင် တက္ကသိုလ်ဝင်တန်းအောင်သူ တစ်ဦး၊ နှစ်ဦးမျှသာရှိပါသည်။ ယခုအခါအနည်းဆုံး ၅၀ နှင့် အထက်ရှိပါသည်။ မြို့ပြများတွင် အိမ်တိုင်းနီးပါး ဘွဲ့ရပညာတတ်၊ ၁၀ တန်းအောင်သူများရှိပါသည်။ ၎င်းတို့အားလုံးသည် ကုန်ထုတ်စွမ်းအား အရင်းအမြစ်များဖြစ်ပါသည်။ ဤကုန်ထုတ်စွမ်းအား အရင်းအမြစ်များကို လုပ်ငန်းခွင်နှင့် အံဝင်ခွင်ကျအသုံးပြုနိုင်မည်ဆိုပါက ကုန်ထုတ်စွမ်းအားကြီးမားလာမည်ဖြစ်ပါသည်။

မူလတန်းအဆင့် အောင်မြင်ပြီးမြောက်ထားသူများသည် ၎င်းနှင့်သင့်လျော်သည့် လုပ်ငန်းခွင်သို့ ဝင်ရောက်နိုင်ရပါမည်။ ထို့အတူ အလယ်တန်း၊ တက္ကသိုလ်ဝင်တန်း၊ ဘွဲ့ရအစရှိသဖြင့် လိုက်လျောညီထွေရှိမည့် လုပ်ငန်းခွင်များသို့ ဝင်ရောက်နိုင်ရပါမည်။ တစ်နည်းအားဖြင့်ဆိုလျှင် အလုပ်အကိုင်ဖန်တီးပေးနိုင်သော စက်ရုံ၊ အလုပ်ရုံများ၊ အသေးစား၊ အလတ်စား၊ အကြီးစားလုပ်ငန်း အရှိန်အဟုန်ဖြင့် ပေါ်ထွန်းရေးပင်ဖြစ်ပါသည်။ ယနေ့ နိုင်ငံတော်ကလည်း ဤအချက်ကို ဦးတည်ဖော်ဆောင်ပေးလျက်ရှိပါသည်။ ထိုပညာရေး အရင်းအမြစ်များနှင့် လုပ်ငန်းခွင်များ ဟန်ချက်ညီညီချိတ်ဆက်လုပ်ကိုင်နိုင်မည်ဆိုပါက ကုန်ထုတ်စွမ်းအားများ မြင့်မားလာမည်ဖြစ်ပါသည်။

ဤအရင်းအမြစ်များသည် ဈေးကွက်များကို ဖန်တီးနိုင်သော၊ အရည်အသွေးကောင်းပစ္စည်းများကို ထုတ်လုပ်နိုင်သော စွမ်းအားရှင်များဖြစ်ပါသည်။ သို့ရာတွင် ထိုလူငယ်အရင်းအမြစ်များကို စနစ်တကျ မှန်ကန်စွာအသုံးပြုနိုင်မှုမှာ အားနည်းချက်တို့ ရှိနေကြောင်း တွေ့နေရပါသည်။ ပညာရေးအဆင့်အတန်းအလိုက် အောင်မြင်ပြီးမြောက်သူများအား ၎င်းတို့နှင့်ကိုက်ညီ ထိုက်တန်သောအလုပ်များရရှိဖို့ ဖန်တီးပေးရန် လိုပါသည်။ ပညာရေးအရင်းအမြစ်များကို စနစ်တကျအကျိုးရှိစွာ အသုံးချသွားနိုင်မှသာလျှင် ကုန်ထုတ်စွမ်းအား တိုးတက်လာမည်ဖြစ်သကဲ့သို့ လူတစ်ဦးချင်းဝင်ငွေ (ဂျီဒီပီ)လည်း မြင့်မားလာမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ
ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဆိုင်ရာ လူထုအသိပညာပေးလုပ်ငန်းများစတင်ခြင်း အခမ်းအနားကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၀

မြန်မာနိုင်ငံ၌ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးလုပ်ငန်းစီမံချက် (Plan of Action) အရ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ကော်မတီဆိုင်ရာ လူထုအသိပညာပေး လုပ်ငန်းများ စတင်ခြင်း အခမ်းအနားကို နိုဝင်ဘာ ၁၉ ရက် နံနက် ၉ နာရီတွင် နေပြည်တော် အမရာဟိုတယ်၌ကျင်းပရာ အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင်၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်သန်းစိုး၊ တပ်အင်အားဖြည့်တင်းရေး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ငွေသိန်းတို့နှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ စစ်ရေးချုပ်ရုံး၊ တပ်အင်အားဖြည့်တင်းရေး ညွှန်ကြားရေးမှူးရုံး၊ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ်ရုံး၊ တပ်မတော်မှတ်တမ်း ညွှန်ကြားရေးမှူးရုံးတို့မှအရာရှိကြီးများ၊ ကုလသမဂ္ဂဘက်မှလည်း CTFMR၏ ပူးတွဲဥက္ကဋ္ဌ မစ္စတာ ဘာထရန်ဘန်းဘဲလ် တက်ရောက်ခဲ့ပြီး နိုင်ငံတကာအဖွဲ့အစည်းများဖြစ်ကြသော UNICEF၊ UNHCR၊ ILO၊ Save the children၊ World Visionတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီ တွဲဖက်အတွင်းရေးမှူး၊ တပ်အင်အားဖြည့်တင်းရေးညွှန်ကြားရေးမှူး ဗိုလ်ချုပ်ငွေသိန်းနှင့် ကုလသမဂ္ဂဘက်မှ CTFMR ပူးတွဲဥက္ကဋ္ဌ မစ္စတာ ဘာထရန်ဘန်းဘဲလ်တို့က အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင်၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ် သန်းစိုး၊ တပ်အင်အားဖြည့်တင်းရေး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ငွေသိန်း၊ ကုလသမဂ္ဂဘက်မှ CTFMR ၏ ပူးတွဲဥက္ကဋ္ဌ မစ္စတာ ဘာထရန်ဘန်းဘဲလ်တို့က နေပြည်တော် ဒက္ခိဏသီရိမြို့နယ်၊ (စီ) လမ်းဆုံ၌စိုက်ထူမည့် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေး လူထုအသိပညာပေး ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ လူထုအသိပညာပေး လုပ်ငန်းများအား နိုဝင်ဘာ ၁၅ ရက်မှ ခြောက်လတာကာလအတွင်း မြန်မာနိုင်ငံအတွင်းရှိ မြို့နယ်ပေါင်း ၃၃၀ တွင် ဆောင်ရွက်သွားမည်ဖြစ်ပြီး တပ်မတော်အနေဖြင့် အရွယ်မရောက်သေးသူကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ တားဆီးကာကွယ်ရန်၊ အကြောင်းအမျိုးမျိုးကြောင့် တပ်မတော်အတွင်း ရောက်ရှိနေသည့် အသက် ၁၈ နှစ် မပြည့်သူများအား စနစ်တကျ စိစစ်နုတ်ထွက်ခွင့်ပြုရန်နှင့် တပ်မတော်(ကြည်း)အား ကလေးစစ်သားအသုံးပြုနေသည့် အဖွဲ့အစည်းစာရင်းမှ ပယ်ဖျက်နိုင်ရန်တို့အတွက် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

ထင်သာမြင်သာ ပြုပြင်စရာ

ရေမြောင်းများပိတ်ဆို့နေသဖြင့် လမ်းမပေါ်ရေများစီးဝင်

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ ရွှေကြာအင်း (၂)ရပ်ကွက် ရခိုင်ဘုရားကြီးလမ်းအတွင်းရှိ နေအိမ်များ၏ ရေနုတ်မြောင်းများသည် ပိတ်ဆို့ကာ ရေစီးရေလာကောင်းမွန်မှု မရှိသဖြင့် နှစ်စဉ်ရေနစ်မြုပ်ခြင်း၊ လမ်းပေါ်သို့ရေကျော်သဖြင့် လမ်းများ ပျက်စီးခြင်း၊ အနံ့အသက်မကောင်းသောရေဆိုးများ လမ်းပေါ်သို့နေ့စဉ်ရောက်ရှိနေသဖြင့် အနီးပတ်ဝန်းကျင်ရှိ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ ကျန်းမာရေးထိခိုက်မှုများ ဖြစ်ပေါ်နေရကြောင်း သိရသည်။

“ကျွန်တော်တို့ သက်ဆိုင်ရာဌာနတွေ၊ အဖွဲ့အစည်းတွေကို တရားဝင်စာနဲ့ရော နှုတ်နဲ့ပါတင်ပြထားတာကြာပါပြီ။ ဒါပေမယ့် အခုထိလုပ်ငန်းအကောင်အထည် မဖော်ရသေးပါဘူး။ အခုလိုလမ်းပေါ်မှာ အနံ့အသက်မကောင်းတဲ့ရေဆိုးတွေ နေ့စဉ်ရောက်နေတော့ ပတ်ဝန်းကျင်ကျန်းမာရေးလည်း ထိခိုက်တယ်။ လမ်းသွားလမ်းလာတွေလည်း ဒုက္ခရောက်ရပါတယ်။ ဒါဟာ ကျွန်တော်တို့ နှစ်စဉ်ခံစားနေရတဲ့ကိစ္စတစ်ခုပါ။ ဒါကိုသက်ဆိုင်ရာ တာဝန်ရှိ ဌာနဆိုင်ရာတွေ၊ အဖွဲ့အစည်းတွေက အမြန်ဆုံးဆောင်ရွက်ပေးဖို့ တင်ပြချင်ပါတယ်” ဟု အဆိုပါလမ်းအတွင်း နေထိုင်သူတစ်ဦးက ပြောကြားသည်။

အဆိုပါလမ်းသည် သမိုင်းဝင် အောင်မြေဇေယျ စေတီတော်မြတ်ကြီး၊ မြို့မဈေး၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ ရွှေအိုး(၂) အခြေခံပညာမူလတန်းကျောင်း အစရှိသည့် အချက်အချာကျသောနေရာများသို့ နိစ္စဓူဝ ရဟန်းရှင်လူ ပြည်သူများ၊ ကျောင်းသား ကျောင်းသူများ သွားလာနေသော လမ်းတစ်လမ်းဖြစ်ကြောင်းသိရသည်။

ဗိုလ်ပြည့်(တောင်တွင်းကြီး)

တပ်ကုန်းမြို့နယ် မဟာဘုံကထိန်ရေစက်ချ

တပ်ကုန်း နိုဝင်ဘာ ၂၀

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် (၄၇) ကြိမ်မြောက် မဟာဘုံကထိန် ရေစက်ချအခမ်းအနားကို နိုဝင်ဘာ ၁၉ ရက် မွန်းတည့် ၁၂ နာရီက မြို့နယ်ကျက်သရေဆောင် သာသနဗိမာန်တော်ကြီး၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေ၊ တပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီး သန်းဇော်ထူး၊မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်ခြောက်ရပ်ကွက်မှ အုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်အထောက်အကူပြုအဖွဲ့များ၊ စေတနာရှင်ပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ရေစက်ချအခမ်းအနား

(၄၇)ကြိမ်မြောက် မဟာဘုံကထိန် ရေစက်ချအခမ်းအနား ကျင်းပပွဲတွင် ပဒေသာပင် စုစုပေါင်းတန်ဖိုး ငွေကျပ် ၉၁၃ သိန်းကျော်ဖြစ်ကြောင်း သိရသည်။

(၄၁၇)

ပြည်တွင်းသတင်း

မြန်မာနိုင်ငံတွင် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု၊ ငြိမ်းချမ်းပြီး ကြွယ်ဝချမ်းသာသည့်အနာဂတ်ကိုရရှိမည်ဟုယုံကြည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် မွန်ဂိုလီးယားနိုင်ငံတို့အကြား ထုတ်ပြန်သည့် ပူးတွဲကြေညာချက်

နေပြည်တော် နိုဝင်ဘာ ၂၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ဖိတ်ကြားချက်အရ မွန်ဂိုလီးယားနိုင်ငံသမ္မတ မစ္စတာ အယ်လ်ဘတ်ခ်ဒေါ့ဂ်ျ ဇတ်ခ်ဟီးလ်ယာဒ်သည် ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၈ ရက်နေ့မှ ၂၁ ရက်နေ့အထိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ တရားဝင်ချစ်ကြည်ရေးခရီး လာရောက်ခဲ့သည်။

နှစ်နိုင်ငံသမ္မတတို့သည် မြန်မာ-မွန်ဂိုလီးယား နှစ်နိုင်ငံဆက်ဆံရေးကို ပွင့်လင်းရင်းနှီးစွာဖြင့် အကျိုးရှိရှိ နက်ရှိုင်းစွာ ဆွေးနွေးခဲ့ကြပြီး နှစ်နိုင်ငံအကျိုးစီးပွားနှင့်ပတ်သက်သည့် ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာကိစ္စရပ်များတွင် အမြင်ချင်းဖလှယ်ခဲ့ကြသည်။

နှစ်နိုင်ငံသမ္မတတို့သည် မွန်ဂိုလီးယားနိုင်ငံအကြီးအကဲတစ်ဦး၏ ပထမဦးဆုံးသော မြန်မာနိုင်ငံခရီးစဉ်သည် မြန်မာ-မွန်ဂိုလီးယား နှစ်နိုင်ငံဆက်ဆံရေးတွင် စာမျက်နှာသစ်ဖွင့်လှစ်နိုင်သည့်ခရီးစဉ်ဖြစ်ကြောင်းနှင့် ရှိရင်းစွဲချစ်ကြည်ရင်းနှီးစွာ ဆက်ဆံလျက်ရှိသည့် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုတိုးတက်ခိုင်မာစေရေးအတွက် အခြေခံကောင်းများ ချမှတ်နိုင်သည့်ခရီးစဉ်ဖြစ်ကြောင်း အသိအမှတ်ပြုခဲ့ကြသည်။

မြန်မာနိုင်ငံက မွန်ဂိုလီးယားနိုင်ငံအား ပုဂ္ဂလိကကဏ္ဍက ဦးဆောင်သည့် ဈေးကွက်စီးပွားရေးစနစ်နှင့် ဒီမိုကရေစီနိုင်ငံထူထောင်ရေးလုပ်ငန်းစဉ်များ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ခြင်းနှင့် ပြည်သူများအတွက် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရန် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ခြင်းများအတွက် ချီးကျူးသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ နိုင်ငံတော်သမ္မတက ၂၀၁၁-၂၀၁၃ ဒီမိုကရေစီအသိုက်အဝန်းတွင် မွန်ဂိုလီးယားနိုင်ငံမှ ဥက္ကဋ္ဌတာဝန်ထမ်းဆောင်နိုင်ခြင်းနှင့် အူလန်ဘာတာမြို့တွင် သတ္တမအကြိမ်မြောက် ဝန်ကြီးအဆင့်ဒီမိုကရေစီအသိုက်အဝန်း အစည်းအဝေးပွဲကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းများအတွက် ချီးကျူးသည်။

မွန်ဂိုလီးယားနိုင်ငံကလည်း မြန်မာနိုင်ငံက နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍမြှင့်တင်ရေး ပြုပြင်ပြောင်းလဲမှုများ ဆက်လက်ကြိုးပမ်းဆောင်ရွက်နေမှုအပေါ် ချီးကျူးကြိုဆိုခဲ့ပြီး မြန်မာနိုင်ငံတွင် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု၊ ငြိမ်းချမ်းပြီး ကြွယ်ဝချမ်းသာသည့် အနာဂတ်ကိုရရှိမည်ဟုယုံကြည်ကြောင်း ဖော်ပြခဲ့သည်။ မြန်မာနိုင်ငံမှ ကျယ်ပြန့်စွာ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဒီမိုကရေစီနိုင်ငံတော်ဖော်ဆောင်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးကာကွယ်ရေးတို့တွင် မွန်ဂိုလီးယားနိုင်ငံမှ လိုက်လျောစွာထောက်ခံပြီး ကူညီသွားမည်ဖြစ်ကြောင်း မွန်ဂိုလီးယားသမ္မတမှ ပြောကြားခဲ့သည်။

နှစ်နိုင်ငံသမ္မတတို့သည် ဒီမိုကရေစီစနစ် တည်ဆောက်ရာတွင် ပွင့်လင်းမြင်သာသည့် အုပ်ချုပ်မှုစနစ်၊ လွတ်လပ်သည့်လူ့အဖွဲ့အစည်း၊ လွတ်လပ်စွာရေးသားခွင့်၊ ဒီမိုကရေစီစနစ်အား လေ့ကျင့်သင်ကြားပေးသည့် ပညာရေးစနစ်နှင့် ဒီမိုကရေစီအလေ့အကျင့်ကို ကျင့်သုံးသည့်လူ့အဖွဲ့အစည်းရှိခြင်း၊ လူ့အခွင့်အရေးကာကွယ်ခြင်း၊ တရားဥပဒေစိုးမိုးမှုမြှင့်တင်ခြင်းတို့သည် အရေးကြီးသည့်အခန်းကဏ္ဍတွင်ပါဝင်ကြောင်း အသိအမှတ်ပြုကြပြီး အဆိုပါကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန်နှင့် အတွေ့အကြုံများဖလှယ်ရန် သဘောတူညီခဲ့ကြသည်။

မွန်ဂိုလီးယားနိုင်ငံက ဒေသတွင်းနှင့်ဒေသအပြင်တွင်ပါ ဒီမိုကရေစီစနစ် တိုးတက်ခိုင်မာလာစေရေးအတွက် ၎င်း၏အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုရန်ပုံငွေကို နှစ်နိုင်ငံနှင့် နိုင်ငံတကာပူးတွဲဆောင်ရွက်မည့်ကိစ္စရပ်များ ပံ့ပိုးကူညီရေးအတွက် သုံးစွဲရန်အဆင်သင့်ရှိကြောင်း ထုတ်ဖော်ပြောကြားပါသည်။

မွန်ဂိုလီးယားနိုင်ငံအနေဖြင့် လာမည့် ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံမှ အာဆီယံဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ခြင်းအပေါ် ဂုဏ်ယူကြောင်းနှင့် မြန်မာနိုင်ငံအာဆီယံဥက္ကဋ္ဌတာဝန်ထမ်းဆောင်စဉ်အတွင်း အာဆီယံဒေသဆိုင်ရာဖိုရမ်၏ မူဘောင်အတွင်း အာဆီယံ-မွန်ဂိုလီးယားပူးပေါင်းဆောင်ရွက်မှုပိုမိုခိုင်မာလာမည်ဟုယုံကြည်ကြောင်း ထုတ်ဖော်ပြောကြားသည်။

နှစ်နိုင်ငံစလုံးသည် ကုန်သွယ်မှု၊ သတ္တုတူးဖော်ရေး၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ ယဉ်ကျေးမှုနှင့် စီးပွားရေးကဏ္ဍများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်သွားရန်ဆန္ဒရှိကြောင်း ဖော်ပြခဲ့ကြသည်။

နှစ်နိုင်ငံသမ္မတတို့က ပညာရေးနှင့် ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်မှုများ၏အရေးပါမှုသည် နှစ်နိုင်ငံအကြားနှင့် နှစ်နိုင်ငံပြည်သူများအကြား၊ အထူးသဖြင့် နှစ်ဖက်လူငယ်များအကြား ဆက်ဆံရေးအတွက် အရေးကြီးသော အခြေခံဖြစ်ကြောင်း အလေးထားပြောကြားကြသည်။

နှစ်နိုင်ငံသမ္မတတို့သည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုတိုးချဲ့ရေးအတွက် အလားအလာများကို ရှာဖွေနိုင်ရန် နှစ်နိုင်ငံအကြား အဆင့်အသီးသီး အထူးသဖြင့် နှစ်နိုင်ငံခေါင်းဆောင်များအကြား၊ လွှတ်တော်ကိုယ်စားလှယ်များအကြား၊ အစိုးရအဖွဲ့ အဖွဲ့ဝင်များအကြားနှင့်အခြားသောအဆင့်မြင့် အရာရှိကြီးများအကြားတွင် အပြန်အလှန်လည်ပတ်မှုများ မြှင့်တင်သွားရန် သဘောတူညီကြသည်။

နှစ်နိုင်ငံသမ္မတတို့သည် ဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် မိမိတို့နိုင်ငံတွင်ရှိသည့် အားသာချက်များကိုအခြေခံ၍ ဖွံ့ဖြိုးတိုးတက်မှု အဆင့်မြှင့်တင်ရေးဟူသော တူညီသောရည်မှန်းချက်ဖြင့် နှစ်နိုင်ငံအကြား အတွေ့အကြုံများဖလှယ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့၏ အရေးပါမှုကို အလေးထားထုတ်ဖော်ကြသည်။

နှစ်နိုင်ငံသမ္မတတို့သည် ဒီမိုကရေစီနှင့်ပတ်သက်၍ နှစ်နိုင်ငံအကြား အပြန်အလှန်လေ့လာရန်နှင့် ဒီမိုကရေစီကျင့်သုံးမှုမြှင့်တင်ရေးအတွက် အတွေ့အကြုံများဖလှယ်ရန်လိုအပ်ကြောင်းကို အမြင်ချင်းဖလှယ်ကြသည်။

နှစ်နိုင်ငံသမ္မတတို့သည် ဒေသတွင်းနှင့် နိုင်ငံတကာနယ်ပယ်များ၊ အထူးသဖြင့် ကုလသမဂ္ဂနှင့် အာဆီယံတွင် တက်ကြွသည့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး၏အရေးပါမှုကို ထပ်လောင်းအတည်ပြုခဲ့ကြသည်။ မြန်မာနိုင်ငံသည် မွန်ဂိုလီးယားနိုင်ငံ၏ အာဆီယံအဖွဲ့ကြီးတွင် ဆွေးနွေးဖက်နိုင်ငံအဖြစ် ပါဝင်လိုခြင်းနှင့် အရှေ့အာရှထိပ်သီးဆွေးနွေးပွဲသို့ ပါဝင်လိုခြင်းတို့အပေါ် အာဆီယံနိုင်ငံများ၏တူညီဆန္ဒမူနှင့်အညီ ဆောင်ရွက်စဉ်းစားသွားမည်ဖြစ်သည်။

သမ္မတနှစ်ဦး၏ရှေ့မှောက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရနှင့် မွန်ဂိုလီးယားနိုင်ငံ အစိုးရတို့အကြား သံတမန်နှင့် အထူးနိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများအတွက် အပြန်အလှန် ဗီဇာကင်းလွတ်ခွင့်ဆိုင်ရာ သဘောတူညီချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် မွန်ဂိုလီးယားနိုင်ငံခြားရေးဝန်ကြီး မစ္စတာ လို့ဆန်ဝန်ဒန်ဂင် ဘိုးလ်တို့မှ လက်မှတ်ရေးထိုးခဲ့ကြပါသည်။

မွန်ဂိုလီးယားနိုင်ငံသမ္မတ မစ္စတာ အယ်လ်ဘတ်ခ်ဒေါ့ဂ်ျ ဇတ်ခ်ဟီးလ်ယာဒ်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံတော်သမ္မတဦးသိန်းစိန်အား အဆင်ပြေသည့်အချိန်တွင် မွန်ဂိုလီးယားနိုင်ငံသို့ တရားဝင်အလည်အပတ်ခရီး လာရောက်ပါရန်ဖိတ်ကြားရာ နိုင်ငံတော်သမ္မတဦးသိန်းစိန်က အဆိုပါဖိတ်ကြားချက်အား လက်ခံသည်။

မွန်ဂိုလီးယားနိုင်ငံ သမ္မတနှင့်အဖွဲ့ ရန်ကုန်မြို့အတွင်း ကြည့်ရှုလေ့လာ

ရန်ကုန် နိုဝင်ဘာ ၂၀

မွန်ဂိုလီးယားနိုင်ငံသမ္မတ မစ္စတာ အယ်လ်ဘတ်ခ်ဒေါ့ဂ်ျ ဇတ်ခ်ဟီးလ်ယာဒ်နှင့်အဖွဲ့သည် ယနေ့ ညနေ ၃ နာရီ မိနစ် ၄၀ တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်သို့ရောက်ရှိပြီး မွန်ဂိုလီးယားသမ္မတက လွမ်းသူ့ပန်းခွေချ ဂါရဝပြုသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သံလွင်လမ်းရှိ New Art Gallery ပြခန်းသို့သွားရောက်၍ ပြခန်းအတွင်း လှည့်လည်ကြည့်ရှု လေ့လာသည်။

ညပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား Chatrium Hotel ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(ယာပုံ)** **(သတင်းစဉ်)**

နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၀

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ နိုဝင်ဘာ ၂၀ရက်တွင် ထားဝယ်တိုင်းရင်းသားများပါတီက ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးလေဝသ အခြေအနေ

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ပြည်တွင်းသတင်း

မွန်ဂိုလီးယားနိုင်ငံ သမ္မတနှင့်အဖွဲ့ မြန်မာ-မွန်ဂိုလီးယားစီးပွားရေးဖိုရမ် တက်ရောက်

ရန်ကုန် နိုဝင်ဘာ ၂၀

ရန်ကုန်မြို့၌ ရောက်ရှိနေသော မွန်ဂိုလီးယားနိုင်ငံ သမ္မတ မစ္စတာ အယ်လ်ဘတ်ခ်ဒေါ့ဂျ် ဇတ်ခ်ဟီးလ်ယာဒ်နှင့်အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီက ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) မင်္ဂလာခန်းမ၌ ကျင်းပသည့် မြန်မာ-မွန်ဂိုလီးယားစီးပွားရေး ဖိုရမ်သို့ တက်ရောက်အမှာစကား ပြောကြားသည်။ **(အောက်ပုံ)**

ရှေးဦးစွာ ကုန်သည်/စက်မှု အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်က ပြည်ပစီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံ၌ လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေများရှိနေပြီ ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရန် မွန်ဂိုလီးယားစီးပွားရေးလုပ်ငန်းရှင်များအား ဖိတ်ခေါ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ကမ္ဘာ့နိုင်ငံများနှင့် မြန်မာနိုင်ငံတို့အကြား နယ်ပယ်အသီးသီးတွင် ဆက်ဆံရေးတိုးမြှင့် ဖော်ဆောင်နေသည့်အတွက် ကမ္ဘာ့စီးပွားရေး အခြေအနေ၊ အလားအလာများ၊ စိန်ခေါ်မှုများ၊ အခွင့်အလမ်းများနှင့် လိုက်လျောညီထွေဖြစ်စေရန် မြန်မာနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် နည်းဥပဒေများကို ပိုမိုသိရှိလာအောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အထူးစီးပွားရေးဇုန် သုံးခုကိုလည်း ဖော်ဆောင်လျက်ရှိပြီး လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရင်း စက်မှုကဏ္ဍကိုပါ တစ်ပြိုင်နက်တည်း ဆောင်ရွက်ကာ ခေတ်မီစက်မှုနိုင်ငံ တည်ဆောက်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ ၁၂ ခုတွင် အဓိကဦးဆောင်ကဏ္ဍမှာ စွမ်းအင်ကဏ္ဍဖြစ်ပြီး ၄၃ ဒသမ ၉၃ ရာခိုင်နှုန်း၊ ဒုတိယ အကြီးဆုံးကဏ္ဍမှာ ရေနံနှင့် ဓာတ်ငွေ့ကဏ္ဍဖြစ်ပြီး ၃၂ ဒသမ ၇၄ ရာခိုင်နှုန်း၊ တတိယကဏ္ဍမှာ သတ္တုကဏ္ဍဖြစ်ပြီး ၆ ဒသမ ၄၅ ရာခိုင်နှုန်းတို့ ဖြစ်ပါကြောင်း။

မွန်ဂိုလီးယားနိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းများ မရှိသေးသည့်အတွက် သက်ဆိုင်ရာ ကဏ္ဍများတွင် လာရောက်ရင်းနှီးမြှုပ်နှံရန် လှိုက်လှိုက်လှဲလှဲဖိတ်ခေါ်ပါကြောင်း၊ မွန်ဂိုလီးယားနိုင်ငံမှ ထွက်ရှိသည့် တာယာများ၊ ကျွတ်များ၊ အိမ်သုံးဆေးဝါးများကို မြန်မာနိုင်ငံသို့ တင်သွင်းလျက်ရှိသဖြင့် နှစ်နိုင်ငံ ကုန်သွယ်မှုမှာ ရှိနေပါကြောင်း၊ ကုန်သွယ်မှုပမာဏ နည်းပါးနေသေးသော်လည်း မကြာမီကာလအတွင်း မွန်ဂိုလီးယားနိုင်ငံ၏ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုပမာဏ တိုးတက်များပြားလာမည်ဟု ယုံကြည်ပါကြောင်း၊ ယခုတွေ့ဆုံမှုမှ နယ်ပယ်အသီးသီးတွင် ပိုမိုပူးပေါင်း ဆောင်ရွက်သွားနိုင်မည်ဟုလည်း ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဧည့်သည်တော် မွန်ဂိုလီးယားနိုင်ငံ သမ္မတ မစ္စတာ အယ်လ်ဘတ်ခ်ဒေါ့ဂျ် ဇတ်ခ်ဟီးလ်ယာဒ်က မြန်မာနှင့်မွန်ဂိုလီးယားနိုင်ငံတို့သည် ၁၉၅၆ ခုနှစ်ကတည်းက သံတမန်ဆက်ဆံရေး ထူထောင်ခဲ့ပါကြောင်း၊ မွန်ဂိုလီးယားနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ယဉ်ကျေးမှုချင်း၊သဘောသဘာဝချင်း နီးစပ်သည့်အတွက် ကောင်းမွန်သည့် ဆက်ဆံရေးကို ထူထောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မွန်ဂိုလီးယားနိုင်ငံ၏ အဓိက စီးပွားရေးလုပ်ငန်းသည် ခရီးသွားလုပ်ငန်းဖြစ်၍ မကြာမီ နှစ်နိုင်ငံ Charter များကို ပျံသန်းသွားရန် အစီအစဉ်ရှိပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့်လည်း ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလတွင် စိန်ခေါ်မှုများစွာကို ရင်ဆိုင်ခဲ့ရပါကြောင်း၊ မြန်မာနိုင်ငံသည်လည်း ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလဖြစ်သည့်အတွက် စိန်ခေါ်မှုများရှိနိုင်ပါကြောင်း၊ မကြာမီတွင် အခြားဖွံ့ဖြိုးတိုးတက်နေသည့်နိုင်ငံများနည်းတူ တိုးတက်ဖွံ့ဖြိုးလာမည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

စီးပွားရေးဖိုရမ်သို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနှင့် မွန်ဂိုလီးယားနှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အခမ်းအနားအပြီးတွင် မြန်မာနှင့် မွန်ဂိုလီးယား နှစ်နိုင်ငံစီးပွားရေး လုပ်ငန်းရှင်များသည် Current Economic and Financial Situation in Mongolia နှင့် Development Investment Environment and Policies of Mongolia အကြောင်းနှင့်စပ်လျဉ်း၍ အပြန်အလှန် ဆွေးနွေးကြကြောင်း သိရသည်။

(သတင်းစဉ်)

မွန်ဂိုလီးယားသမ္မတ ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ဟောပြော

ရန်ကုန် နိုဝင်ဘာ ၂၀

မြန်မာနိုင်ငံ၌ ရောက်ရှိနေသော မွန်ဂိုလီးယားနိုင်ငံသမ္မတ မစ္စတာ အယ်လ်ဘတ်ခ်ဒေါ့ဂျ်ဇတ်ခ်ဟီးလ်ယာဒ်သည် ယနေ့မွန်းတည့် ၁၂ နာရီက ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ မွန်ဂိုလီးယားနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးဆိုင်ရာအတွေ့အကြုံများ (Reform experiences in Mongolia) ခေါင်းစဉ်ဖြင့်ဟောပြောခဲ့သည်။ (အပေါ်ပုံ)

အဆိုပါ ဟောပြောပွဲတွင် မွန်ဂိုလီးယားသမ္မတက မွန်ဂိုလီးယားနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် အုပ်ချုပ်ရေးကဏ္ဍများ တွင် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများကို အဓိကထား ပြောကြားသည်။

မွန်ဂိုလီးယားနိုင်ငံသည် ၁၉၆၁ ခုနှစ်တွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ဖြစ်လာခဲ့ပါကြောင်း၊ အဖွဲ့ဝင်ဖြစ်လာပြီးနောက်နောက်တစ်နှစ်မှစ၍ မြန်မာနိုင်ငံသား ဦးသန့်က ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပါကြောင်း။

မိမိတို့နိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးအတွေ့အကြုံများကို မျှဝေလိုပါကြောင်း၊ မိမိသည် ဆင်းရဲသောမိသားစုမှ ဆင်းသက်ပေါက်ဖွားခဲ့ပါကြောင်း၊ မိသားစုမှာ ဘဝအတွက် ခက်ခက်ခဲခဲ ရုန်းကန်လှုပ်ရှားခဲ့ရပါကြောင်း။

လူဦးရေ ၂ ဒသမ ၉သန်း နေထိုင်သော မွန်ဂိုလီးယားနိုင်ငံ၌ နှစ်ပေါင်း ၇၀ ကြာမျှ ကွန်မြူနစ်စနစ်ကို ကျင့်သုံးခဲ့ပြီး ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများ တိုးတက်ရရှိစေရေးအတွက် ပြည်သူတို့၏ဆန္ဒ ဖော်ထုတ်မှုများ အတောမသတ်ဖြစ်ပေါ်ခဲ့ပါကြောင်း၊ ဒီမိုကရေစီလှုပ်ရှားမှုတွင် မိမိလည်း ပြည်သူတို့နှင့်အတူ ပါဝင်လှုပ်ရှားခဲ့ပါကြောင်း။

နိုင်ငံတစ်နိုင်ငံထူထောင်ရာတွင် အခြေခံအကျဆုံး အချက်များအဖြစ် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားညီညွတ်ရေးတို့နှင့်ပြည့်စုံရန်လိုအပ်ပါကြောင်း၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ကြိုးပမ်း ဆောင်ရွက်ရာတွင်လည်း ဥပဒေများ အတည်ပြုပြဋ္ဌာန်းပြီး လေးစားလိုက်နာရန် လိုအပ်ပါကြောင်း၊ ကျင့်ဝတ်ရှိပြီး တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများကို ထူထောင်ရမည်ဖြစ်ကာ နည်းပညာရရှိရေးအတွက်လည်း ကြိုးပမ်းရန် လိုအပ်ပါကြောင်း၊ ဒီမိုကရေစီ စံနှုန်းများရှိလာစေရန်လည်း ကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း၊ ပြည်သူများသည် စီးပွားရေးလုပ်ငန်းများကို လွတ်လပ်စွာ လုပ်ကိုင်ခွင့်ရရှိရန် လိုအပ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် အမျိုးသားလုံခြုံရေး ထိပါးနိုင်သော ကိစ္စရပ်မှလွဲ၍ စီးပွားရေးလုပ်ငန်းများကို လွတ်လွတ်လပ်လပ် လုပ်ကိုင်ခွင့် ပေးထားပါကြောင်း။

မြန်မာနိုင်ငံ၌ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို ကဏ္ဍပေါင်းစုံမှနေ၍ အစိုးရကလုပ်ဆောင်နေပါကြောင်း၊ စီးပွားရေးပိတ်ဆို့မှုများလည်း မရှိတော့သဖြင့် ကမ္ဘာအရပ်ရပ်နှင့် တွေ့ထိ ဆက်ဆံမှုများပြားလာပါကြောင်း၊ မိမိနိုင်ငံသည်လည်း မြန်မာနိုင်ငံ အပါအဝင် အရှေ့တောင်အာရှ ဒေသတွင်းရှိ နိုင်ငံများနှင့် ဆက်ဆံရေး မြှင့်တင်လျက်ရှိပါကြောင်း၊ အသွင်ကူးပြောင်းမှုအတွေ့အကြုံများကိုမျှဝေရင်း ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူများ ကြွယ်ဝချမ်းသာမှုတို့အတွက် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် တက်ရောက်လာသူများထဲမှ မေးမြန်းချက်များကို သမ္မတက ပြန်လည်ဖြေကြားသည်။ နိုင်ငံဖွံ့ဖြိုးရေးအတွက် တက္ကသိုလ်ပညာရေး အပါအဝင် ပညာရေးကဏ္ဍအရေးကြီးပုံကိုလည်းကောင်း၊ နိုင်ငံတော်၏ စီးပွားရေးနှင့် လူမှုရေးဘဝများ တိုးတက်ပြောင်းလဲရေးတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာတို့ အသုံးပြုရန် လိုအပ်ပုံကိုလည်းကောင်း၊ e-Government စနစ်ဖော်ဆောင်ရန် အရေးကြီးပုံကိုလည်းကောင်း၊ နိုင်ငံတော်ပြုပြင်ပြောင်းလဲရေးပြုလုပ်ရာတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍနှင့် ပါဝင်ဆောင်ရွက်မှုတို့ အရေးကြီးပုံကိုလည်းကောင်း၊ နိုင်ငံတည်ဆောက်မှု ပြုလုပ်ရာတွင် အစိုးရအဖွဲ့နှင့် တာဝန်ရှိသူများအဆင့်ဆင့်၊ တရားစီရင်ရေးဆိုင်ရာ တာဝန်ရှိသူများ အဆင့်ဆင့် စေတနာမှန်ရန်နှင့် အဂတိတရား ကင်းဝေးရန်လိုအပ်ပုံကိုလည်းကောင်း၊ ဥပဒေများနှင့်အညီ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရန် အရေးကြီးပုံကိုလည်းကောင်း၊ ပြည်သူများအနေဖြင့်လည်း တရားဥပဒေကို လေးစားလိုက်နာကာ အလုပ်ကြိုးစား လုပ်ကိုင်ရန် လိုအပ်ပုံကိုလည်းကောင်း၊ နိုင်ငံတော် တည်ဆောက်ပြုပြင် လုပ်ငန်းစဉ်တွင် သတင်းမီဒီယာများက ပြည်သူ့အကျိုးစီးပွားအလို့ငှာ ရေးသား ဖော်ပြရန် လိုအပ်ပုံကိုလည်းကောင်း၊ မိမိနိုင်ငံ အပါအဝင် ကမ္ဘာ့နိုင်ငံများမှ ပြုပြင်ပြောင်းလဲရေး အတွေ့အကြုံများ မျှဝေရင်း ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပုံကိုလည်းကောင်း သမ္မတက ပြန်လည် ဖြေကြားရာတွင် အလေးအနက်ပြု ပြောကြားခဲ့သည်။

ယနေ့ကျင်းပသော ဟောပြောပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါက်တာဇော်မင်းအောင်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြနှင့်သရုပ်ပြများ၊ ကျောင်းသား ကျောင်းသူများ၊ စိတ်ပါဝင်စားသူ ပြည်သူများနှင့် သတင်းမီဒီယာများ တက်ရောက်ကြသည်။

(သတင်းစဉ်)

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပါဝင်သော မီးထွန်းညှိတိုင်အား စတင်အသုံးပြုလေ့ကျင့်နေပြီဖြစ်

နေပြည်တော် နိုဝင်ဘာ ၂၀

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၁ ရက်တွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

ဖွင့်ပွဲအခမ်းအနားတွင်ပါဝင်သော မီးထွန်းညှိတိုင် (torch) စတင်ထွန်းညှိပြီးနောက် နေပြည်တော်သို့ လက်ဆင့်ကမ်း သယ်ယူကာ ပင်မမီးရှူးတိုင်ကြီးကို မြန်မာ့သူရဲကောင်းတစ်ဦးက မြားဖြင့်ပစ်၍ မီးထွန်းညှိဖွင့်လှစ်မည်ဟု သိရသည်။

အစီအစဉ်တွင် အသုံးပြုမည့်မီးထွန်းညှိတိုင်များကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ CAEG (China Arts and Entertainment Group) နှင့် Dentsu Sports ASIA PTE LTD တို့က ပံ့ပိုးကူညီခဲ့သည်ဟုသိရပြီး သယ်ယူမည့် မီးထွန်းညှိတိုင်အား စတင်အသုံးပြုလေ့ကျင့်နေပြီဖြစ်သည်ကို ပုံပါအတိုင်းတွေ့မြင်ရမည်ဖြစ်သည်။ **(သတင်းစဉ်)**



ပြည်သူလူထုအတွင်း တီဘီရောဂါတိုက်ဖျက်ရေး ပညာပေးလုပ်ငန်း ဆန်းစစ်ဆွေးနွေး

နမ့်ခမ်း နိုဝင်ဘာ ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော ပြည်သူလူထုအတွင်း တီဘီရောဂါတိုက်ဖျက်ရေး ပညာပေးလုပ်ငန်း ဆန်းစစ်ဆွေးနွေးပွဲ(ဒုတိယနှစ်ဝက်) အခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ နိုဝင်ဘာ ၁၄ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီလာအေးက အမှာစကားပြောကြားပြီး နမ့်ခမ်းမြို့နယ် ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ နန်းနွမ်းခမ်းက တီဘီရောဂါတိုက်ဖျက်ရေး ပညာပေးလုပ်ငန်း အကြောင်း ရှင်းလင်းပြောကြားကာ တီဘီရောဂါလူနာရှင်များအား အလှူငွေ ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်ပြီး ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်အမျိုးသမီး ရေးရာအဖွဲ့ အဖွဲ့ဝင်များက သက်ကြီးရွယ်အို ၁၆ ဦးတို့အား အစားအာဟာရနှင့် အလှူငွေများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဉာဏ်မင်း(နမ့်ခမ်း)**

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မလေးရှား ရေတပ်ဦးစီးချုပ်အား လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၂၀

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မလေးရှားရေတပ်ဦးစီးချုပ် Admiral Tan Sri Abdul Aziz Jaafar အား ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် အာဆီယံအဖွဲ့ဝင် နိုင်ငံများဖြစ်သည်နှင့်အညီ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ပိုမိုကျယ်ပြန့်စွာ ပူးပေါင်းဆောင်ရွက်ရေး၊ အပြန်အလှန်ထိတွေ့ဆက်ဆံမှုနှင့် Navy to Navy Talk မှတစ်ဆင့် ကြည်း၊ ရေ၊ လေ ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ပင်လယ်ပြင်မှ တရားမဝင်ဝင်ရောက်မှုများ၊ တရားမဝင်ငါးဖမ်းခြင်းများအား ပူးပေါင်းညှိနှိုင်း ဖြေရှင်းဆောင်ရွက်ရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ထိုသို့ လက်ခံတွေ့ဆုံရာတွင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး မလေးရှားရေတပ်ဦးစီးချုပ် Admiral Tan Sri Abdul Aziz Jaafar နှင့်အတူ မလေးရှားရေတပ်မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံ စစ်သံမှူး Colonel Gan Seng Lock တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(မြဝတီ)

ပြည်တွင်းသတင်း

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မလေးရှားရေတပ်ဦးစီးချုပ် **Admiral Tan Sri Abdul Aziz Jaafar** အား လက်ဆောင်ပစ္စည်းပေးအပ်စဉ်။ (မြဝတီ)

❍ *ကျောဖုံးမှ*

စိတ်ဝင်စားဖွယ် စိုက်ထူထားသည်ကို တွေ့ရသည်မှာ ဆီးဂိမ်းပွဲတော်တွင် တစ်နိုင်ငံလုံး အားပေးကူညီလိုစိတ်များ ဖြစ်ပေါ်စေသည်။

ထို့အတူ ဆီးဂိမ်းပွဲတော်ကို ကြိုဆိုသောအားဖြင့် ကားလမ်းဖြတ်မြေစိုက် ပိုစတာကြီးတစ်ခုကိုလည်း ခံ့ညားထည်ဝါစွာ စိုက်ထူထားသည်ကို တွေ့ရသည်။ အဆိုပါ မြေစိုက်ပိုစတာကြီးတွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်၊ ဒုတိယသမ္မတများ ဖြစ်ကြသည့် ဒေါက်တာ စိုင်းမောက်ခမ်း၊ ဦးညဏ်ထွန်း၊ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်တို့ ဆီးဂိမ်းကြိုဆိုဂုဏ်ပြု ဖိတ်ခေါ်ပုံများကိုလည်း တွေ့မြင်ရသည်။

နေပြည်တော်၏ ယာဉ်အသွားအလာများပြားသော ကားလမ်းမများတွင် ဆီးဂိမ်းပွဲတော်လှုံ့ဆော်သည့် ဗီနိုင်းများကိုလည်း ခပ်စိပ်စိပ် ဆင်ယင်ပြုလုပ်ထားရာ နေ့စဉ် သွားလာလှုပ်ရှားနေသော ပြည်သူများအဖို့ ဆီးဂိမ်းကို အိမ်ရှင်အဖြစ် ဂုဏ်ယူစွာကျင်းပနိုင်မည့်စိတ်ဓာတ်များ ကိန်းအောင်းစေလျက်ရှိသည်။

နေပြည်တော်တွင် ကျင်းပမည့် ဆီးဂိမ်း အားကစားနည်းပွဲစဉ်များ ကျင်းပရန်ပြင်ဆင်ထားသော ဝဏ္ဏသိဒ္ဓိအားကစားရုံနှင့် အားကစားကွင်းများအနီးတွင် လည်းကောင်း၊ ကားလမ်းတစ်လျှောက်နေရာများတွင် လည်းကောင်း အားကစားနည်းအလိုက် ဗီနိုင်းများ ချိတ်ဆွဲထူထောင်ထားပြီဖြစ်ရာ ပြိုင်ပွဲလာ ပြည်ပနိုင်ငံမှ အားကစားသမားများအတွက် စိတ်ဓာတ်တက်ကြွစရာပင် ဖြစ်သည်။

နေပြည်တော်တွင် ဆီးဂိမ်းပြိုင်ပွဲများကျင်းပမည့် အားကစားရုံနှင့် အားကစားကွင်းများ အားလုံး ရာနှုန်းပြည့် တည်ဆောက်ပြင်ဆင်ထားပြီးဖြစ်ရာ ဆီးဂိမ်းပွဲတော်ကြီးကို အောင်မြင်စွာကျင်းပနိုင်ရေး အသင့်အနေအထားရှိနေပြီဖြစ်သည်။

(မြန်မာ့အလင်း)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ကုလသမဂ္ဂပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအစဉ်ညွှန်ကြားရေးမှူးတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၂၀

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ကုလသမဂ္ဂပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ် (UNEP) ၏ အပြည်ပြည်ဆိုင်ရာနည်းပညာဌာနမှ ညွှန်ကြားရေးမှူး မစ္စတာစူ ရန်ဒရာရှ(စ်)သာသည် ယနေ့ နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုတွင် အဓိကကျသော ကိစ္စရပ်တစ်ရပ်ဖြစ်သည့် စွန့်ပစ်ပစ္စည်း ထိန်းသိမ်းရေးကဏ္ဍနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် အဆောင်ထားမည်

နေပြည်တော် နိုဝင်ဘာ ၂၀

ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၏ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ပထမပတ်တွင် စတင်ဖွင့်လှစ်မည့် သင်တန်းအသီးသီးသို့ တက်ရောက်မည့် ကျောင်းသား ကျောင်းသူများအနက် ပထမနှစ်တက်ရောက်မည့် စည်ပင်သာယာနယ်နိမိတ်ပြင်ပမှ လာရောက်သော ကျောင်းသား ကျောင်းသူအသစ်များကို ဦးစားပေး၍ အဆောင်ထားရန်စီစဉ်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်၊ စစ်ကိုင်းပညာရေးတက္ကသိုလ်၊ မြစ်ကြီးနားတက္ကသိုလ်တို့တွင် အတန်းအားလုံး၏ ကျောင်းသား ကျောင်းသူများအား အဆောင်ထားမည်ဖြစ်ပြီး ကျန်တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်အချို့တွင် ပထမနှစ် ကျောင်းသား ကျောင်းသူများကိုသာ ဦးစားပေး အဆောင်ထားမည်ဖြစ်သည်။

လက်ရှိ ရှိပြီးဖြစ်သောအဆောင်များတွင် အဆောင်နေရာချထားပေးမည်ဖြစ်သကဲ့သို့ အဆောင်မရှိသေးသော တက္ကသိုလ်များတွင်လည်း အဆောက်အအုံသစ်များ တိုးချဲ့ဆောက်လုပ်ထားပြီးဖြစ်သဖြင့် ကျောင်းသား ကျောင်းသူများအတွက် အဆောင်အဖြစ် အသုံးပြုနိုင်သော နေရာရရှိလာစေရေးကို ဦးစားပေးစီစဉ်ဆောင်ရွက်လျက်ရှိသည်။ စားသောက်ရေးကိစ္စကို သင့်တင့်သောဈေးနှုန်းဖြင့် စားသောက်နိုင်ရေးအတွက် တာဝန်ရှိသူများက ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။ ရှေ့ပညာသင်နှစ်များတွင် အဆောင်သစ်များကို နိုင်ငံတော်နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်း၍ တိုးချဲ့ဆောက်လုပ်ရန် ဖိတ်ခေါ်ဆောင်ရွက်သွားမည်ဖြစ်သည်။

တက္ကသိုလ်ကျောင်းသားများကိုလည်း စည်းကမ်းရှိရှိဖြင့် တက္ကသိုလ်ကျောင်းသားပီသစွာ နေထိုင်ပြုမူရေးကို လေ့ကျင့်သင်ကြားပေးမည်ဖြစ်သကဲ့သို့ ကျောင်းသား ကျောင်းသူများအတွက် တက္ကသိုလ်ရုပ်ပတ်ဝန်းကျင်ကောင်းများ ပြည့်စုံစွာ ဖြည့်ဆည်းပေးရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

● *ကျောဖုံးမှ*

ဂျပန်ယူ-၂၀ - သုံးဂိုး
မြန်မာယူ-၂၃ - တစ်ဂိုး

ဆီးဂိမ်းမတိုင်မီကစားသည့် နိုင်ငံတကာ ခြေစမ်းပွဲနောက်ဆုံးပွဲစဉ်မှာ မြန်မာယူ-၂၃ အသင်းမှာ ရလဒ်မကောင်းဘဲ ရှုံးပွဲကြုံတွေ့ခဲ့ရသည်။ မြန်မာအသင်းသည် ဂျပန်ယူ-၂၀ အသင်းနှင့် ခြေစွမ်းပိုင်းအရကွာခြားမှုရှိသော်လည်း လက်ရှိအချိန်ထိ လိုအပ်ချက်များ ရှိနေဆဲဖြစ်သည်။ ပွဲအစ ရှစ်မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် ကိုနိုက ဂျပန်အသင်းအတွက် ဂိုးစတင်သွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် ဂျပန်အသင်းက ပုံမှန်သာ ကစားသွား၍ မြန်မာအသင်းအခွင့်အရေးပြန်ရခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။ ၇၁ မိနစ်တွင် တာနာဘီ၊ ၇၄ မိနစ်တွင် မီနာမီတို့က ဂျပန်အတွက် ဂိုးများထပ်မံသွင်းယူခဲ့ပြီး မြန်မာအတွက် ချေပဂိုးကို ၈၉ မိနစ်တွင် ကောင်းစည်သူကသွင်းယူခဲ့သည်။

မြန်မာယူ-၂၃ အသင်းတွင် ဂိုး-ပြည့်ဖြိုးအောင်၊ နောက်တန်း-သက်နိုင်၊ အောင်ဇော်၊ ဇော်မင်းထွန်း၊ စည်သူအောင်၊ အလယ်တန်း-ဒေးဗစ်ဒန်း(နေလင်းထွန်း)၊ ရဲလင်းအောင် (ထူးထူးအောင်)၊ ဆက်ဖြိုးဝေ (ကျော်မင်းဦး)၊ အောင်သူ (သိန်းသန်းဝင်း) ကျော်ဇေယျဝင်း၊ ရှေ့တန်း-ကျော်ကိုကို(ကောင်းစည်သူ) တို့ ပါဝင်ကစားခဲ့သည်။

သတင်း-ညီမြတ်သော်တာ
ဓာတ်ပုံ-စိုးညွန့်

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မိဘပြည်သူများသို့ အသိပေးတင်ပြချက်

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ မိုက္ကရိုဝေ့ဖ်စခန်း၊ GSM BTS မိုဘိုင်းရေဒီယိုစခန်းနှင့် DMS-10/ DAEWOO TDX-1B အော်တိုအိတ်ချိန်းများသည် ၁၇-၁၁-၂၀၁၃ ရက် ၀၀း၄၅ နာရီ အချိန်ခန့်တွင် မိုးကြိုးလျှပ်စီးဝင်ရောက်ခဲ့သည့်အတွက် ပဲခူးမြို့ရှိအော်တိုတယ်လီဖုန်း ၅၀၀၀ ခန့်၊ ဝေါ၊ ပြွန်တန်ဆာ၊ ပျဉ်ပုံကြီး၊ ကဝ၊ သနပ်ပင်၊ ညောင်လေးပင်၊ ရွှေကျင်/မဒေါက်၊ ဘုရားကြီး၊ ကျောက်ကြီး၊ သက္ကလနှင့် ဥဿာမြို့သစ်နယ်အိတ်ချိန်းများ၏ အဝေးလိုင်းများနှင့် ပဲခူးမြို့ မိုက္ကရိုဝေ့ဖ်စခန်း၌ တပ်ဆင်ထားသော GSM BTS စခန်းဝန်းကျင်ရှိ GSM တယ်လီဖုန်းများအဆက်အသွယ်ပြတ်တောက်ခဲ့ပါသည်။ ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၁၉-၁၁-၂၀၁၃ ရက်နေ့ နံနက်ပိုင်းတွင် အဝေးလိုင်းများ ပြုပြင်ပြီးစီး၍ ပဲခူးမြို့တွင်း တယ်လီဖုန်း ၄၁၀၀ ခန့်နှင့် နယ်အော်တိုအိတ်ချိန်းများ အဆက်အသွယ်ပြန်လည်ရရှိလျက်ရှိပါသည်။ ချွတ်ယွင်းဆဲဖြစ်သည့် ပဲခူးမြို့ GSM BTS စခန်းနှင့် ဝေါအော်တိုအိတ်ချိန်း အဝေးလိုင်းများအား လိုအပ်သည့် စက်ပစ္စည်းများပို့ဆောင်၍ ဆက်သွယ်မှု အမြန်ဆုံးကောင်းမွန်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း အသိပေးတင်ပြအပ်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

မိတ္ထီလာမြို့နယ်အတွင်း သန်းခေါင်စာရင်းဆိုင်ရာ ဟောပြော

မိတ္ထီလာ နိုဝင်ဘာ ၂၀

မိတ္ထီလာမြို့နယ်တွင်းရှိ ပြည်သူများသန်းခေါင် စာရင်းကောက်ယူရေး လုပ်ငန်းများကို ပိုမိုနားလည် သိရှိ နိုင်ရေးအတွက် ပညာပေးဟောပြောပွဲများနှင့် ဆွေးနွေးပွဲ များကို မိတ္ထီလာခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနကကြီးမှူး၍ ရပ်ကွက်နှင့် ကျေးရွာများအတွင်း ကွင်းဆင်းဟောပြောလျက်ရှိကြောင်း သိရသည်။

တင်လှိုင်(မိတ္ထီလာ)

ပြင်ဆင်ဖတ်ရှုပါရန်

နိုဝင်ဘာ ၂၀ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၅) တွင်ပါရှိသော ရန်ကုန်-မန္တလေး လမ်းပိုင်းတွင် ရထားပြေးဆွဲချိန်လျှော့ချသည့်သတင်းခေါင်းစဉ်အောက်တွင် အမှတ်(၅) အဆန်၏ ရန်ကုန်မှ ထွက်ချိန် (၀၅း၀၀)နာရီ အချိန်အစား (၁၅း၀၀) နာရီအချိန်အဖြစ် ပြင်ဆင်ဖတ်ရှုပါရန်။

တောင်ငူမြို့ ချမ်းမြေ့တည်းခိုခန်း ဗုံးပေါက်ကွဲမှုတွင် အဓိကပါဝင်ပတ်သက်သူ စောထွန်းထွန်းအားဖမ်းမိ

တောင်ငူ နိုဝင်ဘာ ၂၀

တောင်ငူမြို့ ကန်လမ်းရှိ ချမ်းမြေ့တည်းခိုခန်းတွင် အောက်တိုဘာ ၁၁ ရက် ည ၈ နာရီ မိနစ် ၄၀ က ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦး သေဆုံးကာ အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိခဲ့သည်။ အဆိုပါပေါက်ကွဲမှု၏ အဓိကပါဝင်ပတ်သက်သူ စောထွန်းထွန်း (၃၄ နှစ်)မေတ္တာရပ်ကွက် ကျောက်ကြီးမြို့နေသူအား နိုဝင်ဘာ ၁၈ ရက် နံနက် ၆ နာရီ ၄၅ မိနစ်တွင် ကေအင်န်ယူဆက်ဆံရေးရုံးက ဖမ်းဆီးရမိကြောင်း သိရသည်။ **(ယာပုံ)**

ကေအင်န်ယူအဖွဲ့အနေနှင့် ပေါက်ကွဲမှုဖြစ်စဉ်များနှင့်ပတ်သက်ပြီး အလိုရှိနေသည့် ပြစ်မှုကျူးလွန်သူများကို အစိုးရအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ပေးမည်ဟု ကတိရှိခဲ့သည့်အတိုင်း အခင်းဖြစ်ပြီး ရက်သတ္တပတ်ငါးပတ်အကြာတွင် ပေါက်ကွဲမှု၌ အဓိကပါဝင်သူ စောထွန်းထွန်းအား ကေအင်န်ယူဆက်ဆံရေးရုံးမှ တာဝန်ရှိသူများက ကျောက်ကြီးမြို့ ရဲစခန်းသို့ လာရောက်အပ်နှံခဲ့ပြီးတောင်ငူမြို့နယ်မှ သက်ဆိုင်ရာတာဝန်ရှိသူများက ထပ်မံလွှဲပြောင်း ရယူဖမ်းဆီးခဲ့သည်။

နိုဝင်ဘာ ၁၉ ရက် နံနက်ပိုင်းတွင် ရမန်ကြီးယူပြီး ဆက်လက်စစ်ဆေးခဲ့ရာ ညနေပိုင်းတွင် ဖြောင့်ချက်ပေးဝန်ခံထွက်ဆိုခဲ့ပြီးဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။ **သူရ(တောင်ငူ)**

အရိပ်လည်းရ ဝန်းကျင်လှ
သစ်ပင်စိုက်ပျိုးကြ

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေအကြောင်း သိကောင်းစရာ

နိုင်ငံတော်တစ်ဝန်းလုံး ခြိမ့်ခြိမ့်သဲသဲ ဆောင်ရွက်ကြတော့မည့် ၂၀၁၄ ခုနှစ် မတ်လ ၃၀ ရက်နေ့မှ ဧပြီလ ၁၀ ရက်နေ့အထိ ၁၂ ရက်ကြာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကြီး စတင်တော့မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ပြည်လုံးကျွတ်အဆင့် သန်းခေါင်စာရင်းကောက်ယူခြင်းများကို ၁၉၇၃ ခုနှစ်တွင် တစ်ကြိမ်နှင့် ၁၉၈၃ ခုနှစ်တွင်တစ်ကြိမ် ကောက်ယူခဲ့ရာ ၁၉၇၃ ခုနှစ် သန်းခေါင်စာရင်းကောက်ယူခြင်းအတွက် လိုအပ်သော သန်းခေါင်စာရင်းဥပဒေကို ၁၉၇၂ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး ယင်းဥပဒေကိုပင် ၁၉၈၃ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရာတွင်လည်း ဆက်လက်အသုံးပြုခဲ့ပါသည်။ သို့ရာတွင် ၂၀၁၄ ခုနှစ်တွင် ဆောင်ရွက်မည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းလုပ်ငန်းအတွက်ဆိုလျှင် ပြောင်းလဲလာသော နိုင်ငံတော်၏ အခြေအနေနှင့်အညီ ပိုမိုပြည့်စုံသော သန်းခေါင်စာရင်းဥပဒေလိုအပ်ပါသည်။

ထို့ကြောင့် ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူရာတွင် နိုင်ငံတော်၏ လူဦးရေ၊ တိရစ္ဆာန်၊ အဆောက်အအုံ၊ ပစ္စည်း၊ လုပ်ငန်းစာရင်းများနှင့် စာရင်းအင်းဆိုင်ရာ အချက်အလက်များကို တိကျမှန်ကန်စွာ ရရှိနိုင်ရန် သန်းခေါင်စာရင်းကောက်ယူခြင်း၊ ယင်းသို့ ကောက်ယူရာတွင် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ကောက်ယူခြင်းနှင့် ယင်းစာရင်းဇယားများကို အခြေခံ၍ နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စများတွင် အကျိုးရှိစွာ အသုံးချခြင်းတို့ပြုနိုင်ရန် ဥပဒေတစ်ရပ် မရှိမဖြစ် လိုအပ်သည့်အတွက် ပြည်ထောင်စုလွှတ်တော်သည် ၂၀၁၃ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၉/၂၀၁၃ဖြင့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေကို ၂၀၁၃ ခုနှစ် ဇူလိုင်လ ၂၉ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီးဖြစ်သည်။

လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေတွင် အခန်း (၇)ခန်းနှင့် ဥပဒေပုဒ်မပေါင်း (၂၇) ခုပါဝင်သည်။ အခန်း(၁) အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်တွင် ဥပဒေပါစကားရပ်များ၏အဓိပ္ပာယ်ကိုဖော်ပြထားပါသည်။ အခန်း(၂) သန်းခေါင်စာရင်းကောက်ယူခွင့်ကို ဥပဒေပုဒ်မ ၃၊ ၄ တို့ဖြင့် ပြဋ္ဌာန်းထားရာ အစိုးရအဖွဲ့သည် ဥပဒေပုဒ်မ ၃(က)အရ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင်ဖြစ်စေ၊ တစ်စိတ်တစ်ဒေသတွင်ဖြစ်စေ သန်းခေါင်စာရင်းကောက်ယူနိုင်သည်။ ဥပဒေပုဒ်မ ၃(က)အရ သန်းခေါင်စာရင်းကောက်ယူရန် ခက်ခဲသော နေရာဒေသများအတွက် ကောက်ယူနိုင်မည့် နည်းလမ်းများကို လေ့လာသုံးသပ်၍ အသင့်လျော်ဆုံးနည်းဖြင့် ကောက်ယူနိုင်သည်ဟု ပါရှိသည်။ ပုဒ်မ ၄ တွင် သန်းခေါင်စာရင်းကောက်ယူရာတွင် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် ညီညွတ်မှုရှိစေရန်အတွက် ထည့်သွင်းဆောင်ရွက်ရမည့်မှုနှင့် အကြံပြုချက်များကို ဖော်ပြထားပါသည်။

အခန်း(၃) ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဖွဲ့စည်းခြင်းနှင့် ယင်း၏တာဝန်နှင့်လုပ်ပိုင်ခွင့်များတွင် ဥပဒေပုဒ်မ ၅ မှ ၉ အထိပါရှိပြီး ပုဒ်မ ၅ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ကို ဖွဲ့စည်းခြင်း၊ ပုဒ်မ ၆ နိုင်ငံတော်သမ္မတက ဒုတိယသမ္မတတစ်ဦးအား ဗဟိုသန်းခေါင်စာရင်းကော်မရှင်၏ နာယကအဖြစ် တာဝန်ပေးအပ်ခြင်း၊ ပုဒ်မ ၇ အစိုးရအဖွဲ့က ဗဟိုသန်းခေါင်စာရင်းကော်မရှင်ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းခြင်း-

(က)	ပြည်ထောင်စုဝန်ကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန	ဥက္ကဋ္ဌ
(ခ)	သက်ဆိုင်ရာဝန်ကြီးဌာနမှပြည်ထောင်စုဝန်ကြီးများ	ဒုတိယဥက္ကဋ္ဌနှစ်ဦး
(ဂ)	သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းနှင့် ဆက်စပ်ဆောင်ရွက်ရမည့် ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ	အဖွဲ့ဝင်များ
(ဃ)	ဒုတိယဝန်ကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန	အတွင်းရေးမှူး

ပုဒ်မ ၈ ဗဟိုသန်းခေါင်စာရင်းကော်မရှင်၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်းနှင့် ပုဒ်မ ၉ ဗဟိုသန်းခေါင်စာရင်းကော်မရှင်၏ လုပ်ပိုင်ခွင့်များကို သတ်မှတ်ခြင်းတို့ ပါရှိပါသည်။

အခန်း(၄) သန်းခေါင်စာရင်းကောက်ယူခြင်းတွင် ပုဒ်မ ၁၀ မှ ပုဒ်မ ၁၃ အထိ ပါဝင်ပြီး ပုဒ်မ ၁၀ အရ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ရန် သန်းခေါင်စာရင်းတာဝန်ခံအဖြစ် ပြည်သူ့အင်အားဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ကို ခန့်အပ်ခြင်းနှင့် ပုဒ်မ ၁၁ တွင် သန်းခေါင်စာရင်းတာဝန်ခံအရာရှိ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်ကို ဖော်ပြထားပါသည်။ ပုဒ်မ ၁၂တွင် သက်ဆိုင်ရာ တာဝန်ရှိအဖွဲ့၊ စာရင်းစစ်များနှင့် စာရင်းကောက်များ၏ လုပ်ပိုင်ခွင့်ကို ပုဒ်မခွဲ(က)တွင်လည်းကောင်း၊ ပြည်သူများမှလိုက်နာဆောင်ရွက်ရမည့် တာဝန်များကို ပုဒ်မခွဲ(ခ) နှင့်(ဂ)တွင်လည်းကောင်း ဖော်ပြထားပါသည်။ ပုဒ်မ ၁၃ တွင် ဗဟိုသန်းခေါင်စာရင်းကော်မရှင်အနေဖြင့် သန်းခေါင်စာရင်းကောက်ယူရေးအတွက် စာရင်းစစ်များနှင့် စာရင်းကောက်များကို ခန့်အပ်တာဝန်ပေးရာတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများဖြစ်သည့် တပ်ရင်းတပ်ဖွဲ့ဌာနချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကျဉ်းထောင်၊ ဆေးရုံ၊ စက်ရုံ၊ အလုပ်ရုံများ၏ တာဝန်ရှိသူ၊ လူမှုရေး၊ ဘာသာရေးနှင့် ပညာရေးဆိုင်ရာ ဌာနအဖွဲ့အစည်းများ၏ တာဝန်ရှိသူ၊ ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုခန်း၊ စုပေါင်းအိမ်ရာ၊ စုပေါင်းပိုင်အဆောက်အအုံ၊ အဆောင်၊ အသင်းအဖွဲ့ပိုင်အဆောက်အအုံစသည်တို့၏ တာဝန်ခံ သို့မဟုတ် မန်နေဂျာ၊ စီးပွားရေးလုပ်ငန်းများ၏ တာဝန်ခံ သို့မဟုတ် မန်နေဂျာ စသူတို့နှင့် ညှိနှိုင်း၍ စာရင်းစစ်များနှင့် စာရင်းကောက်များအဖြစ် ခန့်အပ်တာဝန်ပေးနိုင်ကြောင်း ဖော်ပြထားပါသည်။

အခန်း(၅) တားမြစ်ချက်များအခန်းတွင် ပုဒ်မ ၁၄ မှ ၁၈ အထိပါရှိပြီး ပြည်သူတို့၏ကိုယ်ရေးလုံခြုံရေးအတွက် ပုဒ်မ ၁၄ နှင့် ပုဒ်မ ၁၅ တို့တွင် ဖော်ပြထားရာ ပုဒ်မ ၁၄ တွင် သန်းခေါင်စာရင်းကောက်ယူထားသော အချက်အလက်များနှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းနှင့်စာအုပ်များကို သန်းခေါင်စာရင်းကောက်ယူရန်တာဝန်ရှိသူမှအပ မည်သူမျှစစ်ဆေးခြင်း သို့မဟုတ် ကူးယူသိမ်းဆည်းခြင်းမပြုရဟု ပါရှိပြီး ပုဒ်မ ၁၅ တွင် ဤဥပဒေအရ သန်းခေါင်စာရင်းကောက်ယူသည့် အချက်အလက်များကို သန်းခေါင်စာရင်းဆိုင်ရာကိစ္စမှတစ်ပါး အခြားမည်သည့်ကိစ္စအတွက်မျှ အသုံးပြုခြင်း သို့မဟုတ် စစ်ဆေးခြင်းမပြုရဟု ပါရှိပါသည်။ ဤပုဒ်မများသည် သန်းခေါင်စာရင်းမေးခွန်းပုံစံတွင်ပါရှိသော မေးခွန်းများကို ဖြေကြားပေးမည့်ပြည်သူတစ်ဦးချင်းစီကို ဥပဒေအရကာကွယ်ပေးထားသော ပုဒ်မများဖြစ်ပါသည်။

ပြည်သူများ၏ဖြေကြားချက်များကို သန်းခေါင်စာရင်းလာရောက်ကောက်ယူသူများမှလွဲ၍ မည်သူမျှသိရှိခွင့်မရှိစေဘဲ သန်းခေါင်စာရင်းဆိုင်ရာ စာရင်းအင်းအချက်အလက်များအတွက်သာ အသုံးပြုခွင့်ရှိပြီး အခြားမည်သည့်ကိစ္စအတွက်မျှ အသုံးမပြုရပါ။ ပုဒ်မ ၁၆ ပုဒ်မခွဲ(က)၊(ခ)နှင့် (ဂ) သည် ပြည်သူများက လိုက်နာဆောင်ရွက်ရန် ပြဋ္ဌာန်းထားပြီး ပုဒ်မ ၁၆ ပုဒ်မခွဲ (က)တွင် မည်သူမျှ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(က)အရ သက်ဆိုင်ရာတာဝန်ရှိအဖွဲ့၊ စာရင်းစစ်များနှင့် စာရင်းကောက်များက သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းအတွက် အဆောက်အအုံအတွင်းသို့ သတ်မှတ်ချိန်အတွင်း ဝင်ရောက်ခြင်းနှင့်အဆောက်အအုံများတွင် လိုအပ်သည့်အမှတ်အသားများ ပြုလုပ်ခြင်းကို နှောင့်ယှက်ခြင်း သို့မဟုတ် ဟန့်တားခြင်းမပြုရဟူ၍လည်းကောင်း၊ ပုဒ်မခွဲ(ခ)တွင် မည်သူမျှ ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ခ)အရ မေးမြန်းသော မေးခွန်းများဖြေဆိုရန်နှင့် သတ်မှတ်ထားသော မေးခွန်းပုံစံတွင် ဖြည့်သွင်းရန် ငြင်းဆိုခြင်း၊ သိလျက်နှင့်မှားယွင်းစွာဖြေဆိုခြင်း သို့မဟုတ် မှားယွင်းစွာ ဖြည့်သွင်းခြင်းမပြုရဟူ၍ လည်းကောင်း၊ ပုဒ်မခွဲ(ဂ) သန်းခေါင်စာရင်းကောက်ယူသည့်အခါ မမှန်မကန်ဖြေဆိုစေရန် မေးခွန်းဖြေဆိုမည့်သူအား တိုက်တွန်းခြင်း၊ ခြိမ်းခြောက်ခြင်း သို့မဟုတ် သွေးဆောင်ဖြားယောင်းခြင်းမပြုရဟူ၍လည်းကောင်း ပြဋ္ဌာန်းထားပါသည်။ ပုဒ်မ ၁၇ သည် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းတွင် စာရင်းစစ်၊ စာရင်းကောက်များအဖြစ် ပါဝင်တာဝန်ထမ်းဆောင်ကြမည့်သူများအတွက် သတ်မှတ်ပြဋ္ဌာန်းထားသော ဥပဒေပုဒ်မဖြစ်ပါသည်။ ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ဂ)တွင် မည်သည့်စာရင်းစစ် သို့မဟုတ် စာရင်းကောက်မျှ သန်းခေါင်စာရင်းကောက်ယူရာတွင် သိရှိရသော တစ်ဦးတစ်ယောက်၏ ကိုယ်ရေးအကြောင်းအရာကို ထုတ်ဖော်ခြင်းမပြုရဟု သတင်းအချက်အလက်များလုံခြုံရေး၊ ပြည်သူများ၏ကိုယ်ရေးအချက်အလက်များ လုံခြုံရေးအတွက် ထပ်မံပြဋ္ဌာန်းဖော်ပြထားပါသည်။ ပုဒ် ၁၈ တွင် မည်သူမျှ စာရင်းကောက်အဖြစ် အယောင်ဆောင်ခြင်းမပြုရဟု ပါရှိပါသည်။

> ‘ ပြည်သူများ၏ဖြေကြားချက်များကို သန်းခေါင်စာရင်း လာရောက်ကောက်ယူသူများမှလွဲ၍ မည်သူမျှသိရှိခွင့်မရှိစေဘဲ သန်းခေါင်စာရင်းဆိုင်ရာ စာရင်းအင်းအချက်အလက်များအတွက်သာ အသုံးပြုခွင့်ရှိပြီး အခြားမည်သည့်ကိစ္စအတွက်မျှ အသုံးမပြုရပါ။ ’

ဒေါ်ခင်ခင်ညို(ပြည်သူ့အင်အားဦးစီးဌာန)

အခန်း(၆) ပြစ်မှုနှင့် ပြစ်ဒဏ်များအခန်းတွင်မူ အခန်း(၅)တွင် ဖော်ပြထားသောဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း၊ လိုက်နာရန်ပျက်ကွက်လျှင်သော်လည်းကောင်း ကျခံရမည့် ပြစ်ဒဏ်များကို ဖော်ပြထားပါသည်။ ဥပဒေပုဒ်မ ၁၉ မှ ၂၁ အထိပါရှိပါသည်။ ပုဒ်မ ၁၉ အရ မည်သူမဆို ပုဒ်မ ၁၄၊ ပုဒ်မ ၁၅ နှင့် ပုဒ်မ ၁၆ ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟုဖော်ပြထားပါသည်။ ပြည်သူတို့၏ ကိုယ်ရေးလုံခြုံရေးအတွက်ပြဋ္ဌာန်းထားသော ဥပဒေပုဒ်မ ၁၄ နှင့် ၁၅ ကိုဖောက်ဖျက်လျှင်သော် လည်းကောင်း၊ ပြည်သူများက လိုက်နာဆောင်ရွက်ရန် ပြဋ္ဌာန်းထားသော ဥပဒေပုဒ်မ ၁၆ကို လိုက်နာရန် ပျက်ကွက်လျှင်သော်လည်းကောင်း၊ တစ်လထက်မပိုသော ထောင်ဒဏ်သို့မဟုတ် ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ် သို့မဟုတ် ထောင်ဒဏ်နှင့်ငွေဒဏ်နှစ်မျိုးလုံးကျခံရမည်ဖြစ်ပါသည်။ ပုဒ်မ ၂၀ တွင် မည်သည့်စာရင်းစစ် သို့မဟုတ် စာရင်းကောက်မဆို ပုဒ်မ ၁၇ ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟုဖော်ပြထားပါသည်။ ထို့ကြောင့် ဥပဒေပုဒ်မ ၁၉ နှင့် ၂၀ အရပြဋ္ဌာန်းထားသော ပြစ်ဒဏ်သည် အတူတူပင်ဖြစ်ပါသည်။ သို့ရာတွင် ပုဒ်မ ၂၁ အရ ပုဒ်မ ၁၈ ပါ တားမြစ်ချက်ဖြစ်သည့် မည်သူမျှ စာရင်းကောက်အဖြစ် အယောင်ဆောင်ခြင်းမပြုရဟူသော တားမြစ်ချက်ဖောက်ဖျက်ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်ဖြစ်ပါသည်။

အခန်း(၇)အထွေထွေပြဋ္ဌာန်းချက်များတွင် ပုဒ်မ ၂၂ မှ ပုဒ်မ ၂၇ အထိ ပါရှိပါသည်။ ပုဒ်မ ၂၂ တွင် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်သော အကူအညီပေးနိုင်စွမ်းရှိသူတိုင်းသည် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းတွင် ကူညီဆောင်ရွက်ရန် တာဝန်ရှိသည်ဟု ဖော်ပြပါရှိပါသဖြင့် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းအောင်မြင်စေရေးအတွက် ဝိုင်းဝန်းကူညီကြရန်မှာ ကျွန်ုပ်တို့အားလုံး၏ တာဝန်ဖြစ်ကြောင်း သိသာထင်ရှားလှပေသည်။ ပုဒ်မ ၂၃ သည် ဤဥပဒေအရဖွဲ့စည်းသော ဗဟိုသန်းခေါင်စာရင်းကော်မရှင်နှင့် ဗဟိုသန်းခေါင်စာရင်းကော်မတီတို့အနေဖြင့် ဤဥပဒေမပြဋ္ဌာန်းမီ အစိုးရအဖွဲ့က ဖွဲ့စည်းခဲ့သော ဗဟိုသန်းခေါင်စာရင်းကော်မရှင်နှင့် ဗဟိုသန်းခေါင်စာရင်းကော်မတီတို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆက်ခံဆောင်ရွက်ရန် ပြဋ္ဌာန်းထားသော ဥပဒေပုဒ်မဖြစ်ပါသည်။ ပုဒ်မ ၂၄ အရ ဗဟိုသန်းခေါင်စာရင်းကော်မရှင်အဖွဲ့ဝင်၊ ဗဟိုသန်းခေါင်စာရင်းကော်မတီဝင်၊ သန်းခေါင်စာရင်းကော်မတီအဆင့်ဆင့်၏ ကော်မတီဝင်၊ စာရင်းစစ်၊ စာရင်းကောက်နှင့် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းတွင် တာဝန်ပေးအပ်ခြင်းခံရသော ပုဂ္ဂိုလ်များကို တာဝန်ထမ်းဆောင်ချိန်တွင် ပြည်သူ့ဝန်ထမ်းအဖြစ် သတ်မှတ်ပေးသည့်ဥပဒေဖြစ်ရာသန်းခေါင်စာရင်းလုပ်ငန်းဆောင်ရွက်ရန် တာဝန်ပေးအပ်ခြင်းခံရသည့် မည်သူ့ကိုမဆို တာဝန်ထမ်းဆောင်နေစဉ်အချိန်အတွင်း ပြည်သူ့ဝန်ထမ်းအဖြစ် သတ်မှတ်ပေးသည့်အတွက် ပြည်သူ့ဝန်ထမ်းများရရှိသည့်အခွင့်အရေးအတိုင်း ရရှိစေမည်ဖြစ်ပါသည်။ ပုဒ်မ ၂၅ အရ အစိုးရအဖွဲ့သည် သန်းခေါင်စာရင်းကောက်ယူရန် လိုအပ်သော ရုံးဝန်ထမ်းအဖွဲ့များကို ဖွဲ့စည်းပေးနိုင်ပြီး ပုဒ်မ ၂၆ အရ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် (က)ဝန်ကြီးဌာနသည် လိုအပ်ပါက နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။ (ခ) ဝန်ကြီးဌာနနှင့် ဗဟိုသန်းခေါင်းစာရင်းကော်မရှင်တို့သည် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်ဟု ဖော်ပြထားပါသည်။ ပုဒ်မ ၂၇ သည် ၁၉၇၂ ခုနှစ်က ပြဋ္ဌာန်းထားခဲ့သော ပြည်ထောင်စုမြန်မာနိုင်ငံသန်းခေါင်စာရင်းဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းကြောင်းပြဋ္ဌာန်းထားပါသည်။

၂၀၁၄ ခုနှစ်တွင် ဆောင်ရွက်မည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်းလုပ်ငန်းကြီးအတွက် ပြဋ္ဌာန်းသော လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းဥပဒေကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးထုတ်ပြန်ပေးခြင်းဖြစ်ပါသည်။ ပြည်သူများလွယ်ကူစွာသိရှိနိုင်ပါရန် ရေးသားတင်ပြအပ်ပါသည်။

ကလေးဝမြို့၌ လယ်ယာသုံး ရေစုပ်စက်ကိရိယာများ အခမဲ့ပေးအပ်

ကလေးဝ နိုဝင်ဘာ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့တွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းရန်ပုံငွေမှ အခမဲ့ထောက်ပံ့သည့် လယ်ယာသုံးရေစုပ်စက်ကိရိယာပေးအပ်ပွဲကို နိုဝင်ဘာ ၁၄ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းအောင်ထွေး **(ယာပုံ)**က အမှာစကားပြောကြားပြီး စက်မှုလယ်ယာဦးစီးအရာရှိ ဦးကျော်နိုင်ဝင်းက စက်မှုလယ်ယာသုံးစက်ကိရိယာပစ္စည်းများနှင့်ပတ်သက်၍ ကိုင်တွယ်ထိန်းသိမ်းနည်းကို ရှင်းလင်းပြောကြားကာ လိုအပ်လျှင် ကျေးရွာအရောက် သင်တန်းပို့ချပေးမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ပေးအပ်

ကလေးဝမြို့နယ်သို့ ပေးအပ်ခဲ့သော လယ်ယာသုံးရေစုပ်စက်များသည် ဂျင်ဒေါင်းအမျိုးအစားဖြစ်ပြီး တစ်လုံးလျှင် ကာလတန်ဖိုးငွေကျပ်လေးသိန်း၊ ရေစုပ်စက်ငါးလုံးအတွက် စုစုပေါင်းတန်ဖိုးငွေကျပ်သိန်း ၂၀ ရှိပြီး လယ်ယာသုံးရေစုပ်စက်များကို ကလေးဝမြို့နယ်ရှိ ဘလက်သာ၊ နောင်ဖနန်၊ ယောစု၊ မောင်းခါး၊ ကျော်ဇင်ကျေးရွာအုပ်စုများသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

ချင်းတွင်းသား

ပြည်တွင်းသတင်း

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဂျပန်စီးပွားရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၂၀

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့ နံနက် ၁၀ နာရီခွဲတွင် ဂျပန်နိုင်ငံ KEIDANREN (Japan Business Federation) ဒုတိယဥက္ကဋ္ဌ Mr.KATSUMATA Nobuo ဦးဆောင်သည့် ဂျပန်စီးပွားရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ဂျပန်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးငွေးဦး၊ ဦးသိန်းဇော်၊ သူရဦးအောင်ကို၊ ဦးလှမြင့်ဦး၊ ဦးသူရိန်ဇော်နှင့်ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

(သတင်းစဉ်)

လွှတ်တော်မှ ပြဋ္ဌာန်းလိုက်သည့် ဥပဒေများသည် နိုင်ငံတော်နှင့်ပြည်သူတို့၏ အကျိုးစီးပွားဖြစ်ထွန်းစေမည့် ဥပဒေများဖြစ်ရမည်

နေပြည်တော် နိုဝင်ဘာ ၂၀

ပြည်သူ့အစိုးရ၊ ပါတီစုံဒီမိုကရေစီစနစ်၊ ဈေးကွက်စီးပွားရေးစနစ်တို့သည် ယနေ့မိမိတို့နိုင်ငံတွင် ထင်ထင်ရှားရှား ပေါ်ထွက်လာပြီဖြစ်ကြောင်း၊ လွှတ်တော်များ၏ သက်ဝင်လှုပ်ရှားဆောင်ရွက်မှုများကို ပြည်တွင်း၌သာမက ပြည်ပနိုင်ငံများကပါ အသိအမှတ်ပြုလာသည့်အတွက် ယနေ့ကာလတွင် လွှတ်တော်များ၏ အခန်းကဏ္ဍများနှင့် ဆောင်ရွက်ချက်များကို ပိုမိုအသိအမှတ်ပြု စိတ်ဝင်စားလာကြပြီး ပိုမိုအားကိုး ယုံကြည်လာကြပြီဖြစ်သည်ဟု ပြောနိုင်ပါကြောင်းဖြင့် ယမန်နေ့နံနက် ၇ နာရီခွဲတွင် မကွေးတိုင်းဒေသကြီး မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် မကွေးဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲ အခမ်းအနားတွင် ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ပြောကြားခဲ့သည်။ **(ယာပုံ)**

တွေ့ဆုံပွဲတွင် ပြည်ထောင်စုလွှတ်တော်နာယကက မိမိတို့လွှတ်တော်များ စတင်ဖွဲ့စည်းဆောင်ရွက်စဉ်ကာလထက် ယခုအချိန်တွင် လွှတ်တော်များကို ပိုမိုစိတ်ဝင်စားလာကြသည့်အတွက် နိုင်ငံတွင်းပြည်သူများ၊ နိုင်ငံရေးပါတီအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သည့်အဖွဲ့အစည်း အသီးသီးတို့သည်လွှတ်တော်သို့လာရောက် လေ့လာလျက်ရှိ

နေပါကြောင်း၊ လွှတ်တော်ရပ်နားချိန်တွင် လွှတ်တော်ကိုယ်စားလှယ်များသည် မိမိတို့ကို ရွေးချယ်တင်မြှောက်ပေးလိုက်သည့် ဒေသများသို့ သွားရောက်၍ လွှတ်တော်၏ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြရသကဲ့သို့ ပြည်သူများနှင့် တွေ့ဆုံကာ လွှတ်တော်ကျင်းပချိန်များတွင် မေးခွန်းများမေးမြန်းခြင်း၊ အဆိုများ တင်သွင်းခြင်း၊ ဥပဒေများပြဋ္ဌာန်းခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် လွှတ်တော်အတွင်းတွင် မသိနိုင်သည့်၊ မသိရသေးသည့် ကိစ္စရပ်များအားပြည်သူများနှင့်တိုက်ရိုက်ထိတွေ့ တင်ပြဆွေးနွေးရသည့်အတွက် ပိုမိုနားလည်သိရှိရပါကြောင်း၊ ထို့ကြောင့် ရသည့်အချိန်အတွင်း ပြည်သူများထံသွားရောက်၍ လွှတ်တော်၏ဆောင်ပုဒ်များနှင့်အညီ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါကြောင်း။

ယခု ဆွေးနွေးတင်ပြချက်များအပေါ် တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆောင်ရွက်ပေးနိုင်သည်များကို ဆောင်ရွက်ပေးမည်ဖြစ်ပြီး မဆောင်ရွက်နိုင်သည့်ကိစ္စရပ်များကို ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုအစိုးရတို့က ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

လွှတ်တော်မှ ပြဋ္ဌာန်းလိုက်သည့် ဥပဒေများသည် နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားဖြစ်ထွန်းစေမည့် ဥပဒေများ၊ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်သည့် ဥပဒေများ၊ ပြည်သူများ လက်တွေ့လိုက်နာနိုင်သည့် ဥပဒေများဖြစ်ရမည်ဟူ၍ ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အတွက်၊ ပါတီအဖွဲ့အစည်းတစ်ခုတည်းအတွက်၊ အစိုးရအဖွဲ့ တစ်ဖွဲ့တည်းအတွက်မဟုတ်ဘဲ ပြည်သူအတွက် နိုင်ငံအတွက်ဖြစ်ရမည်ဖြစ်ပါကြောင်း။

ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့ ဆက်ဆံ ဆွေးနွေးကြားနာပြီး ပြည်သူတို့၏လိုအပ်ချက်များအပေါ် မူတည်၍ လွှတ်တော်အတွင်း ဆွေးနွေးပြီး သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်လျှင် ပိုမိုကောင်းမည်ဟု ယူဆ၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မကွေးဒေသခံပြည်သူများအနေဖြင့် မိမိတို့၏ဆန္ဒသဘောထားများ၊ မိမိတို့ဒေသ၏လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်းတင်ပြကြရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့အတွင်းရေးမှူးက ဒေသဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများက မိမိတို့မြို့နယ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို ဆွေးနွေးတင်ပြရာ ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေနှင့် သက်ဆိုင်ရာဌာနများက ပြန်လည်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များကူညီစောင့်ရှောက်ရေး ကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ၁၃၀၀ ပြည့် အရေးတော်ပုံချောက်ရေနံမြေ သပိတ်ခေါင်းဆောင် သခင်ဖိုးလှကြီး၏ မိသားစုဝင်များအား အလှူငွေ ၉၆ သိန်းလှူဒါန်းပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စိတ်ကြည်လင်လန်းဆန်းလိုလျှင် နေပြည်တော်ရေပူစမ်းမှာ အပန်းဖြေစေချင်

နေပြည်တော် နိုဝင်ဘာ ၂၀

နေပြည်တော် ရေပူစမ်းအပန်းဖြေစခန်းကို နိုဝင်ဘာ ၂ ရက်က ပြန်လည် ဖွင့်လှစ်ပေးခဲ့ပြီးနောက် လာရောက်အပန်းဖြေ လည်ပတ်သူများ တစ်နေ့တခြား များပြားလာကြောင်း သိရသည်။ နေပြည်တော် ရေပူစမ်းကို မိုးရာသီကာလ ယာယီပိတ်ထားခဲ့ပြီးနောက် ဆောင်းရာသီကာလအတွင်း အများပြည်သူများ အပန်းဖြေအနားယူရန် ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။

ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ်ရှိ နေပြည်တော် ရေပူစမ်းအပန်းဖြေစခန်းသို့ သွားရောက်မည်ဆိုပါက ရန်ကုန်-မန္တလေး ကားလမ်းဟောင်းမှ တပ်ကုန်းမြို့အနီး မိုင်တိုင်အမှတ်(၂၇၁/၄)ရှိ ကင်းသာလမ်းခွဲအတိုင်း သွားရောက်နိုင်သည်။

နေပြည်တော် ရေပူစမ်းအပန်းဖြေစခန်းသို့ သွားရာလမ်းကြောင်းတစ်လျှောက်တွင် စိမ်းစိုလှပနေသည့် သဘာဝတောတောင်ရှုခင်းများကို သာယာရှုမောဖွယ်တွေ့မြင်ခံစားနိုင်သည်။ ရေဝေရေလဲသစ်တောများ ဖုံးလွှမ်းတည်ရှိမှုကြောင့်လမ်းတစ်လျှောက်တွင် အေးမြနေပြီး တောင်ကုန်းတောင်ထိပ်များမှ နေ၍သဘာဝအလှောက်စီးကျနေသည့် စိမ့်စမ်းရေများကလည်း မြင်ရသူတို့အဖို့ ကြည်နူးဖွယ်ကောင်းလှသည်။

ရေပူစမ်း အပန်းဖြေစခန်းသို့ မရောက်မီ လမ်းကြောင်းတစ်လျှောက်တွင် လွဲကြီး၊ လုံးထို၊ ဧဒင်၊ ရေအေး၊ လည်ဆွဲ၊ ကသောင်း၊ ကိုးကွေ့နှင့် တောင်ကျကျေးရွာများကို တစ်ရွာပြီးတစ်ရွာ ဖြတ်သန်းသွားရမည်ဖြစ်ပြီး မြွေလိမ်မြွေကောက် ကားလမ်းအတိုင်း သွားလာရမှုက စိတ်ကြည်နူးဖွယ်ခံစားမှုရသ ပေးစွမ်းနိုင်ပေသည်။

တောင်ကျကျေးရွာ အနီး နေပြည်တော်-ပင်လောင်းကားလမ်း မိုင်တိုင် (၂၄/၄) မိုင်လမ်းခွဲမှ နှစ်မိုင်ခန့်အကွာတွင် နေပြည်တော်ရေပူစမ်းအပန်းဖြေစခန်းသို့ ရောက်ရှိနိုင်သည်။ နေပြည်တော်ရေပူစမ်းအပန်းဖြေစခန်းကို ၂၀၀၉ ခုနှစ် စက်တင်ဘာလက ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ခရိုင်ချင်းဆက်လမ်းများ ဖောက်လုပ်ရာမှ ယခုနေရာကို တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ အောက်တိုဘာလတွင် Master Plan ထုတ်ခဲ့ကြောင်း၊ ၂၀၁၀ ခုနှစ် မတ်လ ၁၁ ရက်ကစပြီး နေပြည်တော် စည်ပင်သာယာရေး ကော်မတီနှင့် FCGC ကုမ္ပဏီတို့ ပူးပေါင်းတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၁၁ ခုနှစ် ဧပြီလ ၁၁ ရက်တွင် ရေပူစမ်းအပန်းဖြေစခန်းကို စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နေပြည်တော်ရေပူစမ်း အပန်းဖြေစခန်းသည် ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း ၁၅၀၀ ခန့်တွင်ရှိပြီး ရေ၏အပူချိန်မှာ ၇၅ ဒီဂရီစင်တီဂရိတ်မှ ၉၈ ဒီဂရီစင်တီဂရိတ်အထိရှိကြောင်း၊ ကြက်ဥ၊ငှက်ဥစသော ဥများကို ရေပူစိမ်လျှင် ကျက်နိုင်ကြောင်း သိရသည်။

နေပြည်တော် ရေပူစမ်းနှင့်ပတ်သက်ပြီး ရေပူစမ်းအပန်းဖြေစခန်းတာဝန်ရှိသူ ဦးတင်ကိုကိုအား မေးမြန်းကြည့်ရာ "ကျွန်တော်တို့ရဲ့ အဓိကရည်ရွယ်ချက်ကတော့ ပြည်

သတင်းဆောင်းပါး
တင်မောင်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ - မောင်လွင်

တွင်းပြည်ပမှ ခရီးသွားဧည့်သည်တွေ အေးအေးဆေးဆေးနဲ့ လာရောက်အပန်းဖြေအနားယူဖို့ ဖြစ်ပါတယ်။ နေ့စဉ်နံနက် ၆ နာရီကနေ ညနေ ၆ နာရီအထိ ဖွင့်လှစ်ပေးထားပါတယ်။ ရေပူစမ်းကို မိုးတွင်းက ယာယီပိတ်ထားခဲ့ပြီး ၂၀၁၃-၂၀၁၄ ဆောင်းရာသီအတွက် ပြည်သူတွေလာရောက်အပန်းဖြေအနားယူနိုင်ရန် နိုဝင်ဘာ ၂ ရက်က ပြန်လည်ဖွင့်လှစ်ပေးခဲ့ပါတယ်။ ယခုဖွင့်လှစ်ပြီးနောက်ပိုင်း လာရောက်သူတွေလည်း တဖြည်းဖြည်းများလာပါတယ်။ ရုံးပိတ်ရက်ဆိုပိုပြီး များပါတယ်။ ဝင်ကြေးကတော့ လူတစ်ဦးလျှင် ငွေကျပ် ၅၀၀၊ ဆိုင်ကယ်တစ်စီးလျှင်ငွေကျပ် ၁၀၀၀ နဲ့ ကားတစ်စီးလျှင် ငွေကျပ် ၂၀၀၀ သတ်မှတ်ထားပါတယ်။ ညအိပ် ညနေပါ လာရောက်သူတွေအတွက် အဆင်ပြေအောင် လုံးချင်းဘန်ဂလိုသုံးလုံးနဲ့ ခြောက်ခန်းတွဲ ဘန်ဂလိုတစ်လုံး ဆောက်လုပ်ပေးထားပါတယ်။ တစ်ဦးတည်းဖြစ်ဖြစ်၊ မိသားစုလိုက်ဖြစ်ဖြစ် တည်းခိုနိုင်ပြီး တစ်ညကို ငွေကျပ် ၂၀၀၀၀ သတ်မှတ်ထားပါတယ်။ အဲဒီဘန်ဂလိုတွေကို ရေ၊ မီး ရေပူရေအေး ရေစိမ်ကန်အားလုံး ပြည့်ပြည့်စုံစုံ တပ်ဆင်ပေးထားပါတယ်" ဟု ပြောကြားသည်။

ထို့အပြင် နေပြည်တော်ရေပူစမ်းသည် သဘာဝအလျောက် ရေပူထွက်ရှိသည့် နေရာသုံးနေရာမှ ရေပူများကို ရေပူစီးကြောင်းဖြင့် လည်းကောင်း၊ ရေအေးစီးချောင်းမှရေကို ရေအေးစီးကြောင်းဖြင့်လည်းကောင်း သီးသန့်စီသွယ်ယူပြီး ပြင်ပရေပူစိမ်ကန်လေးကန်၊ အမျိုးသား အမျိုးသမီး (သီးသန့်) ရေစိမ်ခန်းလေးခန်းကိုလည်း ရေပူရေအေးရောစပ်၍ ပြည်သူများအသုံးပြုနိုင်အောင် စီစဉ်ပေးထားကြောင်း၊ အပန်းဖြေသူများ စားသုံးနိုင်ရန် အဆင့်မြင့် စားသောက်ဆိုင်နှင့် ဒေသခံစားသောက်ဆိုင်များကို ဖွင့်လှစ်ပေးထားကြောင်း၊ ပြည်သူများ အလွယ်တကူ ဆက်သွယ်နိုင်ရန် IP Star ဖုန်းများ ဆောင်ရွက်ပေးထားသည့်အပြင် GSM မိုဘိုင်းတာဝါတိုင်လည်း စိုက်ထူပေးထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

နေပြည်တော် ရေပူစမ်းတွင် ရေပူစိမ်ရေချိုးပါက ခန္ဓာကိုယ်အား နွေးထွေးစေခြင်း၊ ခန္ဓာကိုယ်အတွင်း သွေးလည်ပတ်မှုကောင်းမွန်စေခြင်း၊ ညောင်းညာကိုက်ခဲမှု၊ နာကျင်မှုများ လျော့ပါးသက်သာစေခြင်း၊ အာရုံကြောများ နိုးကြားစေပြီး ပိုမိုကောင်းမွန်စေခြင်း၊ မီးလောင်ဒဏ်ရာ၊ အပူလောင် ဒဏ်ရာရနေသူများအတွက် သက်သာ ပျောက်ကင်းစေခြင်း၊ အဆစ်ရောင်ရောဂါ၊ Gout ရောဂါရှိနေသူများအတွက် သင့်လျော်ခြင်း၊ အရေပြားရောဂါ ရှိနေသူများအတွက် သက်သာပျောက်ကင်းစေခြင်း၊ အမျိုးသမီးဆိုင်ရာရောဂါများ သက်သာပျောက်ကင်းစေခြင်း စသောအကျိုးကျေးဇူးများရရှိစေမည်ဖြစ်ကြောင်း သိရသည်။

သဘာဝဂေဟစနစ်များကို ထိန်းသိမ်းပြီး ပြုပြင်မွမ်းမံ တည်ဆောက်ထားသည့် နေပြည်တော်ရေပူစမ်းအပန်းဖြေစခန်းသည်မကြာမီရက်ပိုင်းအတွင်း ကျင်းပတော့မည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် လာရောက်လည်ပတ်ကြမည့် ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်ပေးမည့် နေပြည်တော်၏ အထင်ကရနေရာတစ်ခု ဖြစ်လာမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

▲ ရှေ့ဖုံးမှ

ပြည်တွင်းပြည်ပမှ ပညာရှင်များ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

တတိယအကြိမ်မြောက် အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဖွင့်မိန့်ခွန်းပြောကြားရာ၌ အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုရရှိရေးနှင့် ဆင်းရဲနွမ်းပါးမှု လျော့ပါးစေရေးအတွက် အရေးပါသော လုပ်ငန်းစဉ် တစ်ခုဖြစ်ပါကြောင်း၊ ထို့ကြောင့် ၂၀၁၂ ခုနှစ်က ကျင်းပခဲ့သည့် Rio+20 ညီလာခံတွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ပါးရေးအတွက် အစိမ်းရောင်စီးပွားရေးကို အဓိက ခေါင်းစဉ်တစ်ခုအနေဖြင့် ဆွေးနွေးခဲ့ပါကြောင်း၊ အစိမ်းရောင်စီးပွားရေးလုပ်ငန်းစဉ်များ ဖော်ဆောင်ရာတွင် မိမိတို့အနေဖြင့် မိမိနိုင်ငံ၏ အခြေအနေ၊ ဦးစားပေးမှု အစီအစဉ်အရ လက်တွေ့နယ်ပယ်၌ အကောင်အထည်ဖော်မှု ပုံစံများကို ချမှတ်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

၂၀၁၃ ခုနှစ် Inter-government Panel on Climate Change (IPCC)၏ ပဉ္စမအကြိမ် အစီရင်ခံစာအရ ကမ္ဘာမြေကြီးသည် ၁၈၅၀ ခုနှစ်နောက်ပိုင်း အထူးသဖြင့် လွန်ခဲ့သည့်နှစ် ၃၀ အတွင်း အပူချိန် ပိုမိုမြင့်တက်လာပါကြောင်း၊ အကြောင်းရင်းကို ပြန်လည်လေ့လာ သုံးသပ်ကြည့်သည့်အခါ ဖွံ့ဖြိုးတိုးတက်မှုကို သာဦးစားပေးခဲ့သည့် Grow First, Clean up Later ဆိုသည့် လုပ်ရပ်များကြောင့် ဖြစ်ပါကြောင်း။

ယင်းသို့ဆောင်ရွက်ခဲ့ကြသည့်အတွက် မုန်တိုင်းများကျရောက်ခြင်း၊ ပူပြင်းခြောက်သွေ့ခြင်း၊ မိုးခေါင်ရေရှားခြင်း၊ ရေကြီးခြင်း၊ အချိန်အခါမဲ့ မိုးရွာသွန်းခြင်း၊ ရေခဲတောင်များ အရည်ပျော်ခြင်း စသည့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များနှင့် သဘာဝဘေးအန္တရာယ်အကျိုးဆက်များကို ခံစားနေကြရပြီ ဖြစ်ပါကြောင်း၊ ထို့ပြင် ယင်းသဘာဝဘေးအန္တရာယ်များ တစ်နှစ်ထက်တစ်နှစ် ပိုမိုပြင်းထန်လာပြီး အကြိမ်ရေများပြားလာသည်ကိုလည်း တွေ့မြင်ကြရမည် ဖြစ်ပါကြောင်း၊ ရာသီဥတုပြောင်းလဲခြင်းကြောင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ အစာရေစာရှားပါးမှုနှင့် ငတ်မွတ်မှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင် ကြီးမားသည့် အဟန့်အတားများ ဖြစ်ပေါ်စေလျက် ရှိပါကြောင်း။

မြန်မာနိုင်ငံတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဟန်ချက်ညီဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၂ ခုနှစ်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေကို ပြဋ္ဌာန်းခြင်း၊ ၂၀၁၃ ခုနှစ်တွင် နိုင်ငံအဆင့် စီမံချက်များရေးဆွဲခြင်း၊ ရေဝေရေလဲဒေသများတွင် သစ်တောများပြန်လည်တည်ထောင်ခြင်း၊ ပျက်စီးပြုန်းတီးနေသောနေရာများတွင် သစ်တောများပြန်လည်ပြုစုပျိုးထောင်ခြင်း၊ သဘာဝနယ်မြေများ တိုးချဲ့ဖွဲ့စည်းခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းခြင်းတို့ကို အလေးထားဆောင်ရွက်လျက် ရှိပါကြောင်း။

သဘာဝ သယံဇာတများမှာ တစ်ခုနှင့်တစ်ခု ဆက်စပ်တည်မှီပြောင်းလဲလျက်ရှိနေကြပါကြောင်း၊ စွမ်းအင်၊ ရေနှင့်အစားအစာစနစ်များ ဟန်ချက်ညီမှုမရှိလျှင် အကျိုးဆက်အနေဖြင့် လူသားများ၏လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့်ပတ်ဝန်းကျင်တစ်ခုလုံးအပေါ် ဆိုးကျိုးများ သက်ရောက်လာမည်ဖြစ်ပါကြောင်း၊ ဥပမာအားဖြင့် နေရာဒေသတစ်ခုသည် ပူပြင်းခြောက်သွေ့ပြီး ရေရှားပါးမည်ဆိုလျှင် ယင်းနေရာတွင် စိုက်ပျိုးရန်၊ အစားအစာထုတ်လုပ်ရန် ခက်ခဲမည်ဖြစ်ပါကြောင်း။

ကမ္ဘာ့တစ်ဝန်းတွင် စားနပ်ရိက္ခာထုတ်လုပ်ရန် ဒီဇယ်၊ ဓာတ်ဆီစသည့် ရုပ်ကြွင်းလောင်စာများကို အသုံးပြုနေကြရပါကြောင်း၊ ထို့ကြောင့် ယနေ့ကာလတွင် ရုပ်ကြွင်းလောင်စာများ အသုံးပြုခြင်းအစား ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်များဖြစ်သည့်လေ၊ ရေ၊ နေရောင်ခြည်၊ ဘူမိအပူစွမ်းအင်များ ထုတ်လုပ်သုံးစွဲရန် လိုအပ်လျက်ရှိပြီး ယင်းသို့ မဆောင်ရွက်နိုင်လျှင် မိမိတို့လူသားအားလုံးဆက်လက်ရှင်သန်ရပ်တည်နိုင်ရန် ခက်ခဲလာမည်ဖြစ်ပါကြောင်း။

ယနေ့တည်ရှိနေသည့် လက်ရှိသဘာဝသယံဇာတများနှင့် ပတ်ဝန်းကျင် သဘာဝကောင်းများ အစဉ်တည်တံ့နေရန်အတွက် စဉ်ဆက်မပြတ် ထုတ်လုပ်ခြင်းနှင့် စားသုံးခြင်း၏ အခန်းကဏ္ဍကို အလေးဂရုပြုကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ မိမိတို့၏ အကျိုးစီးပွားအတွက် သဘာဝသယံဇာတများကို ထုတ်ယူသုံးစွဲလျက်ရှိသကဲ့သို့ အနာဂတ် မျိုးဆက်များအတွက်လည်းယခုကဲ့သို့ အခွင့်အရေးမျိုး ရရှိစေရန်နှင့် ကောင်းမွန်သန့်ရှင်းသည့် ပတ်ဝန်းကျင် အခြေအနေများကို ရရှိခံစားနိုင်ရန် မိမိတို့လက်ဆင့်ကမ်းအမွေပေးကြရမည် ဖြစ်ပါကြောင်း။

မိမိတို့သည် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို စတင်လွှဲပြောင်းယူချိန်မှစပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးပြောင်းလဲမှုများကို အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည် ဆောင်ရွက်လျက်ရှိရာ အောင်မြင်မှုများ စတင်ရရှိနေပြီး ထိုသို့ဆောင်ရွက်သည့် နေရာတွင် ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များကိုလည်း ဟန်ချက်ညီအလေးထားဆောင်ရွက်လျက်ရှိပါကြောင်း။

၎င်းနေရာတွင် သစ်တောကဏ္ဍ၏ အရေးပါမှုကို အလေးထားပြောကြားလိုပါကြောင်း၊ သစ်တောများသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု၏ ဗဟိုချက်ဖြစ်ပြီး ရာသီဥတုမျှတစေခြင်း၊ ဇီဝမျိုးစုံမျိုးကွဲနှင့် မြေဆီလွှာကို ထိန်းသိမ်းကာကွယ်ပေးခြင်း၊ သန့်ရှင်းလတ်ဆတ်သည့် လေကောင်းလေသန့်ရရှိအောင် ဆောင်ရွက်ပေးခြင်း၊ လေထုထဲရှိ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို စုပ်ယူပေးခြင်း စသည့် ဂေဟစနစ်ဝန်ဆောင်မှုများကိုလည်း ဆောင်ရွက်ပေးနေသောကြောင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

ယနေ့အချိန်တွင် မြန်မာနိုင်ငံ၌ ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ ပြည်ပ ရင်းနှီးမြှုပ်နှံမှုနှင့်အတူ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကိုဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတု ပြောင်းလဲမှုလျော့ပါးရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး အကျိုးကျေးဇူး

ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

များ ရရှိခံစားနိုင်မည့် အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ကြရန် လိုအပ်သည်ကိုမှာကြားလိုပါကြောင်း။

အစိမ်းရောင်စီးပွားရေးလုပ်ငန်းစဉ်များသည် ကမ္ဘာမြေကြီး၏ဂေဟစနစ်ကို တည်ငြိမ်စေမည့်အပြင် လူသားအားလုံးအတွက် ကျန်းမာ၊ ပျော်ရွှင်၊ ချမ်းမြေ့သာယာစေသည့် ဘဝများကိုရရှိစေပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖော်ဆောင်ပေးနိုင်ရုံသာမက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကိုလည်း များစွာအထောက်အကူပြုမည်ဖြစ်ပါကြောင်းနှင့် ယခုဆွေးနွေးပွဲမှ မိမိတို့မျှော်မှန်းထားသည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ အောင်မြင်စေမည့် ရလဒ်ကောင်းများ ဖော်ဆောင်ပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း ဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက အမှာစကားပြောကြားပြီး အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (မြန်မာ)ဥက္ကဋ္ဌ ဦးသိန်းထွန်းက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ အင်ဒိုနီးရှားသမ္မတ၏ အကြံပေးကောင်စီဥက္ကဋ္ဌ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးရေးဝန်ကြီးဌာန အငြိမ်းစားဝန်ကြီးပါမောက္ခ Mr. Emil Salim နှင့် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေသံရုံးမှ သံရုံးယာယီတာဝန်ခံ Ms. Julie M.Jacobsen Takahashi

မြန်မာနိုင်ငံဆိုင်ရာ နော်ဝေသံရုံးမှ သံရုံးယာယီတာဝန်ခံ Ms. Julie M.Jacobsen Takahashi နှုတ်ခွန်းဆက်စကားပြောကြားစဉ်။ (သတင်းစဉ်)

တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတနှင့် တက်ရောက်လာကြသူများ၊ ပညာရှင်များသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားကို ခေတ္တရပ်နားခဲ့သည်။

ထို့နောက် တတိယအကြိမ်မြောက် အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်ကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြသည်။

အဆိုပါဖိုရမ်ကို နိုဝင်ဘာ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ရန်ကုန်မြို့ရှိ ရန်ကုန်တက္ကသိုလ်စိန်ရတုခန်းမ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းလုပ်ငန်းများအပေါ် ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၀

လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့်ကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် သမ္မတရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးလှထွန်း တက်ရောက်၍ အမှာစကားပြောကြားရာတွင် **(ယာပုံ)**လက်ပံတောင်းတောင် ကြေးနီစီမံကိန်းလုပ်ငန်းအား စုံစမ်းစစ်ဆေးရေး ကော်မရှင်၏ အစီရင်ခံစာပါ အကြံပြုချက်အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စည်းရုံးရေးနည်းလမ်း၊ အုပ်ချုပ်ရေး နည်းလမ်းများဖြင့် ဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြဿနာအရင်းအမြစ်များ ဖြစ်သော ဒေသခံများ၏ ရေရှည်ဘဝအာမခံချက်အတွက် စိုးရိမ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု ရယူဆောင်ရွက်ရေးကိစ္စ၊ မြေယာလျော်ကြေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူမှုစီးပွားဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့် အလုပ်အကိုင်ခန့်ထားရေး ကိစ္စများအား ပွင့်လင်းမြင်သာစွာ ဖော်ဆောင်နိုင်ရေးတို့အတွက် သက်ဆိုင်ရာအဖွဲ့များအနေဖြင့် ပူးပေါင်းအဖြေရှာ ဖော်ဆောင်ကြရန် ဖြစ်ကြောင်း ပဏာမ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက စီးပွားရေးလုပ်ငန်းကြီးများ၏ တာဝန်ယူမှု (Corporate Social Responsibility) အား တိကျစွာ လိုက်နာဆောင်ရွက်ရေးအတွက် ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကိုလည်းကောင်း၊ ကော်မတီအဖွဲ့ဝင် ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက လုံခြုံရေးဆိုင်ရာကိစ္စရပ်များအပေါ် ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် အညီ အဆင့်ဆင့်အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ ကော်မတီအဖွဲ့ဝင် သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်က ကြေးနီစီမံကိန်းလုပ်ငန်းအား စုံစမ်းစစ်ဆေးရေးအစီရင်ခံစာ အကြံပြုချက်အတိုင်း ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ သက်ဆိုင်ရာလုပ်ငန်းအဖွဲ့ ခေါင်းဆောင်များဖြစ်သည့် ဒုတိယဝန်ကြီးများနှင့် အစည်းအဝေးတက်ရောက်လာကြသူများက မိမိတို့၏ ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှုများကို အသီးသီးရှင်းလင်းတင်ပြကြရာ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ကော်မတီအနေဖြင့် ဒေသခံများ၏ နစ်နာမှုများအပေါ်လာရောက် တင်ပြနိုင်ရန် ဆက်ဆံရေးရုံးဖွင့်လှစ်ပေးခြင်း၊ ငြိမ်းချမ်းစွာ စုဝေးဆန္ဒဖော်ထုတ်ခွင့်များကို တရားဥပဒေနှင့်အညီ ခွင့်ပြုပေးခြင်း၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဖြေလျှော့ ညှိနှိုင်းပေးခြင်းများ ဆောင်ရွက်ပေး နေပါကြောင်း၊ တရားဥပဒေစိုးမိုးရေး၊ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူအများ၏ အကျိုးစီးပွားအတွက် ဥပဒေပြဋ္ဌာန်းချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကော်မတီဝင်များအားလုံး၏ ပူးပေါင်းဆောင်ရွက်မှုအားဖြင့် တိတိကျကျလိုက်နာဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ တစ်ချိန်တည်းတွင် ဒေသခံပြည်သူများသည် မိမိတို့၏မိဘ၊ ညီအစ်ကို မောင်နှမများ ဖြစ်သည်ကို နှလုံးသွင်း၍ ၎င်းတို့၏ နစ်နာဆုံးရှုံးမှုများအပေါ် ကိုယ်ချင်းစာတရား၊ စိတ်ရှည်သည်းခံမှု၊ စေတနာအရင်းခံတို့ဖြင့် ဖြေရှင်းဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း မှာကြားပြီး ညနေ ၄ နာရီခွဲတွင် အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

◆ *ကျောဖုံးမှ*

လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုသည်မှာ အားလုံးပါဝင်သည့် ဖွံ့ဖြိုးတိုးတက်မှု (Inclusive Development) ဖြစ်ပါကြောင်း၊ နိုင်ငံတစ်ဝန်းရှိ ပြည်သူအားလုံးထံ ဖွံ့ဖြိုးတိုးတက်မှုအားလုံးကို မျှမျှတတ ပျံ့ပျံ့နှံ့နှံ့ အရောက်ပို့ဆောင်ပေးရန် ဖြစ်ပါကြောင်း၊ နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေ ပြည်သူများထံ ယင်းဖွံ့ဖြိုးမှုအသီးအပွင့်များ အရောက်ဆောင်ကြဉ်းပေးနိုင်မည့်လုပ်ငန်းစဉ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးပင်ဖြစ်ပါကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးရာတွင် လျှပ်စစ်မီးရရှိရေးနှင့် သန့်ရှင်းသော သောက်သုံးရေရရှိရေးသည် အဓိကကျသည့် ဝန်ဆောင်မှုဖြစ်ပါကြောင်း၊ ထို့ကြောင့် အရည်အသွေးပြည့်မီသည့် လျှပ်စစ်မီးနှင့် သောက်သုံးရေဝန်ဆောင်မှုပေးနိုင်ရန် ယနေ့ အရေးတကြီးလိုအပ်လျက်ရှိပါကြောင်း။

ကျေးလက်ဒေသများတွင် လျှပ်စစ်မီးရရှိရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက ဦးဆောင်ပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် မဟာဓာတ်အားလိုင်းမှတစ်ဆင့် ဓာတ်အားရယူခြင်း၊ ဒီဇယ်အင်ဂျင်အသုံးပြုပြီး ဓာတ်အားထုတ်လုပ်ခြင်း၊ မဟာဓာတ်အားလိုင်းပြင်ပ ပြန်ပြည့်မြဲစွမ်းအင် အရင်းအမြစ်များဖြစ်သည့် ရေအား၊ နေစွမ်းအင်၊ ဇီဝလောင်စာများအသုံးပြု၍ အဖြေရှာခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မိမိဒေသအခြေအနေအပေါ် မူတည်ပြီး နေအိမ်တစ်လုံးချင်း အိမ်သုံးဆိုလာစနစ်၊ ဆိုလာဗဟိုမှ ဖြန့်ဝေပေးသည့်စနစ်၊ ဆိုလာမီးအိမ်အားသွင်းဌာနရမ်းမှုစနစ်၊ အသေးစားရေအားလျှပ်စစ်ထုတ်လုပ်ဖြန့်ချိသည့်စနစ်၊ ဇီဝဓာတ်ငွေ့ဖြင့် လျှပ်စစ်မီးအသုံးပြုသည့်စနစ် စသည့်စနစ်များကိုသုံးပြီး ထုတ်လုပ်လျက်ရှိသည်ကို တွေ့ရမှာဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် မဟာဓာတ်အားလိုင်း တိုးချဲ့မှုကို စီမံကိန်းဖြင့် ဆောင်ရွက်နေသော်လည်း ကျေးရွာအားလုံးသို့ ဓာတ်အားရောက်ရှိရေးမှာ ကန့်သတ်ချက် များစွာရှိပါကြောင်း။

မဟာဓာတ်အားလိုင်းနှင့် အလှမ်းဝေးနေဆဲဖြစ်သည့် ကျေးလက်ဒေသများသို့ လျှပ်စစ်မီးအရောက်ပေးပို့နိုင်ရေးအတွက် နိုင်ငံတကာတွင် ဆောင်ရွက်နေသည့် အတွေ့အကြုံများကို လေ့လာကြည့်ရာတွင် ဆိုလာစနစ်၊ အသေးစားရေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းနှင့်ဇီဝလောင်စာဖြင့် ထုတ်လုပ်သည့်စနစ်များပူးတွဲပေါင်းစပ်ထားသည့် အသေးစားဓာတ်အားလိုင်းစနစ်ကိုတွေ့ရှိရပါကြောင်း၊ အဆိုပါစနစ်မှာ လျင်မြန်ခြင်း၊ ပြောင်းလွယ်ပြင်လွယ်ရှိခြင်း၊ လုပ်ငန်းတိုးချဲ့ရန်လည်း လွယ်ကူခြင်း၊ ရေရှည်တွင် ငွေကုန်ခံရကျိုးနပ်ခြင်း စသည့်အကျိုးကျေးဇူးများ ရှိပါကြောင်း။

အကြံပြုလို

ပြန်ပြည့်မြဲစွမ်းအင်သုံး အသေးစားဓာတ်အားလိုင်းစနစ်သည် ရေရှည်ခံပြီး မိမိဒေသသို့ မဟာဓာတ်အားလိုင်းရောက်ရှိလာပါက ချိတ်ဆက်နိုင်သည့် ထပ်တိုးသုံးစွဲမှုပြုနိုင်ပါကြောင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများအတွက် လုပ်ငန်းဒီဇိုင်းမရေးဆွဲမီတွင် သုံးစွဲမည့် ပြည်သူများနှင့်တွေ့ဆုံ၍ တစ်ဦးချင်းလိုအပ်ချက်များကို မေးမြန်းဆွေးနွေးပြီးမှ စနစ်တကျ တွက်ချက်ထုတ်လုပ်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထို့အတူသုံးစွဲသူပြည်သူများအနေဖြင့် လျှပ်စစ်မီးကို ကျွမ်းကျင်စွာသုံးစွဲတတ်စေရန်၊ ဗဟုသုတရှိစေရန် လက်ထပ်သင်ကြားပေးမှုများလိုအပ်ကြောင်း၊ သို့မှသာ ရေရှည်တွင် ယင်းပြည်သူများက ကိုယ့်အားကိုယ်ကိုးပြီးလုပ်ငန်းစဉ်ကို ထိန်းသိမ်းဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း၊ ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရာတွင် ရွာခံကျွမ်းကျင်သူများကို မွေးထုတ်နိုင်သည့် ရပ်ရွာအခြေပြုချဉ်းကပ်မှုကို အသုံးပြုခြင်းဖြင့် ရေရှည်တည်တံ့ပြီး ကျေးရွာအတွက် အလုပ်အကိုင်နှင့်ဝင်ငွေ ဖန်တီးပေးရာရောက်မည်ဖြစ်ပါကြောင်း၊ တစ်ပြိုင်တည်းမှာပင် စွမ်းအင်ချွေတာမှုပညာပေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးကြရန် အကြံပြုလိုပါကြောင်း။

၎င်းလုပ်ငန်းစဉ်မှာ လုပ်ငန်းလည်ပတ်မှုကုန်ကျစရိတ် နည်းပါးသော်လည်း ရင်းနှီးမြှုပ်နှံမှုကုန်ကျစရိတ်ကြီးမားလှသောကြောင့် လုပ်ငန်းစတင်နိုင်ရန်နှင့် ရေရှည်တည်တံ့နိုင်ရန် ပြည်တွင်းပြည်ပ ဘဏ္ဍာရေးအကူအညီများ ရယူ၍လည်းကောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမည့်သူများကို ဖိတ်ခေါ်၍ Public Private Partnership (PPP) စနစ်ဖြင့်လည်းကောင်း၊ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကကဏ္ဍ၏ လက်တွေ့လုပ်ငန်းခွင်ကျွမ်းကျင်မှုမှာ တန်ဖိုးမဖြတ်နိုင်ပါကြောင်း၊ စိတ်ကူးစိတ်သန်းကောင်းစွာ ချဉ်းကပ်ခြင်း၊ နည်းလမ်းပေါင်းစုံဖြင့် ဘဏ္ဍာငွေကြေးရှာဖွေခြင်း၊ စုပေါင်းအဖြေရှာခြင်းဟူသည့် အချက်များမှာ အရည်အသွေးမြင့်မားပြီး တာရှည်ခိုင်မြဲသည့် လျှပ်စစ်မီးနှင့် သောက်သုံးရေဝန်ဆောင်မှုကို လူထုကြီးထံ အရောက်ပို့နိုင်ရန်ကြိုးစားသည့်လုပ်ငန်းစဉ်ကြီးတွင် မရှိမဖြစ်လိုအပ်ချက်များဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းစဉ်များတွင် ကျေးလက်နေပြည်သူများ၊ လျှပ်စစ်နှင့်သောက်သုံးရေရရှိရေး ထုတ်လုပ်ထောက်ပံ့ပေးမည့်သူများ၊ နိုင်ငံတော်အစိုးရနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများပါဝင်သည့် Stakeholder အားလုံးက ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းများအောင်မြင်နိုင်မည်ဖြစ်ပါကြောင်း။

နိုင်ငံတော်အနေဖြင့် သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ၁၀ နှစ်စီမံကိန်းဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ သို့ရာတွင် ရာသီဥတုပြောင်းလဲမှု၊ လူဦးရေတိုးပွားလာမှု စသည့်အကြောင်းတရားများကြောင့် ရေလိုအပ်မှုသည် မြင့်မားနေဆဲပင်ဖြစ်ပါကြောင်း၊ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ရေအရင်းအမြစ်များစွာရှိသော်လည်း ထိရောက်စွာအသုံးချနိုင်ခြင်းမရှိသေးပါကြောင်း၊ ထို့ကြောင့် ပေါင်းစည်းထားသည့် ရေစီမံခန့်ခွဲမှုစနစ်ဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသများတွင် သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် အမျိုးသားရေးလိုအပ်ချက်အဖြစ် ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း။

အစည်းအဝေးတက်ရောက်လာကြသူများအနေဖြင့် ကျေးလက်ဒေသများတွင် အမှန်တကယ်လိုအပ်နေသည်များကို ပွင့်ပွင့်လင်းလင်းတင်ပြကြရန်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ဖြစ်နိုင်သည်က စတင်လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ လိုအပ်သည်များရှိလာပါက နိုင်ငံတော်ပိုင်းက အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းသွားမည်ဖြစ်ပါကြောင်း၊ ၎င်းလုပ်ငန်းစဉ်ကြီးသည် နိုင်ငံတော်အတွက် အလွန်အရေးကြီးသည့်အတွက် အားလုံးတက်ညီလက်ညီဖြင့် ပူးပေါင်းဆောင်ရွက်ကြမည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေးနှင့် သောက်သုံးရေ ရရှိရေးနည်းလမ်းများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး မှတ်တမ်းကို ဖတ်ကြားအတည်ပြုသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့်ဝန်ကြီးများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများမှ ဥက္ကဋ္ဌများနှင့်အမှုဆောင်များ၊ ကုမ္ပဏီများမှ လုပ်ငန်းရှင်များက တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ကျေးလက်ဒေသလျှပ်စစ်မီးနှင့် သောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များ၊ လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနများအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုရန်ပုံငွေအတွက် ဘဏ္ဍာရေးတာဝန်လုပ်ပိုင်ခွင့်များအပ်နှင်းပြီး လုပ်ငန်းများအချိန်မီပြီးစီးရေးအတွက် အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့သည်။

ကျေးလက်ဒေသလျှပ်စစ်မီးနှင့် သောက်သုံးရေရရှိရေးကော်မတီကို စက်တင်ဘာ ၉ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၈ ရက်က ကျင်းပခဲ့သည်။ အဆိုပါ ပထမအကြိမ်အစည်းအဝေးက ဆုံးဖြတ်ချက် ၁၂ ရပ်ချမှတ်ခဲ့ပြီး ယင်းဆုံးဖြတ်ချက်များအနက် ကျေးလက်မီးလင်းရေးနှင့်သောက်သုံးရေရရှိရေး လုပ်ငန်းများအား ကျေးလက်နေပြည်သူများ လွယ်ကူစွာနားလည်နိုင်မည့် လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ပြီး အိမ်ထောင်စုတစ်စုတွင် အသုံးပြုမည့် ဆိုလာမီးလင်းရေးစနစ်အတွက် ခန့်မှန်းကုန်ကျငွေကို တွက်ချက်ပြီးဖြစ်သည်။

ထို့အပြင် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အရ ကျေးလက်ဒေသမီးလင်းရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်သည့် ကုမ္ပဏီများ၏ အချက်အလက်များကိုပြုစုပြီး တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များသို့ ဖြန့်ဝေပေးပြီးဖြစ်သည်။ လိုအပ်သော ရန်ပုံငွေရရှိရေးအတွက် Development Partners များနှင့် ဆွေးနွေးခြင်း၊ ပြည်တွင်း၊ ပြည်ပပညာရှင်များကို ဖိတ်ခေါ်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ နိုဝင်ဘာ ၂၂ ရက်တွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့နှင့် ပူးပေါင်း၍ အမျိုးသားအဆင့် လျှပ်စစ်မီးလင်းရေးစီမံကိန်း ရေးဆွဲရေး(National Electrification Plan) အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပမည်ဖြစ်ပြီး အဆိုပါစီမံချက်ရေးဆွဲခြင်းကို ယခုလအတွင်း ပြီးစီးအောင် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိရသည်။

ကော်မတီအနေဖြင့် ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေးနှင့် သောက်သုံးရေရရှိရေးလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်မှ ခွင့်ပြုရန်ပုံငွေအပြင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ပြည်တွင်းအလှူရှင်များ၏ အလှူငွေများ တိုးတက်ရရှိရေး၊ ပုဂ္ဂလိကကဏ္ဍမှ ရင်းနှီးမြှုပ်နှံရေးတို့ကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် လောလောဆယ်တွင် အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်(ADB)၊ ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) အာရှ-ဂျပန် ပေါင်းကူးရေးအဖွဲ့ (BAJ)၊ UNICEF ၊ UN-HABITAT စသည့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

ဒေသခံများအနေဖြင့် မိမိတို့၏သဘောဆန္ဒများ၊ လိုလားချက်များနှင့်ပတ်သက်၍ ဥပဒေဘောင်အတွင်းမှ နည်းလမ်းတကျဖြေရှင်းဆောင်ရွက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့် ပတ်သက်သည့်
စုံစမ်းစစ်ဆေးရေးအစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့်ကော်မတီ

သတင်းထုတ်ပြန်ချက်အမှတ်(၃/၂၀၁၃)
၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်
(၂၀၁၃ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်)

၁။ လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးရေးအစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့်ကော်မတီသည် စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာပါ အကြံပြုချက်များနှင့်အညီ လက်ပံတောင်းတောင်ကြေးနီစီမံကိန်းအား နိုင်ငံတော်၏အကျိုးစီးပွား၊ ဒေသခံပြည်သူလူထုအကျိုးစီးပွားနှင့် အနာဂတ်မျိုးဆက်တို့၏ အကျိုးစီးပွားကို ပြည့်ဝစွာ ရရှိစေရန်အတွက် အစီအမံများချမှတ်ပြီး စီမံကိန်းကို ဆက်လက်ဆောင်ရွက်နိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတကာအသိအမှတ်ပြုစံနှုန်းများနှင့်အညီ သဘာဝပတ်ဝန်းကျင်၊ ဂေဟစနစ်များ၊ အပင်နှင့် သတ္တဝါများ၊ မြေပေါ်မြေအောက်သယံဇာတများ၏ အရည်အသွေးများ၊ လေထုမြေထုအရည်အသွေးများ၊ လူမှုစီးပွားရေးနှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများအစရှိသည့် နယ်ပယ်အသီးသီးတွင် ထိခိုက်မှုမရှိစေရေးအတွက် ကဏ္ဍအလိုက်အကောင်အထည်ဖော်ဆောင်ရေး အဖွဲ့ (၄) ဖွဲ့ ဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိပါသည်။ လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့် ပတ်သက်သည့် စုံစမ်းစစ်ဆေးရေးအစီရင်ခံစာအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကော်မတီ၏ ယနေ့အထိ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို သိရှိနိုင်ပါရန် ထုတ်ပြန်ကြေညာအပ်ပါသည်။

၂။ ကော်မတီသည် လက်ပံတောင်းတောင်ကြေးနီစီမံကိန်းအတွက် သိမ်းဆည်းခဲ့သောမြေအား အသေးစိတ်ပြန်လည်တိုင်းတာစေခဲ့ပြီး စီမံကိန်းအတွက် မလိုအပ်သောမြေမှ ၂၈၃ ဒသမ ၆၉ ဧကအား တောင်သူများသို့ ပြန်လည်ပေးအပ်ခဲ့ရာ မြေဧရိယာ ၂၄၄ ဒသမ ၂၁ ဧကအား လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်များနှင့်အတူ ပြန်လည်ထုတ်ပေးခဲ့ပြီးဖြစ်သည်။ ကျန်ရှိသောမြေများအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိရေး ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

၃။ ၂၀၁၁ ခုနှစ် ဧပြီလတွင် ပထမအကြိမ် မြေယာနစ်နာကြေးနှင့် သီးနှံလျော်ကြေးများအတွက် ငွေကျပ် ၄၀၅၄၉ ဒသမ ၂၀ သိန်းအားထုတ်ပေးခဲ့ပြီး စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာအရ မြေယာများ၊ နှစ်ရှည်သီးနှံများနှင့် ရေတွင်းများအတွက် ၂၀၁၃ ခုနှစ် မတ်လမှစတင်၍ လျော်ကြေးငွေများ ပေးအပ်ခဲ့ရာ မြေဧက ၃၃၄၈ ဒသမ ၆၀ ဧကအတွက် နစ်နာကြေးငွေကျပ် ၃၄၅၅၂ ဒသမ ၇၄ သိန်း ၊ နှစ်ရှည်သီးနှံများအတွက် လျော်ကြေးငွေကျပ် ၁၈၄၆ ဒသမ ၅၁ သိန်း၊ ရေတွင်းများအတွက် လျော်ကြေးငွေကျပ် ၂၆၄ ဒသမ ၆၂ သိန်း စုစုပေါင်းလျော်ကြေးငွေကျပ် ၃၆၆၆၃ ဒသမ ၈၇ သိန်းအား ဒုတိယအကြိမ် ထပ်မံ၍ပေးလျော်ခဲ့ပါသည်။ တောင်သူများထံသို့ ပထမအကြိမ်နှင့် ဒုတိယအကြိမ် လျော်ကြေးငွေ ပေးအပ်ခဲ့မှုမှာ စုစုပေါင်းငွေကျပ် ၇၇၂၁၃ ဒသမ ၀၇ သိန်း ဖြစ်ပါသည်။

၄။ စိုက်ပျိုးမြေများ ပြန်လည်ဖော်ထုတ်ပေးခြင်းဆောင်ရွက်ပေးလျက်ရှိရာ ဆားလင်းကြီးမြို့နယ်၊ ဘုတ်စုကျေးရွာအနီး မြေလွတ် ၁၄၅ ဧကတွင် ၃၅ ဧကဖော်ထုတ်နိုင်ခဲ့ပြီး နှစ်ရှည်ပင် ၁၆ ဧကအား စိုက်ပျိုးထားရှိပြီး ဖြစ်ပါသည်။

၅။ လျော်ကြေးများပေးအပ်စဉ် မြေပိုင်ဆိုင်မှုအငြင်းပွားမှုများ၊ လျော်ကြေးငွေပေးအပ်မှုကန့်ကွက်ခြင်းများဖြစ်ပေါ်ခဲ့သဖြင့် မြေယာမှုခင်းများစစ်ဆေးရေးကော်မတီကိုဖွဲ့စည်း၍ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ တရားမလမ်းကြောင်းအရ ဖြေရှင်းပြီးစီးသည့်အမှုများအတွက် လျော်ကြေးငွေများ ဆက်လက်ထုတ်ပေးလျက်ရှိပါသည်။

၆။ သဘာဝပတ်ဝန်းကျင်နှင့်လူမှုစီးပွားဆိုင်ရာသက်ရောက်မှုဆန်းစစ်ခြင်း (Environmental and Social Impact Accessment-ESIA)နှင့် သဘာဝပတ်ဝန်းကျင်စီမံအုပ်ချုပ်မှုစီမံချက် (Environmental Management Plan-EMP) ကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ရေးဆွဲအကောင်အထည်ဖော်နိုင်ရေးအတွက် ဩစတြေးလျနိုင်ငံအခြေစိုက် Knight Pie'sold Consulting ကုမ္ပဏီနှင့် မြန်မာ-ဝမ်ပေါင် ကုမ္ပဏီလီမိတက်တို့ စာချုပ်ချုပ်ဆိုဆောင်ရွက်လျက်ရှိသည်။ Knight Pie'sold Pty Limitedမှ ပြုစုခဲ့သော ESIA အစီရင်ခံစာအား လက်ခံရရှိခဲ့ပြီးဖြစ်သည်။ စီမံကိန်းတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုလျော့နည်းစေရေးအတွက် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစီမံချက် Construction Environmental and Social Management System-CESMS ကို Knight Pie'sold Pty Limited မှ ပညာရှင်များက ရေးဆွဲတင်ပြခဲ့ပြီး CESMS ပါ လုပ်ငန်းစီမံချက်များအတိုင်း စနစ်တကျဆောင်ရွက်ခြင်း ရှိမရှိ သိရှိနိုင်ရန် ဘက်မလိုက်သောအကဲဖြတ်အဖွဲ့ (Independent Monitoring Team-IMT) ကို Knight Pie'sold Pty Ltd မှ ပညာရှင်များ၊ သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဒေသခံကျေးရွာများမှ ကိုယ်စားလှယ်များပါဝင်သည့် အဖွဲ့ဝင် ၁၄ ဦးဖြင့်ဖွဲ့စည်း၍ ကြီးကြပ်စစ်ဆေးခြင်းများဆောင်ရွက်လျက်ရှိပါသည်။

၇။ စီမံကိန်းပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝရှုခင်း၊ မြင်ကွင်းများ၏(Aesthetic Value) ပျောက်ကွယ်မသွားစေရန်အတွက် ဇုန်(၃)ဇုန်ခွဲ၍ တစ်သျှူးယူကလစ်၊ တမာ၊ ကုက္ကိုနှင့်မဲဇလီ စသည့်အပင်မျိုးစုံစိုက်ပျိုးခြင်းနှင့် ရွှေသမင်ဘေးမဲ့မြေဧရိယာအဖြစ် ၃၂ ဒသမ ၀၉ ဧကကို သတ်မှတ်ထားရှိပြီး ကျင်လည်ကျက်စားနိုင်ရန် အစာတဲငယ်များ၊ ရေကန်များတည်ဆောက်ခြင်းနှင့် စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်စိုက်ပျိုးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

၈။ ဒေသခံများအလုပ်အကိုင်ရရှိရေး၊ ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်မီးရရှိရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေးနှင့် လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေရေးအတွက် စီမံကိန်းတည်ဆောက်ရေးကာလတွင် CSR ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၈ သန်း အကုန်အကျခံ၍ ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းများထိရောက်လျင်မြန်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် CSD Plan (Community Society Development Plan) ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။ ပညာရည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကံကုန်းကျေးရွာ၊ တောင်ပလူကျေးရွာ၊ ထန်းတောကြီးကျေးရွာနှင့်ကျော်ရွာကျေးရွာတို့တွင် စာသင်ကျောင်းများတည်ဆောက်ပြုပြင်ပေးခြင်း၊ ဝက်မှေး-ကံတောနှင့် ဆည်တည်း-ဇီးတောကျေးရွာသစ်များတွင် မူလတန်းကြိုကျောင်းများ တည်ဆောက်ပေးခြင်း၊ ပတ်ဝန်းကျင်ကျေးရွာများ စာကြည့်တိုက် တည်ဆောက်ပေးခြင်း၊ စာအုပ်များနှင့် ပရိဘောဂလှူဒါန်းပေးခြင်း၊ ပညာသင်ထောက်ပံ့ကြေး ပေးခြင်းများအတွက် ငွေကျပ် ၂၈၈၆ ဒသမ ၈၀ သိန်း၊ ကျန်းမာရေးပြုစုစောင့်ရှောက်ခြင်းနှင့် ဆေးကုသပေးခြင်းများအတွက် ငွေကျပ် ၂၄၀၂ ဒသမ ၁၀ သိန်း၊ တိုက်နယ်ဆေးရုံတည်ဆောက်ရေးနှင့် ဆေးရုံသုံးပစ္စည်းများ ဝယ်ယူရန်အတွက် ငွေကျပ် ၄၂၅၀ သိန်း၊ စီမံကိန်း ပတ်ဝန်းကျင်ကျေးရွာများဖြစ်သည့် ဝါးတန်းကျေးရွာ၊ လယ်တီကျေးရွာ၊ တည်ပင်ကန်ကျေးရွာ၊ ကျောက်ဖြူတိုင်ကျေးရွာ၊ ရွှေလှေကျေးရွာ၊ တောင်ပလူကျေးရွာ၊ ပလောင်ကျေးရွာနှင့် ကူးတို့ကုန်းကျေးရွာများ လျှပ်စစ်မီးရရှိရေးအတွက် ငွေကျပ် ၃၁၁၆ ဒသမ ၇၁ သိန်း၊ ဝါးတန်းကျေးရွာ၊ တည်ပင်ကန်ကျေးရွာ၊ မိုးကြိုးပြင် (တောင်၊လယ်၊မြောက်)ကျေးရွာနှင့် ကျော်ရွာကျေးရွာများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ငွေကျပ် ၉၉၉ ဒသမ ၃၀ သိန်း၊ ဝါးတန်းကျေးရွာ၊ တည်ပင်ကန်ကျေးရွာ၊ မိုးကြိုးပြင်(မြောက်)၊ ရွှေပန်းခိုင်ကျေးရွာ၊ သဲတောကြီးကျေးရွာ၊ လယ်တီကျေးရွာနှင့် ကျော်ရွာကျေးရွာများ ကျေးလက်လမ်းများ ပြုပြင်ခြင်းအတွက် ငွေကျပ် ၆၆၀ ဒသမ ၆၀ သိန်း အသီးသီး အကုန်အကျခံ၍ ဆောင်ရွက်လျက်ရှိသည်။

၉။ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး ဆောင်ရွက်ပေးလျက်ရှိရာ စီမံကိန်းတည်ဆောက်ရေးကာလတွင် ဒေသခံ ၁၃၆၀ ဦး အလုပ်ခန့်ထားပေးခဲ့ပြီးဖြစ်သည်။ စီမံကိန်းလုပ်ငန်းများ စတင်ချိန်မှစ၍ တစ်နှစ်အတွင်း ၁၉၀၀ ဦး ခန့်ထားနိုင်ရေးစီစဉ်ထားရှိပြီး ၎င်းအနက်မှ ဒေသခံဘွဲ့ရ ၃၅၀ ဦးအား ရွေးချယ်စိစစ်၍သင်တန်းပို့ချပေးလျက်ရှိသည်။

၁၀။ လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့် ပတ်သက်သည့် စုံစမ်းစစ်ဆေးရေးအစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီသည် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဒေသခံများနစ်နာမှုမရှိစေရေးအတွက် တစ်ဆင့်ပြီးတစ်ဆင့် စနစ်တကျစီမံဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ဒေသခံများအနေဖြင့် မိမိတို့၏သဘောဆန္ဒများ၊ လိုလားချက်များနှင့်ပတ်သက်၍ တရားဥပဒေစိုးမိုးရေးနှင့် ဒေသတည်ငြိမ်အေးချမ်းရေးတို့အတွက် ဥပဒေဘောင်အတွင်းမှ နည်းလမ်းတကျ ဖြေရှင်းဆောင်ရွက်သွားကြရန် တိုက်တွန်းအပ်ပါသည်။

လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့်
စုံစမ်းစစ်ဆေးရေးအစီရင်ခံစာအပေါ်
အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီ

ရက်စွဲ။ ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်

နိုင်ငံတကာသတင်း

အီရန်ကိုအရေးယူမှုအသစ် ထပ်မံမပြုလုပ်ရန် သမ္မတ အိုဘားမား ဆီးနိတ်အမတ်များကို တိုက်တွန်း

နယူးယောက် နိုဝင်ဘာ ၂၀

အီရန်နျူကလီးယား အစီအစဉ်နှင့်ပတ်သက်၍ စာချုပ်ချုပ်ဆိုမှု ပြီးစီးအောင်ဆောင်ရွက်ရေး အင်အားကြီးနိုင်ငံများကို အချိန်ပေးရန် အီရန်ကိုအရေးယူမှုအသစ် ထပ်မံမပြုလုပ်ရေး အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ဆီးနိတ်လွှတ်တော်အမတ်များအား တိုက်တွန်းလိုက်သည်။ အီရန်နှင့် သဘောတူညီစာချုပ် မချုပ်ဆိုနိုင်ခဲ့သည်ရှိသော် အီရန်က ယူရေနီယံသန့်စင်မှုကို ဆက်လက်ပြုလုပ်လိမ့်မည်ဖြစ်ကြောင်း အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက သတိပေးပြောကြားလိုက်သည်။

P5+1 အုပ်စုနိုင်ငံများမှ သံတမန်များသည် ဗုဒ္ဓဟူးနေ့တွင် ဂျီနီဗာ၌ အီရန်နှင့်အတူ ဆွေးနွေးပွဲသစ်ကို စတင်လိမ့်မည်ဟုဆိုသည်။ မိမိအနေဖြင့် အဆိုပါကိစ္စကို ဖြေရှင်းနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။ အမေရိကန်သမ္မတ အိုဘားမားသည် နိုဝင်ဘာ ၁၉ ရက်က အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီ၊ အမျိုးသား လုံခြုံရေး အကြံပေးအရာရှိ ဆူဆန်ရိုက်စ်တို့အပါအဝင် ဆီးနိတ်လွှတ်တော်အမတ်များနှင့် အိမ်ဖြူတော်၌ နှစ်နာရီကြာ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ အိမ်ဖြူတော်အနေဖြင့် အီရန်အရေးနှင့်ပတ်သက်ပြီး ကိုင်တွယ်လုပ်ဆောင်ရာတွင် အလွန်မြန်ဆန်လွန်းကြောင်း၊ ခက်ခဲသောကိစ္စကို ဆောင်ရွက်ရာတွင် အချိန်ယူသင့်ကြောင်း မကြာသေးမီက အမေရိကန်ဥပဒေပြုအမတ်များက စိုးရိမ်ပူပန်မှုကို ထုတ်ဖော်ပြောကြားလိုက်သည်။

"ကျွန်တော်တို့အနေနဲ့ အီရန်နျူကလီးယားအစီအစဉ်ကို ဟန့်တားနိုင်တဲ့အခွင့်အလမ်းရှိပြီးသားပါ၊ ပြီးပြည့်စုံသောဆုံးဖြတ်ချက်နဲ့ အောင်မြင်အောင်ဆောင်ရွက်သွားနိုင်ပါလိမ့်မယ်" ဟု အိမ်ဖြူတော် ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။ **(ဘီဘီစီ)**

တောင်အာဖရိကတွင် ရှော့ပင်းမောအမိုးပြိုကျလူပေါင်း ၅၀ အပျက်အစီးများအကြားပိတ်မိနေ

ဂျိုဟန်နစ္စဘတ် နိုဝင်ဘာ ၂၀

တောင်အာဖရိကနိုင်ငံရှိ ရှော့ပင်းမောတစ်ခု၏ဆောက်လုပ်ရေးလုပ်ငန်းခွင်၌ အမိုးပြိုကျခဲ့ပြီး တစ်ဦးသေဆုံးကာ ၅၀ ပိတ်မိနေကြောင်း တာဝန်ရှိသူများက ပြောသည်။

ကယ်ဆယ်ရေးအဖွဲ့များက ဒါဘန်မြို့မြောက်ပိုင်း တွန်ဂါအက်အရပ်၌ အဆိုပါအမိုးပြိုကျရာနေရာ၌ အနံ့ခံခွေးများသုံးပြီး အသက်ရှင်ကျန်ရစ်သူများအား ကယ်ထုတ်ရန် ညအမှောင်ထဲတွင်အလုပ်လုပ်နေကြရသည်။

လူပေါင်း ၃၀ ခန့် ဆေးရုံတင်ပို့လိုက်ရပြီး အများအပြားဒဏ်ရာရရှိသွားခဲ့ကြောင်း ဆေးအဖွဲ့ကပြောသည်။ အဆိုပါပိတ်မိနေသူများမှာ ဆောက်လုပ်ရေးလုပ်ငန်းခွင်အလုပ်သမားများဖြစ်ကြကြောင်း တာဝန်ရှိသူများကပြောသည်။ ပိတ်မိနေသူအလုပ်သမားများသည် ကြီးမားလှသောအမိုးကျောက်ပြားကြီးနှင့် မြေမြင်များအကြား ညှပ်ပိတ်ခံနေကြရကြောင်း ကယ်ဆယ်ရေး တာဝန်ရှိသူများက ပြောသည်။ **(ဘီဘီစီ)**

ဗင်နီဇွဲလားသမ္မတအား အထူးအာဏာအပ်နှင်း ကုန်ဈေးနှုန်းကျဆင်းရေး ဆောင်ရွက်ပေးရန်ကတိပြု

ကာရာကာ့စ် နိုဝင်ဘာ ၂၀

ဗင်နီဇွဲလားအမျိုးသားညီလာခံက သမ္မတနီကိုလက်မာဒူရိုအား အထူးအာဏာအခွင့်အရေးပေးလိုက်ပြီဖြစ်ကြောင်း နိုဝင်ဘာ ၂၀ ရက်က ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အဆိုပါ အထူးအခွင့်အရေးအစီအမံများအရ မစ္စတာမာဒူရိုသည် ၁၂ လတာ ကာလအတွင်း လွှတ်တော်နှင့် တိုင်ပင်ဆွေးနွေးစရာမလိုဘဲ တိုင်းပြည်ကို အုပ်ချုပ်ခွင့်ရရှိမည် ဖြစ်သည်။ ယင်းဥပဒေကို လက်မှတ်ရေးထိုးလိုက်ပြီးနောက် သမ္မတမာဒူရိုက ကုန်ဈေးနှုန်းကျဆင်းရေးနှင့် လာဘ်စားမှုတိုက်ဖျက်ရေးအတွက် ကတိပြုပြောဆိုလိုက်သည်။

ယင်းလုပ်ပိုင်ခွင့်အာဏာသည် ဗင်နီဇွဲလားနိုင်ငံ၏ စီးပွားရေးအကျပ်အတည်းကို ကိုင်တွယ်ဖြေရှင်းရန်ရည်ရွယ်ကြောင်း၊ သို့ရာတွင် အတိုက်အခံနှင့်ဆန့်ကျင်ဘက်ဖြစ်လာမည်ကို ဝေဖန်သူများက ပြောဆိုနေကြသည်။

ဗင်နီဇွဲလားနိုင်ငံသည် ခါတ်အားများဖြတ်တောက်ခြင်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း ၅၄ ရာခိုင်နှုန်းရှိနေသကဲ့သို့အစားအစာနှင့် အခြားမရှိမဖြစ် သုံးကုန်ပစ္စည်းများ ပြတ်လပ်မှုနှင့်ကြုံနေရသည်။

အစိုးရက ဒေါ်လာမှောင်ခိုဈေးကွက်ကြီးထွားလာမှုကို ထိန်းချုပ်ရန် နိုင်ငံခြားငွေရောင်းချမှုအပေါ် တင်းကျပ်ထိန်းချုပ်မှုပြုလုပ်ရန်လည်း ဥပဒေပြဋ္ဌာန်းထားသည်။ သို့သော်လည်း အထူးလုပ်ပိုင်ခွင့်အာဏာများသည် ၎င်း၏ စီးပွားရေးတည်ငြိမ်ရေးဆောင်ရွက်နိုင်လိမ့်မည်ဖြစ်ကြောင်း အစိုးရကပြော သည်။ ယင်းဥပဒေသည် အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရာတွင်လည်း အသုံးပြုနိုင်လိမ့်မည်ဖြစ်ကြောင်း မစ္စတာမာဒူရိုက ပြောသည်။ (ဘီဘီစီ)

အီရန်က အကြီးဆုံး မောင်းသူမဲ့လေယာဉ်ထုတ်လုပ်

တီဟီရန် နိုဝင်ဘာ ၂၀

အီရန်နိုင်ငံက မိုင် ၂၀၀၀ အကွာအဝေးကို ပျံသန်းနိုင်သည့် မောင်းသူမဲ့လေယာဉ် ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း၊ ယင်းမှာအစ္စရေးအပါအဝင် အရှေ့အလယ်ပိုင်းဒေသတစ်ခုလုံးကို လွှမ်းခြုံနိုင်ကြောင်း အီရန်ကပြောသည်။ အဆိုပါ မောင်းသူမဲ့လေယာဉ်သည် ကင်းထောက်လုပ်ငန်းများ ဆောင်ရွက်ရန် သို့မဟုတ် ဒုံးပျံတိုက်ခိုက်မှုများပြုလုပ်ရာတွင် အသုံးပြုနိုင်ကြောင်း အီရန်ကာကွယ်ရေးဝန်ကြီးက ပြောကြားသည်။ ရန်သူများက အရေးယူပိတ်ဆို့မှုများပြုလုပ်နေသော်လည်း အီရန်နိုင်ငံ၏ တိုးတက်မှုကို ဟန့်တားနိုင်မည်မဟုတ်ကြောင်း ဟိုစိစိန့်ဒက်ချ်ဂန်းကပြောသည်။ Fotros ဟုအမည်ပေးထားသည့် အဆိုပါ မောင်းသူမဲ့လေယာဉ်သည် နာရီပေါင်း ၃၀ကြာ လေကြောင်းကာကွယ်ရေးလုပ်ငန်းများကို ပြုလုပ်နိုင်စွမ်းရှိသည်ဟု ဆိုသည်။ ထိုအတောအတွင်း အမေရိကန်က မောင်းသူမဲ့လေယာဉ်များ အသုံးပြုပြီး ထောက်လှမ်းရေးသတင်းများ စုဆောင်းခြင်းနှင့် တိုက်ခိုက်ခြင်းများပြုလုပ်လျက်ရှိသည်။ တရုတ်အပါအဝင် နိုင်ငံအများအပြားက မောင်းသူမဲ့လေယာဉ် နည်းပညာတိုးတက်ရန် ဆောင်ရွက်လျက်ရှိသည်။ **(ဘီဘီစီ)**

ဝန်ထမ်းအမြန်အလိုရှိသည်

ကုမ္ပဏီတွင် တာဝန်ထမ်းဆောင်ရန် ယာဉ်မောင်းတစ်ဦး အလိုရှိသည်။ အသက်(၂၅-၃၀)နှစ်အတွင်း ဖြစ်ရမည်။

အတွေ့အကြုံ အနည်းဆုံး(၃)နှစ် ရှိရမည်။

အမှတ်၂၅၊ မြေနုလမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၅၀၁၄၃၅၊ ၂၃၀၄၀၅၄

ပျောက်ဆုံးကြောင်း

ကျွန်ုပ် ဦးဉာဏ်ထွန်း (ဘ)ဦးရွှေထိန် ၁၀/ပမန(နိုင်)၁၀၉၅၀၈၏ Passport ပျောက်ဆုံးပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၄၁၄၆၁၆၊ ၀၉-၅၀၄၅၆၇၁

ပျောက်ဆုံးကြောင်း

ကျွန်ုပ် ဇော်လင်းထွန်း (ဘ)ဦးစောအောင် ၅/တဆန(နိုင်)၁၇၈၁၆၇၏ Passport ပျောက်ဆုံးပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၄၁၄၆၁၆၊ ၀၉-၅၀၄၅၆၇၁**

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ပေါက်စ(ဘ)ဦးညွန့်မောင် ၁၂/သကတ(နိုင်)၀၄၉၅၉၃၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ပေါက်စ
ဖုန်း-၀၉-၇၃၀၀၄၈၀၉၈

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ တိုးကြောင်ကြီးကျေးရွာအား မြေကွက်ဖော်ထုတ်ရာတွင် ပြန်လည်ချထားခံရသူ မြေတိုင်းရပ်ကွက်အမှတ်(၃၃-တိုးချဲ့)မြေကွက်အမှတ်(၆၂၅)မြေအမည်ပေါက် ဦးကျော်စိုး W/RGN- ၀၀၆၀၁၅မြေချပါမစ်အားထုတ်ယူခွင့်ပြုပါရန် ဝယ်ယူထားသူ ဒေါ်ကျင်ဌေး ၁၂/လကန(နိုင်)၀၆၅၁၈၂က မြေချစလစ်မူရင်း၊ ငွေသွင်းချလန်မူရင်း၊ အရောင်းအဝယ်စာချုပ်မူရင်းများနှင့် တကွတင်ပြလျှောက်ထားလာပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ဤဦးစီးဌာနသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၈)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်သော်ဇင် ၁၂/ဗဟန(နိုင်)၀၉၈၅၁၉၏ ပတ်စ်ပို့စာအုပ် M-၃၀၈၇၃၆ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၁၉၆၇၆၁

ဥတုရာသီ တောကိုမှီ

Ministry of Finance
Myanma Foreign Trade Bank
Announcement for international Open Tender

With reference to the Announcement of temporarily postponed for international open tender to supply banking software for Myanma foreign Trade Bank under notification dated 3rd September 2013, in the New Light of Myanmar and 4th September 2013,in the Myanma Alin. The Powerpoint Presentation Will be held as follows;-

Date : 30-11-2013(Saturday)
Time : (1) 9:00 am
Powerpoint Presentation
(2) 5:00pm
Tender Opening
Place: Conference Hall
Myanma Foreign Trade Bank, 80-86 Mahabandoola Garden Street, Kyauktada Township, Yangon.

For further information and detail, Kindly contact to phone no. 951-381695/380614.

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၅)ရပ်ကွက်၊ ညောင်ရမ်းလမ်း၊ မြေကွက်အမှတ်၂၁၄(၆)၊ ၂၁၄(၇)၊ ၂၁၄(၈)၊ မြေကွက်အကျယ် ပေ၄၀× ပေ၆၀ရှိ မြေကွက်သုံးကွက်အား ပိုင်ရှင်ဒေါ်တင်တင်ဝေ ၁၂/မဂဒ(နိုင်)၀၅၀၁၃၇ ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတချို့တစ်ဝက်ပေးချေပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ယနေ့ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသည့်စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်ရန်နှင့် ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသက်အောင်ထူး LL.B
အထက်တန်းရှေ့နေ(စဉ်-၂၄၃၇၉)
အမှတ် ၆၊ သမာဓိလမ်း၊ တရားရုံးအနီး၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်

(၄၄)နှစ်မြောက် လက်ထပ်မင်္ဂလာဆုတောင်းလွှာ

သတင်းစာဆရာ၊ စာရေးဆရာ၊ ကော့ကရိတ်မြို့နယ်အသင်းဥက္ကဋ္ဌ ဖေဖေ ဦးသန်းအောင်နိုင်နှင့် အငြိမ်းစား အထက်တန်းပြဆရာမ မေမေ ဒေါ်မိတင်တင်မြ (မော်လမြိုင်)တို့၏ ၂၁-၁၁-၂၀၁၃ရက်တွင် ကျရောက်သော (၄၄)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် သက်ဆုံးတိုင် သား၊ သမီး၊ မြေးများနှင့်အတူ ကျန်းမာ၊ ချမ်းသာစွာဖြင့် အမျိုး၊ ဘာသာ၊ သာသနာအကျိုးတို့ကို ဆောင်ရွက်နိုင်ပါစေ။

ချစ်သားကြီး - မင်းထွန်းဦးအောင်-မခင်မာလွင်(မြေး-အေးသဒ္ဒါဦး)
ချစ်သမီးများ - ကိုကောင်းထိုက်-မြသီတာအောင်
- မြမာလာအောင်
- ကိုနိုင်လင်းအောင်-မြနီလာအောင် (မြေး-ရဲထက်အောင်)
- ကိုမျိုးနိုင်ဦး-မြရတနာအောင် (မြေး-ရဲရင့်အောင်)
- မြဆွေဇင်အောင်

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံအရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၉၊ မြေကွက်အမှတ် ၂၂၃၊ အမှတ်စဉ်(၁၂)ဟုခေါ်တွင်သည့် အလျားပေ ၄၀ × အနံပေ ၆၀ ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေပေါ်ရှိ မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင် ဝယ်ယူပိုင်ဆိုင်သူ ဦးမျိုးသန့်ဦး ၈/တတက(နိုင်)၁၂၇၂၈၂ထံမှ ဦးစန်းမြင့် ၁၂/လမန(နိုင်)၀၉၅၈၄၁ က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက် ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးစန်းမြင့်
၁၂/လမန(နိုင်)၀၉၅၈၄၁
အမှတ် ၇၊ ဘုရင့်နောင်လမ်းမ၊
(၃)ရပ်ကွက်၊ လှိုင်မြို့နယ်
ဖုန်း-၀၉-၄၂၀၀၂၆၅၅၂၊ ၀၉-၇၃၈၄၈၈၈၈

လက်ဝှေ့အားကစားတိုးတက်ရေး ဆွေးနွေးပွဲကျင်းပ

ပျဉ်းမနား နိုဝင်ဘာ ၂၀

သတင်း-ကိုမျိုး(ရွှေပေါက်ကံ)၊ ဓာတ်ပုံ-ဇော်ထွန်းဝင်း

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်သည် လက်ဝှေ့ရေခံမြေခံကောင်း၍ လက်ဝှေ့အားကစားသမားကောင်းများ ထွက်ပေါ်ခဲ့သော မြို့တစ်မြို့ ဖြစ်ခဲ့သည်။ ယင်းအစဉ်အလာကို ပြန်လည်ရယူနိုင်ရန် ရည်ရွယ်၍ နိုဝင်ဘာ ၁၈ ရက် မွန်းလွဲ ၂ နာရီက မင်္ဂလာရပ်ကွက် ပျားရေလွင်ပြင်စားတော်ဆက်တွင် လက်ဝှေ့အားကစားတိုးတက်ရေး ဆွေးနွေးပွဲ ကျင်းပခဲ့သည်။ **(ယာပုံ)**

ဆွေးနွေးပွဲသို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမှတ်ကြီး၊ ဒေါက်တာပေါ်မြင့်ဦး၊ ဦးမြင့်ဆွေ (ဒိုင်လူကြီးဟောင်း)နှင့် မြို့မိမြို့ဖများ၊ သတင်းအဖွဲ့များ၊ လက်ဝှေ့ ကလပ်ဟောင်းများဖြစ်သော ရန်အောင်(၂)၊ ဘရိုက်စတားဟီးရိုး၊ တောင်သာ၊ မင်္ဂလာဆောက်လုပ်ရေး၊ ယောက်သွားအင်း၊ ရှေ့ဆောင်၊ ရွှေပေါင်းလောင်း၊ စည်ပင်၊ ရွာကောက်အသင်းများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးထွန်းလွင်(ခ) ဘဂျမ်း (ကြိုးဝိုင်းဒိုင် ဟောင်း) လက်ဝှေ့သမားဟောင်းတစ်ဦးက "ကျွန်တော်တို့ ပျဉ်းမနားမြို့ဟာ ဟိုးအရင်လက်ထက်ကတည်းက လက်ဝှေ့အကျော်အမော် များစွာကို နိုင်ငံတော်အတွက် မွေးထုတ်ပေးခဲ့တဲ့ဇာတိမြေပါ၊ မြို့မှာ လက်ဝှေ့ကို စတင်ခဲ့တာဆိုလျှင် ကျွန်တော် ၁၀ နှစ်သား ၁၉၅၇-၁၉၅၈ နှစ်လောက်က ဦးရဲသီဟ (ကြည်း၊ ရေ၊ လေ) ကိုယ်စားပြု လက်ရွေးစင်တစ်ဦးက ရဲသီဟကလပ်ကို ဖွဲ့စည်းတည်ထောင်ခဲ့ပါတယ်၊ ၁၉၅၉-၁၉၆၀ ခုနှစ်မှာ ဦးကျော်မြင့်လေး (ကျွန်းဆွယ်ချန်ပီယံ) တစ်ဦးကလည်း ရွှေကျားကလပ်ကို ထူထောင်ခဲ့တယ်။ နောက်ပိုင်းမှာတော့ ဦးချစ်တင် (တပ်ရင်း-၁၇)ကိုယ်စားပြု ကစားသမား၊ ဦးဖုန်းမြင့် (ခ)ဦးနီလုံး၊ ဦးထွန်းအောင် အစရှိသူတို့က မြို့ရဲ့ဂုဏ်ကို ထိန်းသိမ်းခဲ့တယ်။ ဦးကျော်မြင့်လေး၊ ဦးနီလုံး အစရှိသည့် အားကစားသမားများဟာ နိုင်ငံတွင် ကျော်ကြားခဲ့သည်သာမက အာရှမှာပါ ကျော်ကြားခဲ့သော အားကစားသမားကောင်းများဖြစ်ခဲ့ပြီး ဦးထွန်းအောင်၏ ဘယ်ဘက်လက်သီးဟာ လွန်စွာအားကောင်းတဲ့ လက်သီးဖြစ်ခဲ့တယ်" ဟု ပြောကြားသည်။

လက်ဝှေ့အားကစားကို မြို့နယ်တွင် သေချာကျစ်လျစ်ကောင်းမွန်သော အဖွဲ့အစည်းတစ်ခုအနေဖြင့် ပြန်လည် ဖွဲ့စည်းသွားမည် ဖြစ်သည်။ မြို့မိ/ မြို့ဖများကလည်း အဖွဲ့ကို တတ်နိုင်သောဘက်မှ ပါဝင်အားဖြည့် ဆောင်ရွက်သွားမည်ဟုလည်း သိရသည်။

ပြောကြားခဲ့

မြို့နယ်ဂုဏ်ဆောင် လက်ဝှေ့မျိုးဆက်သစ် အားကစားသမားများမှတစ်ဆင့် နိုင်ငံ့လက်ရွေးစင် ကစားသမားများ ပြန်လည်ထွက်ပေါ်လာစေရန် အထူးကြိုးစားသွားမည်ဖြစ်ကြောင်း အသင်း၏တာဝန်ရှိသူများနှင့် အသင်းသားများက ပြောကြားခဲ့ကြောင်း သိရသည်။

လူကုန်ကူးမှုတိုက်ဖျက်ရေး အားလုံးပါဝင်ဆောင်ရွက်ပေး

ကျေးလက်လူမှုစီးပွားဘဝဖွံ့ဖြိုးရေး ဆောင်ရွက်

မိတ္ထီလာ နိုဝင်ဘာ ၂၀

မိတ္ထီလာခရိုင် သာစည်မြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ လူမှု စီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး ရည်ရွယ်ချက်ဖြင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန အစီအစဉ်ဖြင့် ဆိတ်၊ ဝက်၊ ကြက်၊ ဘဲများ အကြွေးစနစ်ဖြင့် ဖြန့်ဝေပေးကြောင်း သိရသည်။

"နိုဝင်ဘာ ၁၄ ရက်က စတင်ပြီး သာစည်မြို့နယ် ရွာကြီးကျေးရွာနေပြည်သူများကို ဆိတ်အကောင် ၂၀၀၊ ဒေသကြက်အကောင် ၅၀၀၊ ဝက် ၃၆ ကောင်၊ ဒေသဘဲ ငါးကောင်၊ အသားတိုးဘဲ ၅၃ ကောင်တို့ကို အမှန်တကယ် အိမ်တွင်းတစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းကို စိတ်ဝင်စားတဲ့ အိမ်ထောင်စုတွေထံ ဖြန့်ဝေပေးခဲ့တာပါ။ နိုဝင်ဘာ ၁၈ ရက်မှာ ဖြန့်ဝေပြီးစီးပါတယ်။ ဆက်လက်ပြီး သာစည်မြို့နယ် ဘိုကုန်းကျေးရွာတွင် ဒေသကြက်အကောင် ၁၀၀၊ ဒေသဘဲ ၁၂၅ ကောင်၊ ကျည်တိုင်ကုန်းကျေးရွာတွင် ဒေသကြက် အကောင် ၄၀၀ ဆက်လက် ဖြန့်ဝေပေးသွားမှာပါ"ဟု ခရိုင်ဦးစီးမှူး ဒေါက်တာဝင်းမြင့်သိန်းက ပြောသည်။

အဆိုပါ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး ရည်ရွယ်ချက်ဖြင့် ဆိတ်၊ ဝက်၊ ကြက်၊ ဘဲများ ဖြန့်ဝေပေးခြင်း လုပ်ငန်းကို ဒေါက်တာမြတ်စံ ဒုတိယညွှန်ကြားရေးမှူး(နေပြည်တော်)၊ ဒေါက်တာမိုးကျော်သူ လက်ထောက်ညွှန်ကြားရေးမှူး (နေပြည်တော်)၊ ခရိုင်ဦးစီးမှူး ဒေါက်တာဝင်းမြင့်သိန်း၊ မြို့နယ်ဦးစီးမှူး ဒေါက်တာလှမြင့်တို့က ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ချမ်းသာ(မိတ္ထီလာ)

တန်ဆောင်မုန်းလပြည့်နေ့ညက လုံခြုံရေးတာဝန်ကျ ရဲတပ်ဖွဲ့ဝင်နှစ်ဦး အကြောင်းမဲ့အရိုက်ခံရ

မန္တလေး နိုဝင်ဘာ ၂၀

မန္တလေးတိုင်း ဒေသကြီး အောင်မြေသာစံမြို့နယ်တွင် နယ်မြေအတွင်း ဥပဒေမဲ့ပြုလုပ်မှုများ မဖြစ်ပေါ်စေရေး အောင်မြေသာစံမြို့မ ရဲစခန်းတွင် တာဝန်ထမ်းဆောင်နေသော တာဝန်ကျရဲတပ်ဖွဲ့ဝင်နှစ်ဦးအား အသက် ၂၀ ကျော် လူငယ်နှစ်ဦးက အကြောင်းမဲ့ ဝင်ရောက်ရိုက်နှက်ခဲ့ကြောင်း သိရသည်။

တားမြစ်

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၇ ရက် တန်ဆောင်မုန်းလပြည့်နေ ည ၁၁ နာရီခန့်က နယ်မြေအတွင်း ဥပဒေမဲ့ပြုလုပ်မှုများမဖြစ်ပေါ်စေရေးအတွက် ၂၆×၈၀ ကျုံးထောင့်တွင် အောင်မြင်သာစံမြို့မရဲစခန်းမှ ရဲယူနီဖောင်းဖြင့် တာဝန်ထမ်းဆောင်နေသော တာဝန်ကျရဲတပ်ဖွဲ့ဝင် ရဲတပ်ကြပ်ကြီးတင်စိန်နှင့် ရဲတပ်သားဝေယံစိုးတို့ နှစ်ဦးရှေ့တွင် အသက် ၂၀ ကျော် အရွယ်ရှိ လူငယ်နှစ်ဦးက ဆိုင်ကယ်ကိုရပ်ပြီး ဆိုင်ကယ်လီဘာကို အကုန်ဆွဲပြီး အိတ်ဇောသံကို ကျယ်လောင်စွာ တဝေါဝေါနှင့် ပြုလုပ်နေခြင်း၊ ဆူညံအော်ဟစ်နေခြင်းနှင့် ပတ်ဝန်းကျင် စိတ်အနှောင့်အယှက်ဖြစ်အောင်ပြုလုပ်နေသဖြင့် တာဝန်ကျရဲတပ်ဖွဲ့ဝင်နှစ်ဦးက တာဝန်အရ သွားရောက်ပြီး ဤကဲ့သို့ မပြုလုပ်ရန်နှင့် မိမိတို့လမ်းကို ကောင်းမွန်စွာသွားရန် တားမြစ်ပြောဆိုစေလွှတ်ခဲ့ရာ အဆိုပါလူငယ်နှစ်ဦးက တာဝန်ကျရဲတပ်ဖွဲ့ဝင်နှစ်ဦးအား မချေမငံ ပြန်လည်ပြောဆို အော်ဟစ်ပြီး ၂၆ လမ်းအတိုင်း အနောက်ဘက်သို့ ဆိုင်ကယ်မောင်းထွက်သွားကြသည်။ မိနစ် ၂၀ ခန့်ကြာသောအခါ ၎င်းတို့နှစ်ဦးမှာ တုတ်များ ကိုင်ဆောင်ပြန်လည်ရောက်ရှိလာပြီး တာဝန်ကျရဲတပ်ဖွဲ့ဝင် နှစ်ဦးအား အသင့်ကိုင်ဆောင်လာသော တုတ်များဖြင့် ဝင်ရောက် ရိုက်နှက်ခဲ့သဖြင့် ရဲတပ်ကြပ်ကြီးတင်စိန်နှင့် ရဲတပ်သားဝေယံစိုးတွင် ဒဏ်ရာများ ရရှိခဲ့သဖြင့် အနီးရှိ ဆက်သွယ်ရေး လုံခြုံရေးတာဝန်ကျ ဒုရဲအုပ်ကျော်လင်းထက်နှင့်အဖွဲ့၊ နယ်မြေလှည့်ကင်းတာဝန်ဆောင်ရွက်နေသော နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ကျော်လင်းဦးအဖွဲ့တို့နှင့်အတူ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်ဦး၊ ဆယ်အိမ်စုမှူး ဦးသက်နိုင်တို့အဖွဲ့တို့က အဆိုပါ လူငယ်နှစ်ဦးကို ဖမ်းဆီးခဲ့ကြောင်း သိရ သည်။

စစ်ဆေးဆောင်ရွက်

အဆိုပါ လူငယ်နှစ်ဦးမှာ ဖြိုးဝေ (၂၆ နှစ်)နှင့် မျိုးမင်းထွန်း (ခ) လှော်ကြီး (၂၄ နှစ်) (စ)ရပ်ကွက် အောင်ပင်လယ်နေသူ နှစ်ဦးဖြစ်ကြောင်းသိရပြီး တာဝန်ချိန်တွင် ယူနီဖောင်းဖြင့် တာဝန်ထမ်းဆောင်နေသော တပ်ဖွဲ့ဝင် နှစ်ဦးကို အကြောင်းမဲ့ ဝင်ရောက် ရိုက်နှက်ခဲ့သဖြင့် အောင်မြေသာစံ မြို့မရဲစခန်းက လုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ချစ်ဝေမောင်

ပညာရေးဝန်ကြီးဌာန
ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ်အလိုက် ထူးချွန်ကျောင်းသားများ ရွေးချယ်ရေးအစီအစဉ် ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ် ပထမနှစ်သင်တန်းသားများသို့လျှောက်ထားရန် ထပ်မံခေါ်ယူခြင်း

၁။ ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သူများအနက် ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ်များတွင် အထူးပြုလေ့လာလိုသူများအား ထူးချွန်ပညာရှင်များဖြစ်လာရန် ပြုစုပျိုးထောင်သွားမည်ဖြစ်ပါသည်။ ကမ္ဘာ့အဆင့်မီ တက္ကသိုလ်များနှင့် ချိတ်ဆက်၍ ပါရဂူဘွဲ့ရ မြန်မာပညာရှင်များ နှစ်စဉ်မွေးထုတ်ရန် မျှော်မှန်းပါသည်။

၂။ ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်ပါ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ဘာသာရပ်တစ်ခုစီတွင် ထူးချွန်ကျောင်းသား ၁၅ ဦး လက်ခံခဲ့ပြီးသော်လည်း ထပ်မံလျှောက်ထားလိုသူများရှိကြောင်း သိရှိရပါ၍ ဘာသာရပ်တစ်ခုစီတွင် ၅၀ ဦးအထိ တိုးချဲ့လက်ခံမည်ဖြစ်ပါသည်။

၃။ ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မည်သည့်ဘာသာတွဲဖြင့် အောင်မြင်သည်ဖြစ်စေ လျှောက်ထားမည့်ဘာသာရပ် အလိုက် ရရှိရမည့် ဘာသာရပ်အနိမ့်ဆုံးရမှတ် ကန့်သတ်ခြင်းမပြုဘဲ စုစုပေါင်းရမှတ်များ/နည်းအလိုက် ရွေးချယ်မည်ဖြစ်ပါ၍ မိမိကြိုက်နှစ်သက်သည့် ဘာသာရပ်များကို လျှောက်ထားနိုင်ခွင့်ရှိပါသည်။

၄။ ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်အရ ထူးချွန်ကျောင်းသားအဖြစ် လျှောက်ထားပြီး ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်များသို့ ဘာသာရပ်အလိုက် ဝင်ခွင့်ရရှိသူများစာရင်းကို ဝင်ခွင့်ရရှိသူ ကျောင်းသားများထံသို့ အကြောင်းကြားပြီးဖြစ်ပါသည်။ ပညာရေးဝန်ကြီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင်လည်း ကြေညာထားပြီးဖြစ်ပါသည်။

၅။ ထူးချွန်ကျောင်းသားအဖြစ် ဝင်ခွင့်ရရှိပြီးသူများသည် ထပ်မံလျှောက်ထားရန်မလိုပါ။ သို့သော် ဘာသာရပ်ပြောင်းလဲလျှောက်ထားလိုပါက အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)၊ ရုံးချုပ်၊ ရန်ကုန်မြို့တွင် ပြန်လည်လျှောက်ထားနိုင်ပါသည်။ ဝင်ခွင့်မရခဲ့သူများ ထပ်မံလျှောက်ထားနိုင်သည်။

၆။ ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ်ထူးချွန်လျှောက်ထားလိုသူများ (ယခင်လျှောက်ထားခဲ့ပြီး ဝင်ခွင့်မရခဲ့သူများအပါအဝင်)သည် ပူးတွဲလျှောက်လွှာပုံစံပါ အချက်အလက်များကို ပြည့်စုံစွာ ဖြည့်စွက်၍ အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)၊ ရုံးချုပ်၊ သထုံလမ်း၊ ကမာရွတ် တက္ကသိုလ်နယ်မြေ၊ ရန်ကုန်မြို့သို့ ၉-၁၂-၂၀၁၃ ရက်အရောက် နောက်ဆုံးထား၍ တက္ကသိုလ်ဝင်စာမေးပွဲ အမှတ်စာရင်းမူရင်း သို့မဟုတ် မိတ္တူနှင့်အတူ လျှောက်ထားရပါမည်။ **<u>သတ်မှတ်ရက်ထက် နောက်ကျလက်ခံရရှိသော လျှောက်လွှာများနှင့် အချက်အလက်မပြည့်စုံသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။</u>**

၇။ ဝင်ခွင့်ရသူများစာရင်းကို ၁၆-၁၂-၂၀၁၃ ရက်တွင် ပညာရေးဝန်ကြီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် ကြေညာထားမည်ဖြစ်ပါသည်။

၈။ လျှောက်ထားနိုင်သည့် ဘာသာရပ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) ရူပဗေဒ	(၁၁) သမိုင်း
(၂) ဓာတုဗေဒ	(၁၂) စိတ်ပညာ
(၃) သင်္ချာ	(၁၃) ဒဿနိကဗေဒ
(၄) သတ္တဗေဒ	(၁၄) မနုဿဗေဒ
(၅) ရုက္ခဗေဒ	(၁၅) ရှေးဟောင်းသုတေသနပညာ
(၆) ဘူမိဗေဒ	(၁၆) မြန်မာစာ
(၇) ကုန်ထုတ်ဓာတုဗေဒ	(၁၇) အင်္ဂလိပ်စာ
(၈) နိုင်ငံတကာဆက်ဆံရေးပညာ	(၁၈) အရှေ့တိုင်းပညာ
(၉) ဥပဒေပညာ	(၁၉) ကွန်ပျူတာသိပ္ပံ
(၁၀) ပထဝီဝင်	(၂၀) နိုင်ငံရေးသိပ္ပံ

၉။ ဆက်သွယ်မေးမြန်းလိုပါက အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)၊ ရုံးချုပ် တယ်လီဖုန်းနံပါတ် ၅၂၅၆၁၂၊ ၅၀၃၂၈၄ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့
အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)
သထုံလမ်း၊ ရန်ကုန်မြို့

ဓာတ်ပုံ

ရက်စွဲ၊-----------------

အကြောင်းအရာ။ ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ်ထူးချွန်သင်တန်းသားအဖြစ် တက်ရောက်ခွင့်လျှောက်ထားခြင်း။

(၁) အမည် - ------------------------------------
(၂) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် - ------------------------------------
(၃) တက္ကသိုလ်ဝင်စာမေးပွဲအောင်သည့်ခုနှစ် - ------------------------------------
(၄) စာစစ်ဌာန - ------------------------------------
(၅) တက္ကသိုလ်ဝင်စာမေးပွဲအောင်သည့်ခုံအမှတ် - ------------------------------------
(၆) ဘာသာရပ်နှင့်ရမှတ် - ------------------------------------

- မြန်မာစာ --------------
အင်္ဂလိပ်စာ --------------
သင်္ချာ --------------
----------- --------------
----------- --------------
----------- --------------
စုစုပေါင်းရမှတ် --------------

(၇) မူလဝင်ခွင့်ရရှိသည့်တက္ကသိုလ်/ဘာသာရပ်
----

(၈) လျှောက်ထားလိုသည့် ဘာသာရပ်၊ တက္ကသိုလ်

	ဘာသာရပ်	တက္ကသိုလ်
(၁)	-----------------------	-----------------------
(၂)	-----------------------	-----------------------
(၃)	-----------------------	-----------------------
(၄)	-----------------------	-----------------------
(၅)	-----------------------	-----------------------

(၉) ဆက်သွယ်ရန်လိပ်စာနှင့် တယ်လီဖုန်းနံပါတ်

မိဘ/အုပ်ထိန်းသူလက်မှတ် - --------------- လျှောက်ထားသူလက်မှတ် - ---------------
အမည် - --------------- အမည် - ---------------

ပြည်တွင်းသတင်း

ယန္တရားတင်ဆောင်လာသည့် မော်တော်ယာဉ် ၁၀ ဘီးကား တံတားပေါ် ဖြတ်သန်းစဉ် တံတားကျိုးကျ

မော်လူး နိုဝင်ဘာ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသ စီးမော်အုပ်စု စီပိန်းကျေးရွာအနီးရှိ နန့်ဒရန့် တံတားပေါ်သို့ အထူးအဖွဲ့ (၁)ဆောက်လုပ်ရေး ၁၀ ဘီးကားပေါ် ယာဉ်တစ်စီးတင်ဆောင်ပြီး ဖြတ်သန်းစဉ် နိုဝင်ဘာ ၁၉ ရက် ည ၁၁ နာရီခွဲခန့်တွင် တံတားကျိုးကျခဲ့သည်။

ဖြစ်စဉ်မှာ အထူးအဖွဲ့ (၁)မှ ယန္တရားယာဉ်တစ်စီး တင်ဆောင်ထားသော ဆောက်လုပ်ရေး ၁၀ ဘီးကား ၆ခ/.... ယာဉ်မောင်း ဦးမင်းနိုင် အဆင့်(၅)မောင်းနှင်လာသည့် ယာဉ်သည် ပေ ၂၄၀ ရှည် တံတားအမှတ် (၂/၂၆၀) နန့် ဒရန့်ချောင်း တံတားပေါ်တွင် ကျိုးကျရာ သံပေါင်တံတားပါ တိုင်စဉ် အခင်းပြား ပေ ၄၀ ခန့် ပျက်စီးခဲ့သည်။ **(ယာပုံ)**

တံတားဖြတ်ကူးမရတော့သဖြင့် ခရီးသွားယာဉ်များ၊ ဖြတ်သန်းသွားလာနေသော ဒေသခံခရီးသွားပြည်သူများ အခက်အခဲကြုံတွေ့နေရသဖြင့် လမ်းနှင့်တံတားများကို ကောင်းမွန်အောင် ဆောင်ရွက်ပေးစေလိုကြောင်း သိရသည်။ (၁၇၁)

ကားဟောင်းစလစ်များကို ကုမ္ပဏီများသာ အဝယ်ရှိ

ရန်ကုန် နိုဝင်ဘာ ၂၀

ရန်ကုန်ဈေးကွက်တွင် ကားဟောင်းစလစ်များကို ကားကုမ္ပဏီများကသာ လိုက်လံဝယ်ယူမှုရှိကြောင်း ကားဈေးကွက်မှ သိရသည်။

ကားဟောင်းအပ်နှံသည့် စလစ်အက္ခရာမှာ သနှင့်အ အက္ခရာသာကျန်ရှိပြီး ကားဟောင်းစလစ်ဈေးနှုန်းမှာ ငွေကျပ် ၁၀၃ သိန်းမှ ၁၀၄ သိန်းအထိ ဈေးပေါက်ကြောင်း မင်းရဲကျော်စွာ ကားဝင်းရှိ ဝါရင့်ကားဝယ်ရောင်းတစ်ဦးက ပြောကြားသည်။

"ကားဟောင်းစလစ် ဈေးနှုန်းက ကျပ်သိန်း ၁၀၀ ပတ်လည်ပဲရှိတယ်။ အမည်ပေါက်ဆိုရင် ၁၀၃ သိန်း၊ ၁၀၄ သိန်းလောက်ရှိတယ်။ ကားအပ်လက်ခံတဲ့ စလစ်အက္ခရာဆိုလို့ လ၊ သ၊ အ လောက်ပဲ ကျန်တော့တယ်။"

ထိုကဲ့သို့ ကားဟောင်းအပ်နှံသည့် စလစ်ဝယ်ယူရခြင်းမှာ ပြည်တွင်းသို့ တင်သွင်းပြီးသား ကားကုမ္ပဏီများသည် ကားသစ်များကို နံပါတ်ရရှိရန်အတွက် လိုက်လံဝယ်ယူခြင်းဖြစ်သည်။ လက်ရှိ ရန်ကုန်ကားဈေးကွက်မှာ ကားအရောင်းအဝယ် အေးလျက်ရှိပြီး ပွင့်လင်းရာသီဖြစ်သော်လည်း ထင်သလောက် ဝယ်ရောင်းမဖြစ်ကြပေ။

ရန်ကုန်ကားဈေးကွက်တွင် ကားအသေးလေးများဖြစ်သည့် ဆူဇူကီး၊ ဒိုင်ဟတ်ဆု (ဟိုက်ဂျက်)၊ ဟွန်ဒါ စသည်တို့သာ အရောင်းအဝယ်ဖြစ်သည်။ ငွေကျပ် ၆၅ သိန်းမှ ၅၅ သိန်း ဝန်းကျင်သာ ဈေးရှိကြသည်။ "မီနီဟိုက်ဂျက်လေးတွေမှာ Double Cup စတိုင်အသစ်ကားလေးတွေ တစ်စီးစ နှစ်စီးစ ပါပါလာတယ်။ အဲဒီကားလေးတွေမှာက အော်တိုဂီယာဆိုရင် ၆၅ သိန်းရှိပြီး ရိုးရိုးဆိုရင် ကျပ်သိန်း ၆၀ မှ ၅၅ သိန်းဝန်းကျင်သာရှိတယ်" ဟု မင်းရဲကျော်စွာကားဝင်းရှိ ဝါရင့်ကားပွဲစားတစ်ဦးက ပြောပြသည်။

"ပရိုဘောက်စ်ကို အရင်လောက် သိပ်အဝယ်မရှိတော့ဘူး။ ငွေကျပ် ၁၀၅ သိန်းကနေ ၁၀၀ ဝန်းကျင်ပဲ ဈေးရှိတော့တယ်။ အေဒီဗင်ကတော့ ၁၁၅ သိန်းကနေ ၁၂၀ ဝန်းကျင်ဈေးရှိတယ်"ဟု ကားဝယ်ရောင်းတစ်ဦးက ပြောသည်။

ကြည်မင်းညို

လူကုန်ကူးမှု တားဆီးရေး ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေး

မြို့နယ် သတင်းထောက်များနှင့် စာမူပေးပို့သူများသို့ ပန်ကြားချက်

မြန်မာ့အလင်းသတင်းစာသို့ အနယ်နယ်အရပ်ရပ်မှမြို့နယ်သတင်းထောက်များနှင့် အလွတ်သတင်းထောက်များသည် ပြည်သူ့အကျိုးပြုနှင့် ထူးခြားသတင်းဖြစ်စဉ်များအား ပေးပို့ကြရာတွင် မိမိတို့ကိုယ်တိုင်ရေးသားကြောင်းနှင့် အခြားမည်သည့်သတင်းဌာနကိုမျှ ပေးပို့ထားခြင်းမရှိ ကြောင်းဝန်ခံချက်နှင့်အတူ မြန်မာ့အလင်းသတင်းစာတိုက် အီးမေးလ်လိပ်စာ mmalin.npt @gmail. com နှင့် ဖက်စ်နံပါတ် ၀၆၇-၃၆၁၄၆ တို့သို့ ဆက်သွယ်ပေးပို့ နိုင်ပါကြောင်း။

စာတည်းအဖွဲ့

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်၊ ခုံဝင်းဒပ်ရပ်၊ အလယ်လမ်း၊ အမှတ်(၈၇) တွင် ပါတီရုံးချုပ် (ယာယီ) တည်ရှိသော **ထားဝယ်တိုင်းရင်းသားများပါတီ**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရ နိုင်ငံရေး ပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂၀-၁၁-၂၀၁၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့် နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

ထားဝယ်တိုင်းရင်းသားများပါတီ၏အလံပုံစံ

ထားဝယ်တိုင်းရင်းသားများပါတီ၏တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

[illegible]

စက်မှုဝန်ကြီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁) အကြီးစားစက်မှု၊ လုပ်ငန်းပိုင်၊ ဧရာမင်းသားဇက်ရေယာဉ်အား လွန်းကျင်းတင် ပြင်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်လိုပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာတင်သွင်းရန် ဈေးနှုန်းဖိတ်ခေါ်ပါသည်။

၂။ တင်ဒါပိတ်ရက်မှာ ၂၈-၁၁-၂၀၁၃ ရက်ဖြစ်ပြီး တင်ဒါပုံစံဝယ်ယူခြင်းနှင့် အသေးစိတ်အချက်အလက်များစုံစမ်းခြင်းကို အောက်ပါလိပ်စာအတိုင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ရောင်းချဖြန့်ဖြူးရေးဌာန၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန ရုံးအမှတ် ၃၀၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၅၂၂၆

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းမှ ငှားရမ်းထားပြီး ငှားရမ်းသက်တမ်းပြည့်သော Myanmar Shopping Mall အဖြစ် ဖွင့်လှစ်ထားပြီး အဆောက်အအုံနှင့် ဂိုဒေါင်အဖြစ်အသုံးပြုသည့်အဆောက်အအုံတို့အား ဟိုတယ်လုပ်ငန်းနှင့်ဆက်စပ်သော ဝန်ဆောင်မှုလုပ်ငန်းများအပါအဝင် ဆောင်ရွက်လိုသောလုပ်ငန်းများကို သက်တမ်း (၅)နှစ်ဖြင့် ငှားရမ်းလုပ်ကိုင်ဆောင်ရွက်ရန် စိတ်ဝင်စားသော ပြည်တွင်းလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရေးခေါ်ယူအပ်ပါသည်-

Myanmar Shopping Mall အဖြစ် အသုံးပြုထားသော (အလျား ပေ ၁၀၀×အနံပေ ၆၀၊ သုံးထပ်အဆောက်အအုံ) အမှတ် (၁၄၃/၁၄၉)၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ် Myanmar Shopping Mall ၏ ဂိုဒေါင်အဖြစ်အသုံးပြုထားသော (အလျားပေ ၄၀×အနံပေ ၅၀၊ သုံးထပ်သိုလှောင်ရုံ) အမှတ် (၁၅၆/၁၅၈)၊ ၃၂လမ်း၊ ပန်းဘဲတန်းမြို့နယ်	ရန်ကုန်တိုင်းဒေသကြီး

၂။ တင်ဒါလျှောက်လွှာပုံစံများနှင့် တင်ဒါစည်းကမ်းချက်များကို ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ရုံးအမှတ် (၃၃)၊ နေပြည်တော်တွင်တစ်စုံလျှင် (၂၀၀၀၀ိ/-)ဖြင့် ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါစည်းမျဉ်းများအသေးစိတ်ကို အဆိုပါဝန်ကြီးဌာနရုံး၌ ၂၀၁၃ခုနှစ် နိုဝင်ဘာ ၂၅ရက်(တနင်္လာနေ့) နံနက် ၁၀း၀၀နာရီတွင် ရှင်းလင်းပြောကြားမည်ဖြစ်ပြီး တင်ဒါစည်းကမ်းများကို လိုက်နာနိုင်သူများ၏ အဆိုပြုလွှာများအား အဆိုပါဝန်ကြီးဌာနရုံး၌ပင် ၂၀၁၃ခုနှစ် နိုဝင်ဘာ ၂၆ ရက် (အင်္ဂါနေ့) ၀၉း၃၀နာရီမှ ၁၂း၀၀နာရီအထိ လက်ခံသွားမည်ဖြစ်ပါသည်။ ထို့နောက် ၎င်းရက် ၁၃း၃၀နာရီတွင် တင်ဒါတင်သွင်းသူများ၏ ရှေ့မှောက်၌ဖွင့်ဖောက်ကြေညာမည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၆၇-၄၀၆၁၀၃၊ ၄၀၆၁၀၅၊ ၄၀၆၁၆၉ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဟိုတယ်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

မြန်မာ့သစ်လုပ်ငန်း ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာန အိတ်ဖွင့်တင်ဒါကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်ပရောင်း/စက်ဌာနမှ ပြည်တွင်းသစ်အခြေခံစက်မှုလုပ်ငန်း စက်ရုံကုန်ကြမ်းအဖြစ် အသုံးပြုနိုင်ရန် ကျွန်းသစ်လုံးများကို အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါဖြင့် ရောင်းချပေးသွားမည်ဖြစ်ပါသည်-

(က) **ရောင်းချမည့်ရက်နှင့်အချိန်** - ၆-၁၂-၂၀၁၃ ရက် ၁၃း၀၀နာရီ

(ခ) **ရောင်းချမည့်အမျိုးအစားနှင့်တန်** - စက်မှုကုန်ကြမ်း ကျွန်းသစ်လုံး ၄၃၀ တန်

(ဂ) **ရောင်းချမည့်နေရာ** - တော်ဝင်ခန်းမ၊ မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)၊ ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)နှင့် **web-site** ဖြစ်သော **www.myanmatimber.com.mm** တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါကျင်းပရေးကော်မတီ၊ မြန်မာ့သစ်လုပ်ငန်း

ရောင်းမည်

Suzuki Swift (Model-2006)
5E/---- **အနက်ရောင်**
Manual Gear
ကျပ် ၉၅ သိန်း၊
ဖုန်း-၀၉-၄၉၅၈၃၇၂၈

ကျေးဇူးဆပ်ပါမည်

ဒေါ်အေးအေးဖြိုး ၁၂/သခန(နိုင်) ၁၂၂၃၄၈ အမည်ပေါက် လိုင်စင်အမှတ် (ISP IDV8 13-14 34466 06/11/13 ID အမှတ်-၇၇၉၉၄၆၊ မူသေနံပါတ်(2G/1242) အမှတ်တွဲပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဖုန်း-၀၉-၄၃၀၆၆၃၀၁၊ ၀၉-၃၁၁၃၁၁၆၂၊ ၀၉-၄၂၂၂၀၅၆၀၂ တို့သို့ ဆက်သွယ်ပေးပါရန်။

စာအုပ်စာပေ လှူ့မိတ်ဆွေ

၁၉ ရက်သာလိုတော့သည့် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသားစိတ်ဓာတ်အပြည့်ဖြင့်ပါဝင်ဆင်နွှဲ

မြန်မာ့အားကစားအောင်နိုင်ရေးအတွက် ပြိုင်ပွဲသုံးပစ္စည်းလှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၂၀

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးသည် ၄၄ နှစ်ကြာမှ အိမ်ရှင်အဖြစ် ပြန်လည်လက်ခံကျင်းပခွင့်ရရှိသည့် အားကစားပြိုင်ပွဲကြီးဖြစ်သည်။ SEA Games ပြိုင်ပွဲကြီးတွင် မြန်မာအားကစားအဖွဲ့ အောင်နိုင်ရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဖွဲ့စည်းထားသည့် ကော်မတီအသီးသီးအနေဖြင့်လည်း အဘက်ဘက်မှ အစွမ်းကုန်ပြင်ဆင်ဆောင်ရွက်နေသည့်နည်းတူ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်သူလူထုတစ်ရပ်လုံးကလည်း အားပေးကူညီဆောင်ရွက်လျက်ရှိရာ CB Bank က (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အောင်နိုင်ရေးအတွက် ပြိုင်ပွဲသုံးပစ္စည်းလှူဒါန်းပွဲအခမ်းအနားကို နိုဝင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီက နေပြည်တော်ရှိ ရွှင်ရယ်နေပြည်တော်ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် CB Bank ဥက္ကဋ္ဌ ဦးခင်မောင်အေးက CB Bank အနေဖြင့် အားကစားဝတ်စုံများလှူဒါန်းခြင်း၊ အားကစားပြိုင်ပွဲအကြို လှုံ့ဆော်ရေးဖျော်ဖြေပွဲများအပြင် နိုင်ငံတကာမှလာရောက်မည့် အားကစားအဖွဲ့များ အသုံးပြုရန် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်ရှိ လေဆိပ်များ၊ အားကစားကွင်းများနှင့် အားကစားရွာ (Social Zone) များတွင် Trolley စီးရေ ၅၀၀၊ ATM စက်များနှင့် Money Exchange ကောင်တာများ ဆောင်ရွက်ထားရှိမှုမှာ ကာလတန်ဖိုးငွေကျပ်သိန်း ၆၀၀၀ ရှိကြောင်းဖြင့် SEA Games ပြိုင်ပွဲအောင်မြင်မှုရရှိစေရေးအတွက် ပေးအပ်လှူဒါန်းခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ထိုသို့ဆောင်ရွက်ထားရှိမှုအတွက် အလှူငွေကျပ်သိန်း ၆၀၀၀ ကို အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက SEA Games ပြိုင်ပွဲသမိုင်းကို ပြန်ကြည့်ပါက အာဆီယံနိုင်ငံများအတွင်း အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်မှုအနေဖြင့် ခြောက်ကြိမ်အဖြစ် နှစ်နိုင်ငံ၊ လေးကြိမ်အဖြစ် နှစ်နိုင်ငံရှိပြီး မြန်မာနိုင်ငံအနေဖြင့် သုံးကြိမ်လက်ခံကျင်းပနိုင်ခြင်းဖြစ်သော်လည်း ဒေသတွင်းနိုင်ငံများကြား ဂုဏ်မငယ်ကြောင်း။

ယခုပြိုင်ပွဲကြီးကို နိုင်ငံတော်၏ ငွေကြေးသာမက စေတနာရှင်ပြည်သူများနှင့်လုပ်ငန်းရှင်များ၏ လှူဒါန်းငွေများဖြင့်ပါ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ပြိုင်ပွဲ၏ထူးခြားမှုတစ်ခုအနေဖြင့် နိုင်ငံပေါင်း ၁၁ နိုင်ငံမှ အားကစားနည်း ၃၃ နည်းဖြင့် ဒီဇင်ဘာ ၁၁ ရက်တွင် ဖွင့်ပွဲကျင်းပ၍ ၂၂ ရက်တွင် ပြီးဆုံးမည်ဖြစ်ပြီး မြန်မာ့ရိုးရာအားကစားနည်းများကိုပါ ထည့်သွင်းကျင်းပနိုင်ခြင်းပင် ဖြစ်ကြောင်း၊ (၂၇)ကြိမ်မြောက် SEA Games ပြိုင်ပွဲတွင် မိမိတိုင်းပြည်၊ မိမိမြေပေါ်တွင် မြန်မာပြည်သူတစ်ရပ်လုံး၏ အားပေးမှုဖြင့် အမြင့်ဆုံးအဆင့်ရရှိအောင် မျှော်မှန်းဆောင်ရွက်နေကြောင်း။

ဖွင့်ပွဲအခမ်းအနားတွင် မြန်မာ့ရိုးရာခြင်းလုံးအားကစားနည်းဖြင့် သရုပ်ပြသမည်ဖြစ်သကဲ့သို့ ဘရာဇီးနိုင်ငံတွင် ကျင်းပမည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင်ပါ မြန်မာ့ခြင်းလုံးသရုပ်ပြရန် ဖိတ်ခေါ်ကမ်းလှမ်းထားရှိရာ မြန်မာတို့အဖို့ ဂုဏ်ယူဖွယ်ရာဖြစ်ကြောင်း၊ SEA Games ပြိုင်ပွဲကြီးတွင် ဖွင့်ပွဲ၊ ပိတ်ပွဲ၊ ဘောလုံးပွဲမှအပ ကျန်အားကစားနည်းများကို အခမဲ့ကြည့်ရှုနိုင်မည်ဖြစ်ရာ ဝင်ခွင့်လက်မှတ်များ စတင်ရောင်းချနေပြီဖြစ်၍ လုံခြုံရေးကို ဝိုင်းဝန်းကူညီသောအားဖြင့် အားကစားဝါသနာရှင်ပရိသတ်များအနေဖြင့် ဝင်/ထွက်ခွင့်လက်မှတ်နှင့် လုံခြုံရေးကတ်များပြုလုပ်ရန် မေတ္တာရပ်ခံလိုကြောင်း။

အားကစားဖြင့် အာဆီယံနိုင်ငံအချင်းချင်း ရင်းနှီးချစ်ကြည်မှုကို ပိုမိုဖော်ဆောင်လာနိုင်မည်ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသာမက အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများကိုပါ လက်ခံကျင်းပနိုင်သည့် အဆင့်ရောက်ရှိနေပြီဖြစ်၍ မြန်မာအားကစားပရိသတ်များအနေဖြင့် နိုင်ငံကြီးသားပီသစွာ အားပေးတတ်သည့်အလေ့အကျင့် ယခုအချိန်ကတည်းက မွေးမြူထားကြရမည်ဖြစ်ကြောင်း၊ အားကစားဝန်ကြီးဌာန အနေဖြင့် မြန်မာပြည်သူတစ်ရပ်လုံး၏ အားပေးကူညီမှုဖြင့် အားကစားပွဲတိုင်း နိုင်ငံတော်အလံနှင့် နိုင်ငံတော်သီချင်း ပျံ့လွင့်နေပြီး နိုင်ငံသားတို့၏ မျိုးချစ်စိတ်ဓာတ် နိုးကြားလာစေရေး ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားပြီး CB Bank ဥက္ကဋ္ဌထံ ဂုဏ်ပြုလက်မှတ်ပေးအပ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော် နိုဝင်ဘာ ၂၀

မကြာမီကျင်းပတော့မည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (ဆီးဂိမ်း)တွင် မြန်မာလက်ဝှေ့ အားကစားသမားများ အနေဖြင့် အနည်းဆုံးရွှေတံဆိပ် နှစ်ဆု၊ သုံးဆု ဆွတ်ခူးနိုင်မည့် အနေအထားရှိကြောင်း မြန်မာနိုင်ငံလက်ဝှေ့ အားကစားအဖွဲ့ချုပ်အတွင်းရေးမှူး ဦးတင်လှိုင်က ပြောကြားသည်။

"ကျွန်တော်တို့ ဒီဆီးဂိမ်းပြိုင်ပွဲမှာ မြန်မာလက်ဝှေ့ အားကစားသမားတွေ အနေနဲ့ အိမ်ရှင်နိုင်ငံဖြစ်တဲ့အလျောက် အနည်းဆုံးရွှေတံဆိပ်ဆုနှစ်ဆု၊ သုံးဆု ဆွတ်ခူးနိုင်ရန် ပြင်ဆင်လေ့ကျင့်လျက်ရှိပါတယ်။ ဒီပြိုင်ပွဲမှာ အမျိုးသား ဝိတ်တန်း ရှစ်တန်းနဲ့ အမျိုးသမီးဝိတ်တန်း ခြောက်တန်း ထည့်သွင်းယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ အမျိုးသမီးရော အမျိုးသားပါ ရွှေမျှော်မှန်းထားပါတယ်။ လောလောဆယ် အမျိုးသား အမျိုးသမီး လက်ဝှေ့အားကစားသမားတွေ အားလုံး ကာဇက်စတန်နိုင်ငံမှာ သွားရောက်ပြီး Joint Training သွားရောက်လေ့ကျင့်နေကြပါတယ်။ ရှေ့လ ၄ ရက်မှာ ပြန်လာကြမှာဖြစ်ပါတယ်" ဟု ဦးတင်လှိုင်က ဆက်လက်ရှင်းပြသည်။

မြန်မာအမျိုးသား အမျိုးသမီး လက်ဝှေ့အားကစားသမားများကို ပြည်တွင်းနည်းပြ ခြောက်ဦး၊ ကာဇက်စတန်၊ တရုတ်နည်းပြများနှင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ ဆီးဂိမ်းတွင် ထည့်သွင်းကစားမည့် လက်ဝှေ့ပြိုင်ပွဲနှင့် မွေ့အားကစားနည်းမှာ ဆင်တူရိုးမှားဖြစ်နေသည်။ မွေ့အားကစားနည်းသည်လည်း လက်ဝှေ့အားကစားတစ်မျိုးဖြစ်ပြီး ရိုးရာအားကစားနည်းအဖြစ် သတ်မှတ်ထားသည်။ မွေ့လက်ဝှေ့အားကစားနည်းသည်လည်း မြန်မာတို့ရွှေတံဆိပ်ဆုများမျှော်မှန်းထားသော အားကစားဖြစ်သည်။

ဆီးဂိမ်း လက်ဝှေ့ပြိုင်ပွဲများကို နေပြည်တော် ဝဏ္ဏသိဒ္ဓိရှိ Sports Complex တွင် ဒီဇင်ဘာ ၈ ရက်မှ ၁၅ ရက်အထိ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ရွှေတံဆိပ်ဆု ၁၄ ဆု ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ အိမ်ရှင်မြန်မာ ပရိသတ်များအနေဖြင့် မြန်မာလက်ဝှေ့ အားကစားသမားများ အောင်နိုင်ဆုများ ဆွတ်ခူးနိုင်ရေး အားပေးကြရမည်ဖြစ်သကဲ့သို့ ဆီးဂိမ်းအဆင့် နိုင်ငံတကာလက်ဝှေ့ပြိုင်ပွဲများကိုလည်း အိမ်ရှင်ပရိသတ်အဖြစ် ကြည့်ရှုနိုင်မည့် အခွင့်အလမ်းကောင်းများ ရရှိမည်ဖြစ်ပါသည်။

မောင်ရွှေရိုး

မြန်မာလက်ဝှေ့အားကစားမောင်မယ်များ အနည်းဆုံးရွှေတံဆိပ်နှစ်ဆု၊ သုံးဆုမျှော်မှန်း

မြန်မာအမျိုးသမီး လက်ဝှေ့ အားကစားသမားတစ်ဦးနှင့် တရုတ် လက်ဝှေ့မယ်တို့ ပူးတွဲလေ့ကျင့်နေစဉ်။

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၇/၂၀၁၃)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား တင်ဒါခေါ်ယူလိုပါသည်-
နိုင်ငံခြားငွေဖြင့်ဝယ်ယူခြင်း
(က) စက်နှင့်စက်အရန်ပစ္စည်းများ-
(All items are for No 5 Fretilizer Plant-Kangyidaung)
Spares for Modules of Synchronous Motor, CO_2 Compressor Spares (K 3101 A/B), Synthesis Gas Compressor Spares (K 1801), FIR 3108 (CO_2 flow indicator), MP Decomposer Level Transmitter (LT 3201), Separator Level Gauge Detector (LIRCA 3102), Tube Bundles for 1st, 2nd, 3rd stage of Synthesis Gas Compressor A, B and C, Spares for Boiler Feed Water Pump (P 1401 A), Spares for Booster Pump (P 8101), Spares for MP Carbonate Solution Pump (P 3402), Gasket for Lean/ Semilean Exchanger (E 1608).

၂။ **တင်ဒါပုံစံရောင်းမည့်ရက်** - ၂၂-၁၁-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်/အချိန် - ၁၁-၁၂-၂၀၁၃ ရက် မွန်းတည့် ၁၂:၀၀ နာရီ

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ**
ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ် ၄၄၊ နေပြည်တော်

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စီမံရေးဌာန/ဘဏ္ဍာရေးဌာန၊
ရုံးအမှတ် ၄၄၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၁၀၇၊ ၀၆၇-၄၁၁၁၀၈၊ ၀၆၇-၄၁၁၁၂၃၊ ၀၆၇-၄၁၁၁၉၃

ကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ အမှတ် ၇၊ ဇလမ်းသွယ်နေ ဦးခင်မောင်လွင် ၁၂/သဃက(နိုင်)၀၉၆၀၄၈မှ ဦးအောင်ကျော်သိန်း ၁၂/မဂတ(နိုင်)၀၉၁၉၈၈ နှင့် ဦးရဲထွဋ်ဦး ၇/၀မန(နိုင်)၀၇၈၁၈၆(ပန်ထွာဆောက်လုပ်ရေး)အား ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် ၂၃-၁-၂၀၁၃ ရက်က လွှဲစာအမှတ် ၁၂၉၄/၂၀၁၃ ဖြင့် လွှဲအပ်ထားသောကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

ဦးခင်မောင်လွင်
၁၂/သဃက(နိုင်)၀၉၆၀၄၈

စာရင်းအင်းပညာမိသားစု
စာရင်းအင်းပညာသင်ကြားမှု နှစ်(၆၀)ပြည့်

အထိမ်းအမှတ်အခမ်းအနားဖိတ်ကြားလွှာ

စာရင်းအင်းပညာသင်ကြားမှု နှစ်(၆၀)ပြည့် အထိမ်းအမှတ်အဖြစ် စာရင်းအင်းပညာသင်ကြားပေးခဲ့သော ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ရန်အတွက် အာစရိယပူဇော်ပွဲ စာတမ်းဖတ်ပွဲနှင့် မှတ်တမ်းဓာတ်ပုံပြပွဲများကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

စာရင်းအင်းပညာမိသားစု

အာစရိယပူဇော်ပွဲ

ကျင်းပမည့်နေ့ရက် - ၂၄-၁၁-၂၀၁၃ ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၉:၀၀ နာရီ
ကျင်းပမည့်နေရာ - **နီလာရတုခန်းမ**
ရန်ကုန်စီးပွားရေးတက္ကသိုလ် (ကမာရွတ်)

စာတမ်းဖတ်ပွဲ

ကျင်းပမည့်နေ့ရက် - ၂၄-၁၁-၂၀၁၃ ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - မွန်းလွဲ (၁:၀၀)နာရီ
ကျင်းပမည့်နေရာ - **နီလာရတုခန်းမ**
ရန်ကုန်စီးပွားရေးတက္ကသိုလ် (ကမာရွတ်)

စာရင်းအင်းပညာမိသားစုများ၏ မှတ်တမ်းဓာတ်ပုံများကိုပါ ပြသထားမည်ဖြစ်ပါသည်။
*** ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ပါရန်။**

အများသိစေရန်

ဦးကျော်သူရိန် (ဘ)ဦးကျော်လွင် ၁၃/တကန(နိုင်)၀၂၅၃၀၂၊ F-10 ၊ ဝန်ထမ်းအိမ်ရာ၊ အေးသာယာစက်မှုဇုန်နေသူနှင့် ဒေါ်အေးအေးစန်း(ဘ)ဦးရွှေလှ ၁၃/နစန(နိုင်)၀၀၀၀၃၄၊ ရပ်ကွက်(၃)၊ အိမ်အမှတ်(၃၆/၁၅)၊ အေးသာယာ၊ တောင်ကြီးမြို့နေသူတို့သည် ၁၅-၁၁-၂၀၁၃ ရက်တွင် လင်မယားနှစ်ဦး သဘောတူတရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ ၄င်းတို့နှစ်ဦးသည် ၁၉၉၅ ခုနှစ်တွင် လက်ထပ်ပေါင်းသင်း၍ သားသမီးသုံးဦးမွေးဖွားခဲ့ပါသည်။ ဦးကျော်သူရိန်မှ မိသားစုခွင့်မလွှတ်နိုင်သော အပြုအမူကိုပြုလုပ်သွား၍ ကွာရှင်းပြတ်စဲခြင်းဖြစ်ပါသည်။ သားသမီးသုံးဦးအား မိခင်ဒေါ်အေးအေးစန်းမှ တာဝန်ယူပြုစုစောင့်ရှောက်ရမည်ဖြစ်၍ ပိုင်ဆိုင်သည့် ပစ္စည်းဥစ္စာများသည် ဦးကျော်သူရိန်မှ ခံစားခွင့်လုံးဝမရှိပါ။ ဦးကျော်သူရိန်မှ ကလေးများအား ဆက်သွယ်ခြင်းလုံးဝမပြုလုပ်ရပါ။ ဦးကျော်သူရိန်နှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ ဆက်သွယ်မေးမြန်းခြင်းသည်းခံပါ။

ဒေါ်အေးအေးစန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မို့မို့လှိုင် (အထက်တန်းရှေ့နေ) စဉ်-၃၂၃၁၆

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

တစ်ဦးတည်းသောသမီးလေး မသန္တာဝေလင်း၏ ၂၁-၁၁-၂၀၁၃ ရက်တွင် ကျရောက်သော အသက်(၁၀)နှစ်ပြည့် မွေးနေ့မှသည် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပြီး ပညာရည်ထူးချွန်ပြည့်ဝသော သမီးလိမ္မာလေးဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ပါပါ-ဦးဝေလင်း
မေမေ-ဒေါ်အေးအေးဦး(ခ)မေသင်းခိုင်
(မိုးသောက်ကြယ်)စတိုး- ကေတုမတီမြို့

ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပတ္တမြားမြို့သစ်၊ မေတ္တာလမ်း၊ အလျားပေ (၃၀×၅၀)ရှိ အမှတ်(၁၉၂)ဒေါ်အေးမေ အမည်ပေါက် ပါမစ်မြေအမျိုးအစားနှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ဝယ်ပိုင်ဆိုင်ထားရှိ ၍ ရောင်းချပိုင်ခွင့်ရှိသူဟုဆိုသော အမည်ပေါက်ပိုင်ဆိုင်သူထံမှ အဆင့်ဆင့်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ခင်သီတာဇင် ၁၂/ပဘတ(နိုင်)၀၃၀၂၄၂က တရားဝင် ပိုင်ဆိုင်ထားပြီး ၄င်းထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထား (မူရင်း)များဖြင့် ဤကြော်ငြာပါသည့်ရက်မှ လေးရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားပါမည်။

ဒေါ်ကြူကြူယဉ် ၉/မခန(နိုင်)၀၂၄၂၈၉
ဖုန်း-၀၉-၂၂၁၅၃၅၆

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ အပိုင်း (၂)၊ ၈ လမ်း၊ အမှတ်(၂၀၃)တိုက်၏ ပထမထပ်(ခြေရင်းခန်း)၊ အကျယ်အဝန်းပေ (၁၂½×၅၀)ကျယ်ဝန်းသော ရေမီးအစုံအပါအဝင် တိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံး လက်ဝယ်ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသူဟု ကတိပြုသူ ဦးကျော်သန်း ၁၂/သဃက(နိုင်)၀၄၆၈၆၅ဆီမှ ဝယ်ယူရန် စရန်ငွေအချို့ပေးထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ချမ်းမြမွေး ၁၂/ဒဂတ(နိုင်)၀၄၅၃၃၃
အမှတ် ၃၃၊ ပထမထပ်(ခေါင်းရင်းခန်း)၊ ပတ္တမြားလမ်း၊ ကျိုက္ကဆံရပ်ကွက်၊
ဗဟန်း၊ ရန်ကုန်၊ ဖုန်း-၀၉-၇၃၁၈၉၁၄၇

နိုင်ငံတကာအားကစားသတင်း

ဟက်ထရစ်သွင်းပြီး ကမ္ဘာ့ဖလားကစားခွင့်ရသွားတဲ့စီရိုနယ်ဒို

အာကာကျော်

ပေါ်တူဂီနာမည်ကြီး တိုက်စစ်မှူး စီရိုနယ်ဒိုနဲ့ ဆွီဒင်တိုက်စစ်မှူးအီဘရာဟီမိုဗစ်တို့ဟာ ကမ္ဘာ့ဖလားမှာ တစ်ဦးပဲ ကစားခွင့်ရမယ်လို့ သတင်းတွေထွက်ပေါ်ခဲ့ရာမှ ယခုအခါမှာတော့ စီရိုနယ်ဒိုက ကိုယ်တိုင် ဟက်ထရစ် ဂိုးသွင်းပြီး ကမ္ဘာ့ဖလားကစားခွင့်ကို ရယူလိုက်ပါပြီ။

ဆွီဒင်နဲ့ပေါ်တူဂီတို့ဟာ နိုဝင်ဘာ ၂၀ရက် နံနက်စောစောပိုင်းက ကမ္ဘာ့ဖလားခြေစစ်ပွဲ Play-off ဒုတိယအကျော့ကစားခဲ့ရာမှာ ပေါ်တူဂီက သုံးဂိုး-နှစ်ဂိုးနဲ့အနိုင်ရရှိသွားပါတယ်။ ပေါ်တူဂီအသင်းအတွက်စီရိုနယ်ဒိုက ကိုယ်တိုင် ဟက်ထရစ်သွင်းခဲ့သလို အီဘရာဟီမိုဗစ်ကလည်း ဆွီဒင်အတွက် နှစ်ဂိုးစလုံးကိုကိုယ်တိုင်သွင်းခဲ့တာဖြစ်ပါတယ်။

အီဘရာဟီမိုဗစ်က ပွဲချိန် ၆၈နှင့် ၇၂ မိနစ်မှာ ဆက်တိုက်ဂိုးသွင်းယူပေးခဲ့ပါတယ်။ စီရိုနယ်ဒိုကတော့ ၅၀၊ ၇၇ နှင့် ၇၉ မိနစ်တွေမှာ သွင်းယူခဲ့တာဖြစ်ပါတယ်။ ပေါ်တူဂီအသင်းဟာ ပထမအကျော့မှာ တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရထားတာကြောင့် နှစ်ကျော့ပေါင်း လေးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရသွားတာဖြစ်ပါတယ်။ ပေါ်တူဂီအသင်းဟာ ဆွီဒင်ကို ဒီလိုပြတ်ပြတ်သားသား အနိုင်ယူလိုက်တဲ့အတွက် လာမယ့် ၂၀၁၄ ခုနှစ် ဘရာဇီးနိုင်ငံမှာ ကျင်းပမယ့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသို့ စတုတ္ထ အကြိမ်မြောက် ဆက်တိုက်ခြေစစ်ပွဲအောင်ပြီး တက်ရောက်နိုင်တော့မှာ ဖြစ်ပါတယ်။

စီရိုနယ်ဒိုဟာ ပထမ အကျော့မှာလည်း ပေါ်တူဂီက တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိရာမှာ ၎င်းကိုယ်တိုင် ခေါင်းတိုက် ဂိုးသွင်းယူပေးခဲ့တာဖြစ်ပါတယ်။ ပြိုင်ပွဲနှစ်ပွဲစလုံး စီရိုနယ်ဒိုတစ်ဦးတည်း လေးဂိုး သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

အီဘရာဟီမိုဗစ်ဟာ တစ်ဦးချင်း ဂိုးသွင်းစွမ်းရည် အလွန်ကောင်းသူဖြစ်ပေမယ့်အသင်းလိုက်ပံ့ပိုးမှုမှာ ပေါ်တူဂီကို လိုက်မမီခဲ့ပါဘူး။ ပေါ်တူဂီအသင်းက အသင်းလိုက်ပံ့ပိုးမှု ကောင်းသလို စီရိုနယ်ဒိုကလည်း ဂိုးသွင်းစွမ်းရည် ထက်မြက်နေတာကြောင့် ဒီပွဲမှာ ပေါ်တူဂီက ထိုက်တန်စွာနဲ့ပဲ ကမ္ဘာ့ဖလားကို တက်ရောက်ခွင့် ရရှိသွားခဲ့ပါတယ်။

သုံးသပ်ထား

စီရိုနယ်ဒိုဟာ ဒီပွဲမှာ ဟက်ထရစ် ဂိုးသွင်းပေးနိုင်တာကြောင့် ဒီနှစ်ထဲမှာ သူသွင်းတဲ့ ဟက်ထရစ်ဂိုး ငါးကြိမ်ရှိသွားပြီဖြစ်ပါတယ်။ ဂိုးသွင်း စွမ်းရည်ကောင်းနေတဲ့ စီရိုနယ်ဒိုဟာ ဒီနှစ်မှာ အကောင်းဆုံးဘောလုံးသမား ဖြစ်လာနိုင်တယ်လို့လည်း အားကစား ကျွမ်းကျင်သူတွေက သုံးသပ်ထားပါတယ်။

ဂရိအသင်း ကမ္ဘာ့ဖလားကစားခွင့်ရ

ဂရိနှင့် ရိုမေးနီးယားတို့ Play-offs ပြိုင်ပွဲတွင်တစ်ဖက်တစ်ဂိုးစီ သရေကျပြီး ဂရိတို့ခြေစစ်ပွဲအောင်ခဲ့သည်။ ပထမအကျော့တွင် ဂရိက သုံးဂိုး- တစ်ဂိုးဖြင့် အနိုင်ရထား၍ ဂရိက နှစ်ပွဲပေါင်းရလဒ် လေးဂိုး-နှစ်ဂိုးဖြင့်နိုင်ပြီး ၂၀၁၄ ကမ္ဘာ့ဖလား ကစားခွင့်ရသွားသည်။ ဂရိတို့ ယင်းပွဲအနိုင်ရလိုက်ခြင်းဖြင့် ကမ္ဘာ့ဖလားကို နှစ်ကြိမ်ဆက်တိုက် ကစားခွင့်ရရှိမည်ဖြစ်သည်။

....

ဂါနာနှင့် အယ်လ်ဂျီးရီးယား ကမ္ဘာ့ဖလားကစားမည်

ဂါနာက အီဂျစ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့်ရှုံးသော်လည်း ပထမအကျော့တွင် ခြောက်ဂိုး-တစ်ဂိုးဖြင့် နိုင်ထားသဖြင့် ကမ္ဘာ့ဖလားသို့ တက်ရောက်ခွင့် ရသွားသည်။ ထို့အတူ အယ်လ်ဂျီးရီးယားက ဘာကီနာဖာဆိုကို နှစ်ပွဲပေါင်းရလဒ်တစ်ဖက်သုံးဂိုးစီသရေဖြစ်သော်လည်း အယ်လ်ဂျီးရီးယားက အဝေးဂိုးဖြင့် ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်သည်။ ဒုတိယအကျော့တွင် အယ်လ်ဂျီးရီးယားက ဘာကီနာဖာဆိုအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ခဲ့သည်။ သို့သော် ပထမအကျော့တွင် ဘာကီနာဖာဆိုအိမ်ကွင်း၌ သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ အယ်လ်ဂျီးရီးယားတို့ အဝေးဂိုး နှစ်ဂိုးရရှိလိုက်သဖြင့် ကမ္ဘာ့ဖလားခြေစစ်ပွဲ အောင်ခဲ့သည်။

ပြင်သစ်ခြေစစ်ပွဲအောင်ပြီ

ပြင်သစ်နှင့်ယူကရိန်းတို့ Play-offs ပြိုင်ပွဲတွင်**(အပေါ်ပုံ)** ပြင်သစ်ကသုံးဂိုးပြတ်သွင်းယူပြီးကမ္ဘာ့ဖလားခြေစစ်ပွဲအောင်သွားပြီဖြစ်သည်။ ပထမအကျော့တွင် ယူကရိန်းကနှစ်ဂိုးပြတ်ဖြင့်သွင်းယူခဲ့ခြင်းကို ပြင်သစ်တို့ကရှုံးကြွေးဆပ်ပြီး ကမ္ဘာ့ဖလားသို့တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ပြင်သစ်အသင်းအတွက် ဆာခိုးက နှစ်ဂိုး၊ ဘင်ဇီမာကတစ်ဂိုးသွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ယူကရိန်းက ခါချီရီဒီ ဒုတိယပိုင်းတွင် အနီကတ်ဖြင့် ထွက်ခဲ့ရသည်။ ပြင်သစ်တို့က ပထမပိုင်းမှာပင် နှစ်ဂိုးသွင်းယူပြီး ယူကရိန်းကို ခြေစွမ်းအသာဖြင့် ကစားခဲ့ခြင်းဖြစ်သည်။

>>>> ကောင်းမြတ်သူ-စုစည်းသည်

ဥရောပ ပြည်တွင်းလိဂ် ဂိုးအများဆုံးစာရင်း

သီဟ

အင်္ဂလန် ပရီမီယာလိဂ် ပွဲစဉ်-၁၁ အပြီး

စတာရစ်	(လီဗာပူး)	၈ဂိုး
အဂူရို	(မန်စီးတီး)	၈ဂိုး
ဆွာရက်ဇ်	(လီဗာပူး)	၈ဂိုး
ဗန်ပါစီ	(မန်ယူ)	၇ဂိုး
ရီမီ	(နယူးကာဆယ်)	၇ဂိုး

စပိန်လာလီဂါ ပွဲစဉ်-၁၃ အပြီး

စီရော်နယ်ဒို	(ရီးရဲလ်မက်ဒရစ်)	၁၆ဂိုး
ဒီယေဂို ကော်စတာ	(အက်သလက်တီကို)	၁၃ဂိုး
မက်ဆီ	(ဘာစီလိုနာ)	၈ဂိုး
ဂရစ်ဇ်မန်း	(ဆိုစီဒက်)	၈ဂိုး
ဆန်ချက်ဇ်	(ဘာစီလိုနာ)	၇ဂိုး

ဂျာမနီ ဘွန်ဒက်စ်လီဂါ ပွဲစဉ်-၁၂ အပြီး

လီဝမ်ဒေါစကီး	(ဒေါ့မွန်)	၉ဂိုး
မန်ဇူကစ်	(ဘိုင်ယန်မြူးနစ်)	၈ဂိုး
အိုင်ဘီဆီဗစ်	(စတုဂတ်)	၈ဂိုး
လာဆော့ဂါ	(ဟမ်းဘတ်)	၈ဂိုး
ကိုင်စလင်း	(လေဗာကူဆင်)	၇ဂိုး

အီတလီ စီးရီးအေ ပွဲစဉ်-၁၁ အပြီး

ဂူဆက်ပီရော့စီ	(ဖီအိုရင်တီးနား)	၁၁ဂိုး
ဆာဆီ	(တိုရီနို)	၈ဂိုး
ပယ်လာစီယို	(အင်တာမီလန်)	၇ဂိုး
တီဗက်ဇ်	(ဂျူဗင်တပ်စ်)	၆ဂိုး
ဟမ်ဆစ်ခ်	(နာပိုလီ)	၆ဂိုး

ပြင်သစ် လီဂူး ပွဲစဉ်-၁၃ အပြီး

ဖယ်လ်ကာအို	(မိုနာကို)	၉ဂိုး
ကာဗာနီ	(ပီအက်စ်ဂျီ)	၉ဂိုး
ဒီဂျော်ဒီဂျေဗစ်	(နန့်တက်စ်)	၈ဂိုး
အီဗရာဟီမိုဗစ်	(ပီအက်စ်ဂျီ)	၈ဂိုး
စီဗီတန်နစ်ချ်	(နိုက်စ်)	၇ဂိုး

အငယ်တန်းသတင်းထောက်နှင့် စာပေလက်ထောက်-၂ ရာထူးနေရာများအတွက် လျှောက်လွှာခေါ်ယူခြင်း

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ မြန်မာ့အလင်းသတင်းစာတိုက်နှင့် မြန်မာ့သတင်းစဉ်(နိုင်ငံခြား) (Myanmar News Agency)တို့တွင် တာဝန်ထမ်းဆောင်ရန် အငယ်တန်းသတင်းထောက် (လစာနှုန်းကျပ် ၇၉၀၀၀-၁၀၀၀-၈၄၀၀၀)ရာထူး (၁၀)နေရာနှင့် စာပေလက်ထောက်-၂ (လစာနှုန်း ကျပ် ၇၉၀၀၀-၁၀၀၀-၈၄၀၀၀)ရာထူး (၆)နေရာတို့အတွက် အောက်ပါအရည်အချင်းနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(၁) နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်ရမည်။

(၂) အသက်(၂၀)မှ (၃၀)အတွင်း အမျိုးသား၊ အမျိုးသမီးများ လျှောက်ထားနိုင်သည်။

(၃) အငယ်တန်းသတင်းထောက် (လစာနှုန်း ကျပ် ၇၉၀၀၀-၁၀၀၀-၈၄၀၀၀) ရာထူးအတွက်
B.A(Journalism) များ (သို့မဟုတ်) တက္ကသိုလ်တစ်ခုခုမှ မဟာဘွဲ့ရရှိသူများ၊
စာပေလက်ထောက်-၂(လစာနှုန်း ကျပ် ၇၉၀၀၀-၁၀၀၀-၈၄၀၀၀)ရာထူးအတွက် နိုင်ငံခြားဘာသာတက္ကသိုလ်မှ English ဘွဲ့ရများ။

(၄) ဝန်ထမ်းဖြစ်ပါက ၃၁-၁၀-၂၀၁၃ရက်တွင် အသက်(၃၅)နှစ်အတွင်း သက်ဆိုင်ရာဌာနအကြီးအကဲ၏ ခွင့်ပြုချက်နှင့်လျှောက်ထားနိုင်ပါသည်။

လျှောက်လွှာများကို ၃၀-၁၁-၂၀၁၃ရက် နောက်ဆုံးထား၍ ဒုတိယညွှန်ကြားရေးမှူး (စီမံ)၊ မန်နေဂျာ(စီမံ)၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း (ရုံးချုပ်)၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၇) နေပြည်တော်သို့ ပေးပို့ရမည်ဖြစ်သည်။

နေပြည်တော်၌ ရေးဖြေနှင့် လူတွေ့မေးမြန်းခြင်းကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်သည်။

အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၁၂၃သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်သည်။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

[illegible]

အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

အထက(၃)ဒဂုံ(ယခင်မြို့မအမျိုးသမီးကျောင်း) ကျောင်းသူကျောင်းသားဟောင်းများ၏ (၂၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ ဆရာမများကို လေးစားစွာ ကြွရောက်ဂါရဝပြုပါရန်ကျောင်းသူ ကျောင်းသားဟောင်းများအား ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် - ၈-၁၂-၂၀၁၃ ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၈ နာရီ
ကျင်းပမည့်နေရာ - အထက(၃)ဒဂုံ၊ မြို့မခန်းမ

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့
အထက(၃)ဒဂုံ

ပို့ဆောင်ရေးဝန်ကြီးဌာန
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
ရခိုင်ပြည်နယ်၊ စစ်တွေမြို့

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့တွင် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံး၊ (RCနှစ်ထပ်) ဆောက်လုပ်ရန်အတွက် ဆောက်လုပ်ရေးလုပ်ငန်းလိုင်စင်ရ မြန်မာနိုင်ငံသား၊ ပြည်တွင်း တိုင်းရင်းသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါပုံစံများစတင်ရောင်းချမည့်ရက် - ၂၁-၁၁-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၇-၁၁-၂၀၁၃ ရက် (၁၄:၀၀) နာရီ

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (စစ်တွေမြို့) ဖုန်း-၀၉-၈၅၁၆၅၀၅၊ ၀၄၃-၂၃၄၅၈ တွင် ဆက်သွယ်စုံစမ်း ဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့

ပျောက်ဆုံးကြောင်း

မိမိတို့ Diamond Auto Services Co., Ltd.မှ ရရှိထားသော သွင်းကုန် လိုင်စင်အမှတ် ILV 12 13 0911 31/07/2012 မှ IMPORT DECLARATION (ID) မူရင်းများမှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဖုန်း-၀၁-၄၀၁၅၉၀၊ ၀၁-၄၀၁၅၉၁

ပြန်ကြားရေးဝန်ကြီးဌာန
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
လုပ်ငန်းသုံးစက်ကိရိယာများဝယ်ယူရန်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် လုပ်ငန်းသုံးစက်ကိရိယာများကို အောက်ပါအတိုင်းဝယ်ယူလိုပါသည်-

(က)	စာအုပ်ဖောက်စက်	2 NMB
(ခ)	စာအုပ်ချုပ်စက်	1 NMB
(ဂ)	Two Head Stitching Head M/C	1 NMB
(ဃ)	Digital ကတ္တား	6 NMB

၂။ အိတ်ဖွင့်တင်ဒါများကို ၁၈-၁၁-၂၀၁၃ရက်မှ ၂၈-၁၁-၂၀၁၃ရက်အထိ နေ့စဉ် ၉:၃၀နာရီမှ ၁၆:၀၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂-၁၂-၂၀၁၃ရက် ၉:၃၀ နာရီမှ ၁၆:၀၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ	**တင်ဒါတင်သွင်းရန်လိပ်စာ**
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း	**ပြည်တွင်းပြည်ပ ပစ္စည်းများဝယ်ယူရေး**
ပြန်ကြားရေးဝန်ကြီးဌာန	**နှင့် ထုခွဲရောင်းချရေးကော်မတီ**
ရုံးအမှတ်(၇)၊ နေပြည်တော်	**ပြန်ကြားရေးဝန်ကြီးဌာန**
ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅	**ဖုန်း-၀၆၇-၄၁၂၃၂၇**

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂)၊ မြေကွက်အမှတ် (ခ/၁၀၆)၊ ဧရိယာ ၂၅ပေ×ပေ ၅၀ရှိ နှစ် ၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ သီတာနွယ်လမ်း၊ အမှတ်(၁၂၈)ဟုခေါ်တွင်သောမြေကွက်နှင့် နေအိမ်အဆောက်အအုံအပါအဝင် တွယ်ကပ်ဆက်စပ်သမျှ အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့ကို ပိုင်ရှင် ဦးတင်ထွန်းလင်း ၁၄/ဖပန(နိုင်)၀၉၀၇၅၃ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးကဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၄င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ဘော် (လိုင်စင်-၄၀၃၅)
LL.B, DBL, DML, DIL, DLP, WIPO (Switzerland)
ဒေါ်အေးအေးစိုး (လိုင်စင် -၅၈၂၇)
B.Sc, Hon (IC), HGP, R.L, D.B.L.
တရားလွှတ်တော်ရှေ့နေများ
အမှတ် (၂၇)၊ ၁၂၁လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၉၄၈၆၆၊ ၀၉-၅၀၁၇၀၄၄၊ ၀၉-၇၃၁၀၇၀၉၄

၂၀၁၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲကျင်းပမည်

နေပြည်တော်   နိုဝင်ဘာ   ၂၀

လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် UNDP၊ INGOs၊ NGOs များပူးပေါင်း၍ ၂၀၁၃ ခုနှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အထိမ်းအမှတ်၊ အခြေခံပညာအဆင့်စာစီစာကုံးပြိုင်ပွဲ၊ အဆင့်မြင့်ပညာအဆင့်နှင့်ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲများကို ကျင်းပမည်ဖြစ်သည်။

အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲများကို ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာနက ကြီးမှူးကျင်းပမည်ဖြစ်သည်။ အခြေခံပညာမူလတန်းအဆင့်အတွက် သတ်မှတ်ခေါင်းစဉ်မှာ **"မသန်စွမ်းသူများဘဝ စိုပြည်လှပရေးဝိုင်းဝန်းဖြည့်ဆည်းပေး"** ဖြစ်သည်။ အခြေခံပညာအလယ်တန်းအဆင့်အတွက် သတ်မှတ်ခေါင်းစဉ်မှာ **"မသန်စွမ်းသူများနှင့် လူတိုင်းအကျုံးဝင်ပညာရေး"** ဖြစ်ပြီး အခြေခံပညာအထက်တန်းအဆင့်အတွက် သတ်မှတ်ခေါင်းစဉ်မှာ **"နဲ့ကြစို့ပျော်ပျော် အာဆီယံမသန်စွမ်းအားကစားပွဲတော်"** ဖြစ်သည်။

တက္ကသိုလ်အဆင့် ဆောင်းပါးပြိုင်ပွဲများကို အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်၊ အထက်မြန်မာပြည်)က ကြီးမှူးကျင်းပမည်ဖြစ်သည်။ အဆင့်မြင့်ပညာအဆင့်အတွက် ဆောင်းပါးခေါင်းစဉ်မှာ **"မသန်စွမ်းသူများအတွက် အခွင့်အရေး၊ ဒို့များဝိုင်းဝန်းဖြည့်ဆည်းပေး"** ဖြစ်သည်။

ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲခေါင်းစဉ်မှာ **"လူတိုင်းအကျုံးဝင်ပါဝင်ဖို့၊ အတားအဆီးရပ်လို့တံခါးဖွင့်စို့"** (Break barriers, open doors; for an inclusive society for all) ဖြစ်ပြီး မြန်မာဘာသာဖြင့် ရေးသားယှဉ်ပြိုင်ရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်လိုသူများသည် စာမူများကို ကွန်ပျူတာဖြင့် ငါးမျက်နှာ(သို့မဟုတ်) လက်နှိပ်စက်ဖြင့် ခြောက်မျက်နှာ(သို့မဟုတ်) လက်ရေးဖြင့် ခုနစ်မျက်နှာထက်မပိုဘဲ ရေးသားယှဉ်ပြိုင်နိုင်သည်။ စာမူမူရင်းနှင့်မိတ္တူကို ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်း ဝန်ခံချက်နှင့်အတူ ရေးသားပေးပို့ရမည်။ ပြိုင်ပွဲဝင်လိုသူသည် ပတ်စ်ပို့အရွယ်ဓာတ်ပုံနှစ်ပုံ၊ အမည်ရင်း၊ ကလောင်အမည်၊ မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ပညာအရည်အချင်း၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရမည့် တယ်လီဖုန်းအမှတ်နှင့် ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းချုပ်ကိုဖော်ပြပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ရုံးအမှတ်(၂၃)နေပြည်တော်သို့ နိုဝင်ဘာ ၂၈ ရက်(ကြာသပတေးနေ့) ညနေ ၄ နာရီနောက်ဆုံးထားပေးပို့ရမည်။ ပြိုင်ပွဲဝင်တစ်ဦးအတွက် ဆောင်းပါးစာမူတစ်ပုဒ်သာ တင်သွင်းခွင့်ရှိသည်။ ပြိုင်ပွဲဝင်သူများသည် ပြိုင်ပွဲဝင်စာမူကို အထက်ပါရက်အမီ လူမှုဝန်ထမ်းဦးစီးဌာန e-mail: social-wel-mayan@mptmail.net.mm သို့လည်းကောင်း၊ ဖက်စ်-၀၆၇-၄၀၄၀၃၄ သို့လည်းကောင်းကြိုတင်ပေးပို့ထားနိုင်ပြီး မူရင်းစာမူကို နိုဝင်ဘာ ၂၉ ရက် အရောက်လူကိုယ်တိုင်ဖြစ်စေ၊ အမြန်ချောဖြင့်ဖြစ်စေ မပျက်မကွက်ပေးပို့ရမည်ဖြစ်သည်။ ပြိုင်ပွဲဆုများကို ထိုက်ထိုက်တန်တန်ချီးမြှင့်မည်ဖြစ်သည်။ ပထမ၊ ဒုတိယ၊ တတိယရရှိသူများအား ဒီဇင်ဘာ ၃ ရက်တွင် နေပြည်တော် သင်္ဂဟဟိုတယ်၌ကျင်းပမည့် ၂၀၁၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အခမ်းအနားတွင် ဆုချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲများနှင့်ပတ်သက်သော သတင်းအချက်အလက်များကို လူမှုဝန်ထမ်းဦးစီးဌာန website www.dsw.gov.mm နှင့် www.un.org/disabilities/ တွင် ဖတ်ရှုနိုင်သည်။ အသေးစိတ်သိရှိလိုပါက စာစီစာကုံးပြိုင်ပွဲများနှင့်ပတ်သက်၍ ဒေါ်ဏီဏီလှိုင်(လက်ထောက်ညွှန်ကြားရေးမှူး) ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ဖုန်း-၀၆၇-၄၀၇၀၄၃ သို့လည်းကောင်း၊ ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲနှင့်ပတ်သက်၍ ဒေါ်ယုယုဆွေ (ဒုတိယညွှန်ကြားရေးမှူး) လူမှုဝန်ထမ်းဦးစီးဌာန ဖုန်း-၀၆၇-၄၀၄၂၉၄ သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်သည်။ **(သတင်းစဉ်)**

ဆောင်းပါးနှင့်နယ်သတင်း

ဒုတိယအကြိမ် အာဆီယံစကားဝိုင်းဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန်   နိုဝင်ဘာ   ၂၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဟန်းဆိုင်ဒယ်ဖောင်ဒေးရှင်းတို့ ပူးပေါင်းစီစဉ်ကျင်းပသော ဒုတိယအကြိမ်မြောက်အာဆီယံစကားဝိုင်းဆွေးနွေးပွဲတစ်ရပ်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ စကားဝိုင်းဆွေးနွေးပွဲကို "ကျွမ်းကျင်သူများက ဦးဆောင်လျက် အာဆီယံခေတ်သစ်အနေအထားကိုဆွေးနွေးကြမည်"ခေါင်းစဉ်ဖြင့် ဆွေးနွေးမည်ဖြစ်သည်။ အများပြည်သူတို့ ပါဝင်ဆွေးနွေးနိုင်ရန်လည်း စီစဉ်ထားကြောင်းလည်း သိရသည်။

ယခုစကားဝိုင်းတွင် အာဆီယံစီးပွားရေးလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးစည်းဝေးပွဲနှင့် အာဆီယံလူမှုအဖွဲ့အစည်းညီလာခံတို့နှင့်ပတ်သက်၍ ဆွေးနွေးမည်ဖြစ်ကြောင်းသိရသည်။ ပထမအကြိမ် စကားဝိုင်းဆွေးနွေးပွဲကိုဇူလိုင်လ၌ကျင်းပခဲ့ပြီး အာဆီယံမဏ္ဍိုင်ကြီးသုံးခုနှင့်သက်ဆိုင်သော ဘာသာရပ်များကို ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲကို အမှတ်(၂၉) မင်းရဲကျော်စွာလမ်းပေါ်ရှိ (UMFCCI) ၌ နိုဝင်ဘာ ၂၂ရက်နှင့် ၂၃ရက် နံနက် ၈ နာရီခွဲက ကျင်းပမည်ဖြစ်သည်။ စိတ်ပါဝင်စားသူများအသေးစိတ်သိရှိလိုပါက ဖုန်း -၀၁-၆၆၇၂၂၅ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **မြတ်စန္ဒီသင်းဇော်**

ကသာမြို့ မင်းလယ်ရွာစာကြည့်တိုက် Sky Net ရ၍ ဝမ်းသာပျော်ရွှင်

ကသာ   နိုဝင်ဘာ   ၂၀

"ကျွန်တော်တို့ မင်းလယ်ရွာ သုတပဒေသာစာကြည့်တိုက်အတွက် Sky Net ရလို့ လူကြီးလူငယ်အားလုံး ဝမ်းသာကြတယ်။ စာကြည့်တိုက်သွားရင်း စာအုပ်အခမဲ့ငှားလို့တယ်။ ဖတ်လို့ရတယ်။ Sky Net လိုင်းစုံ အခမဲ့ကြည့်လို့ရတယ်။ ဒါကြောင့် တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ဆင်းရဲမှုလျှော့ချရေးအဖွဲ့ကို ကျေးဇူးတင်တယ်ဗျာ" ဟု ကသာမြို့နယ် မင်းလယ်ရွာနေ ဦးအောင်ဆန်းကပြောသည်။ ကသာမြို့နယ် မင်းလယ်ရွာ သုတပဒေသာစာကြည့်တိုက်ကို ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ဆောက်လုပ်ခဲ့သည်။ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် မင်းလယ်ရွာစာကြည့်တိုက်သို့ Sky Net တစ်စုံ နိုဝင်ဘာ ၈ ရက်က လှူဒါန်းခဲ့သည်။ ကြည့်ရှုသူ များပြားသည့်အတွက် အလှူခံငွေဖြင့် ၃၂ လက်မ တီဗွီဝယ်ယူ၍ ပြသခဲ့သည်။

Sky Net လိုင်း SN-2 ၈၃ လိုင်း တစ်နှစ်စာ ပါပြီးဖြစ်သည့်အတွက် မကြာမီ ဆီးဂိမ်းအားကစားပြိုင်ပွဲများလည်း ကြည့်ရှုရတော့မည်။နောင်နှစ် ကမ္ဘာ့ဖလားဘောလုံးပွဲလည်း အခမဲ့ကြည့်ရှုရတော့မည်ဖြစ်၍ မင်းလယ်ရွာတစ်ရွာလုံး တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးကော်မတီတို့ကို ကျေးဇူးတင်လျက်ရှိကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မိတ္ထီလာကန်ကူးတံတား ထပ်မံတည်ဆောက်မည်

မိတ္ထီလာ   နိုဝင်ဘာ   ၂၀

၂၀၁၄-၂၀၁၅ ဘတ်ဂျက်ကာလ၌ မိတ္ထီလာခရိုင် မိတ္ထီလာမြို့ရှိ မိတ္ထီလာ-ကျောက်ပန်းတောင်းကားလမ်းပေါ်မှ ကန်ကူးတံတားနှင့် ကပ်လျက် ကန်ကူးတံတားတစ်စင်းထပ်မံတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုဝင်ဘာ ၁၆ ရက် နံနက်ပိုင်းက Delivery Unit အဖွဲ့နှင့် တွေ့ဆုံရာ၌ မိတ္ထီလာမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီဝင် ဦးခင်မောင်ထူးက မိတ္ထီလာကန်ကူးတံတားတစ်စင်း ထပ်မံတည်ဆောက်ပေးမည့်အစီအစဉ်ရှိမရှိ ထည့်သွင်းမေးမြန်းရာ ဦးအောင်နိုင်ဦး အင်ဂျင်နီယာချုပ်(တံတား) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက လာမည့်နှစ်ဘတ်ဂျက်လအစပိုင်းတွင် မိတ္ထီလာကန်ကူးတံတားတစ်စင်းထပ်မံတည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားခဲ့သည်။

ဆောင်ရွက်သွားမည်

မိတ္ထီလာကန်ကူးတံတားသည် ခန့်မှန်းပေ ၂၅၀ ကျော်ရှည်လျားပြီး အကျယ် ၁၈ ပေခန့်ရှိသည်။ **(ယာပုံ)** ယင်းကန်ကူးတံတားကို လွန်ခဲ့သည့်နှစ်ပေါင်း ၆၀ ကျော်က တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး မြို့ပြဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နေပြည်တော်၊ ကျောက်ပန်းတောင်း၊ မန္တလေး၊ မြင်းခြံ၊ တောင်ကြီး စသည့်ဒေသများမှ ခရီးသည်တင် မော်တော်ယာဉ်များ၊ ကုန်တင်မော်တော်ယာဉ်ကြီးများ နေ့စဉ်များပြားစွာဖြတ်သန်းသွားလာမှုကြောင့် ဒေသခံများအတွက် ဖြတ်သန်းသွားလာရာတွင် အခက်အခဲတွေ့ရပြီး အမှန်တကယ်လိုအပ်ချက်ကို ဖြည့်ဆည်းပေးသည့်အနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး မိတ္ထီလာကန်ကူးတံတားသစ်တစ်စင်းကို မကြာမီ မြင်တွေ့ရတော့မည်ဖြစ်သည်။

ထပ်မံတည်ဆောက်မည့် ကန်ကူးတံတားသစ်ကို လက်ရှိကန်ကူးတံတားနှင့်ကပ်လျက် ထပ်မံတိုးချဲ့တည်ဆောက်သွားမည်ဖြစ်ကာ တံတားနှစ်စင်းကို အသွားတစ်လမ်း အပြန်တစ်လမ်း နှစ်လမ်းမောင်းစနစ်ကျင့်သုံးစေကာ ယာဉ်ကြောရှုပ်ထွေးမှုကို ဖြေရှင်းသွားမည်ဖြစ်ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ရန်ကုန်စတိုနှင့် ဘီလပ်မြေစက်ရုံတို့မှ စီမံကိန်းနေရာအသီးသီးသို့ ပစ္စည်းများအား သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၀-၁၁-၂၀၁၃ ရက်

၃။ **တင်ဒါပိတ်မည့်ရက်** - ၂၆-၁၁-၂၀၁၃ ရက်

၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၂:၀၀ နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

သစ်တောဦးစီးဌာနတည်ဆောက်ရေးလုပ်ငန်းများအတွက်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သစ်တောဦးစီးဌာန မကွေးတိုင်းဒေသကြီးမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် အောက်ဖော်ပြပါ ရုံးအဆောက်အအုံနှင့် မျိုးဥယျာဉ်ဆောက်လုပ်နိုင်ရန်အတွက် အဆောက်အအုံပိသုကာပုံစံနှင့်အညီ ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင် တည်ဆောက်နိုင်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တည်နေရာ** **လုပ်ငန်း**

(က) ပွင့်ဖြူမြို့နယ် ရုံးအဆောက်အအုံ(၃၆'×၃၀'×၁၁')သွပ်မိုးတစ်ထပ်အုတ်ညှပ်နံရံကာ၊ ကွန်ကရစ်တိုင်(သံကူဖြင့်) ရေ၊ မီး၊ မိလ္လာအပါအဝင် (၁)လုံး

(ခ) ပခုက္ကူမြို့နယ် မျိုး(၁)သိန်းဆံ့ မျိုးဥယျာဉ်(၆၈'×၇၇') မျိုးစင်(၂)စင်

၃။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၀-၁၁-၂၀၁၃ ရက်

တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂-၁၂-၂၀၁၃ ရက် ညနေ ၄:၃၀ နာရီ

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။ **ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး မကွေးမြို့၊ ဖုန်း-၀၆၃-၂၃၀၃၂၊ ၀၆၃-၂၃၀၃၆**

ပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါပစ္စည်းကို ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ဈေးနှုန်းကမ်းလှမ်းလွှာများကို တင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	တင်သွင်းရမည့်နေ့ရက်နှင့်အချိန်
(၁)	ကွန်ပျူတာ၊ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ CCTV System ပစ္စည်းများ	၁၀-၁၂-၂၀၁၃ရက်(၁၃:၀၀)နာရီ
(၂)	M.S.D Areindamar ရေယာဉ် Spare Parts (Double Acting Cylinder)	၁၀-၁၂-၂၀၁၃ရက်(၁၃:၀၀)နာရီ

၂။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း (ဗိုလ်တထောင်ဘုရားအနောက်ဘက်၊ ကွန်ကရစ်လမ်းသစ် Toll Gate အနီး) ဆိပ်ကမ်းမြို့နယ်တွင် ၂၂-၁၁-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်ရယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၈၆၁၀၂၂၉ နှင့် ၈၆၁၀၃၂၂တို့သို့ စုံစမ်းနိုင်ပါသည်။

ပစ္စည်းထိန်းချုပ်
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနသည် ခရီးသွားလုပ်ငန်းမြှင့်တင်ရေး လက်ကမ်းစာစောင်၊ စာအုပ်၊ CD, File Folder နှင့် လက်ဆွဲအိတ်များကို ထုတ်ဝေရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါပုံစံရောင်းမည့်ရက်** - ၂၅-၁၁-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း

(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၃-၁၂-၂၀၁၃ ရက်၊ မွန်းလွဲ ၂ နာရီ

(ဂ) **တင်ဒါပုံစံဝယ်ယူရန်နေရာ** - ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ရုံးအမှတ်(၃၃)၊ နေပြည်တော်

၂။ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၆၇-၄၀၆၄၆၁၊ ၄၀၆၂၅၀၊ ၄၀၆၁၃၆တို့သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့
ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန
နေပြည်တော်

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းမှ အသုံးမပြုတော့သည့် အောက်ဖော်ပြပါပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း နေရာဌာနအသီးသီးအလိုက် ရောင်းချမည်ဖြစ်သဖြင့် အိတ်ဖွင့်တင်ဒါများကို ၁၇-၁၂-၂၀၁၃ရက် ၁၂:၀၀နာရီ နောက်ဆုံးထား၍ ပေးသွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်-

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	တည်ရှိရာနေရာ
(၁)	၃/၂၀၁၃	အဆင့်ချပြီးပီပါခွံ (၄၀၅၃)လုံး	ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီးများ (ပဌနကိုရ်/ချောက်) သိုလှောင်ဖြန့်ဖြူးရေးဌာနခွဲများ (ပြည်/ပျဉ်းမနား)နှင့် မအူပင်စခန်း
(၂)	၄/၂၀၁၃	Aeroshell Turbine Oil-750 ၂၀ လီတာ-၂၀၂၃ ပုံး	ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး ခနိတော (ရန်ကုန်မြို့)

၂။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၂၁-၁၁-၂၀၁၃ရက်မှစတင်၍ ပစ္စည်းတည်ရှိရာဌာနများနှင့် ဤရုံးဌာနတွင် ဝယ်ယူရရှိနိုင်ပြီး အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၁၁၄၉၂ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

စီမံရေးဌာန
မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ ရုံးအမှတ်(၆)၊ နေပြည်တော်

ပြည်တွင်းသတင်းနှင့်ဓာတ်ပုံ

လူဦးရေသန်းခေါင်စာရင်းနှင့် အိမ်အကြောင်းအရာ ရှင်းလင်းဆွေးနွေး

ရမည်းသင်း နိုဝင်ဘာ ၂၀

ရမည်းသင်းမြို့နယ်တွင် ခရိုင်နှင့်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်သိန်းနှင့်အဖွဲ့ဝင်များသည် လူဦးရေသန်းခေါင်စာရင်းနှင့် အိမ်အကြောင်းအရာစာရင်းကောက်ယူရေး သိကောင်းစရာများဟောပြောပွဲကို နိုဝင်ဘာ ၁၅၊၁၆၊ ၁၈ရက်များတွင်ဝါတိုးရပ်ကွက်၊ မြို့မရပ်ကွက်၊ အောင်မင်္ဂလာရပ်ကွက်၊ ရွှေစည်းခုံရပ်ကွက်နှင့်ကျောင်းတိုက်စုရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများ၌ ကျင်းပခဲ့သည်။ ရှေးဦးစွာ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူးကသန်းခေါင်စာရင်းကောက်ယူမည့် အချက်များနှင့်စပ်လျဉ်း၍ အချက် (၄၁) ချက်ပါ အချက်အလက်များကို ရှင်းလင်းဆွေးနွေးဟောပြောသည်။ အလားတူ ရမည်းသင်းမြို့နယ် ကျေးရွာအုပ်စု ၆၃ အုပ်စုကိုလည်း လူဦးရေသန်းခေါင်စာရင်းနှင့် အိမ်အကြောင်းအရာစာရင်းများ ကောက်ယူမှုဆိုင်ရာ ရှင်းလင်းဆွေးနွေးဟောပြောပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(၄၁၆)**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် သမိုင်းဝင်ဘော်ကြိုး (မုဋ္ဌော)စေတီတော်မြတ်ကြီးတွင် တန်ဆောင်မုန်းလပြည့်ညက ဆီမီးတစ်သောင်း ထွန်းညှိပူဇော်ပွဲကျင်းပရာ ရပ်ဝေးရပ်နီးတို့မှ ကုသိုလ်ရှင်များ၊ ဒေသခံဗုဒ္ဓဘာသာဝင် တိုင်းရင်းသားများသာမက ကမ္ဘာလှည့်ခရီးသွား နိုင်ငံခြားသားများကလည်း လာရောက်ပါဝင် ဆီမီး ထွန်းညှိပူဇော်ကြစဉ်။
သီပေါကိုလတ်

ဖန်းမော်၌ CCTV ကင်မရာများ တွင်ကျယ်စွာတပ်ဆင်အသုံးပြု

ဖန်းမော် နိုဝင်ဘာ ၂၀

ကချင်ပြည်နယ် ဖန်းမော်မြို့၌ CCTV ကင်မရာများ တွင်ကျယ်စွာ တပ်ဆင် အသုံးပြုလာကြသည်ကို တွေ့ရသည်။

ပြစ်မှုမကျူးလွန်မီ လှုပ်ရှားမှု ပြစ်မှုကျူးလွန်သည့်အချိန် လှုပ်ရှားမှုများကို ဗီဒီယိုမှတ်တမ်းများ ရယူနိုင်သည့်အတွက် မှုခင်းစုံစမ်းထောက်လှမ်းရာတွင် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ပြီး ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်နိုင်ခဲ့သည်။

ဖန်းမော်မြို့ ကုက္ကိုတောရပ် ဂိမ်းဆိုင်ရှေ့တွင်ရပ်ထားသော ဆိုင်ကယ်ပျောက်ဆုံးမှု၊ ဆောက်လုပ်ရေး တိုက်တန်းရှေ့တွင်ရပ်ထားသော ဆိုင်ကယ်ပျောက်ဆုံးမှု၊ ဆက်သွယ်ရေးပစ္စည်းအရောင်းဆိုင် ကောင်တာပေါ်တွင် ဖုန်း ပျောက်ဆုံးမှုများတွင် အဆိုပါ CCTV ကင်မရာ မှတ်တမ်းများအရ ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်နိုင်ခဲ့သည်။

အောက်တိုဘာ ၂၇ ရက်မှ ၃၀ ရက်အထိ လုံခြုံရေးအသိပညာပေးသင်တန်းတွင် CCTV ကင်မရာများ တပ်ဆင်အသုံးပြုရန် တာဝန်ရှိသူများက တွန်းအားပေးပြီးနောက် ပုဂ္ဂလိကဈေးဆိုင်များ၊ စားသောက်ဆိုင်များ၊ ဟိုတယ်တည်းခိုခန်းများ၊ပုဂ္ဂလိကဘဏ်များ၊ ရွှေဆိုင်/စတိုးဆိုင်များ၊ ပုဂ္ဂလိကဆေးရုံများ၊သိမ်မဟာစေတီတော်၊ ကန်ဦးပရိယတ္တိစာသင်တိုက် **(အပေါ်ပုံ)**၊ ချမ်းသာရ ကံထူးမြတ်စေတီတော်၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ မြို့မရဲစခန်းတို့တွင် CCTV ကင်မရာများ တပ်ဆင်အသုံးပြုလာကြပြီး တပ်ဆင်မှုမရှိသေးသော အများပြည်သူများ ဝင်ထွက်သွားလာသည့်နေရာများတွင်လည်း CCTV ကင်မရာများ တပ်ဆင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဆီမီးခုံ-နန်းရီ**

ဟိုပန်မြို့၌ မြို့နယ်လုံးကျွတ် စုပေါင်းမဟာဘုံကထိန်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ

ဟိုပန် နိုဝင်ဘာ ၂၀

'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ဟိုပန်မြို့တွင် ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ထွန်းလူနှင့် ဦးစီးအဖွဲ့ဝင်များ၊ ပွဲတော်ကျင်းပရေးဦးစီးအဖွဲ့ဝင်များ ဦးစီးကျင်းပသည့်တတိယအကြိမ်မဟာဘုံကထိန်ပွဲတော်နှင့်မြို့နယ်လုံးကျွတ်စုပေါင်းမဟာဘုံကထိန်ပွဲတော်၊ ဆွမ်းဆန်လောင်းလှူပွဲတော်၊ လူငယ် စင်တင်တေးဂီတ၊ အဆိုပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို မြို့မမန်ကောင်းကျောင်းတိုက်၌ နိုဝင်ဘာ ၁၆ ရက်မှ၁၈ရက်အထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာကျင်းပသည်။ နိုဝင်ဘာ ၁၆ ရက် မွန်းလွဲ ၁ နာရီက မြို့မမန်ကောင်းကျောင်းတိုက်၌ 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ထွန်းလူနှင့်ဇနီးက မိသားစု ဥ တ်သက်န်းနှင့် ပဒေသာပင်၊ နယ်မြေခံတပ်ဖွဲ့များက ပဒေသာပင်များ၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ ပဒေသာပင်များ၊လုပ်ငန်းရှင်များ၊ သာရေးနာရေးအသင်းနှင့် အလှူရှင်များ လှူဒါန်းသည့် ပဒေသာပင် ၃၁ ပင်ကို မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တသီဟဗလ ဆရာတော်ထံ ရေစက်ချ အနုမောဒနာတရားနာကြားကြသည်။ ယင်းနောက် ပဒေသာပင်များကို မဲနှိုက်၍ ဘုန်းတော်ကြီးကျောင်း ၂၄ ကျောင်းအတွက် ဆက်ကပ်လှူဒါန်းသည်။

နိုဝင်ဘာ ၁၇ ရက် မွန်းတည့် ၁၂ နာရီမှ စတင်၍ ဟိုပန်၊ ပန်ကောက်၊ 'ဝ'ဒေသမှ ဆရာတော် ရှင်သာမဏေ ၃၅၈ ပါးတို့က မြို့မမန်ကောင်းကျောင်းတိုက်မှ မြို့လယ်လမ်းမအတိုင်း ကြွချီပြီး ဆွမ်းဆန်တော်လောင်းလှူပွဲနှင့်အတူ ပဒေသာပင်များရိုးရာအိုးစည်ဗုံမောင်းအဆိုအကများဖြင့် စုပေါင်းလှည့်လည်ပူဇော်ပွဲကျင်းပသည်။

ပွဲတော်ရက်ညပိုင်းအချိန်တွင် ဒေသခံတိုင်းရင်းသားလူငယ်များက တန်ဆောင်တိုင်ပွဲ စင်တင်တေးဂီတဖြေဖျော်ပွဲနှင့် ပွင့်သစ်စလူငယ်အဆိုပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ပန်ခွန်သတ္တုတူးဖော်ရေးကုမ္ပဏီက စီစဉ်ကျင်းပပေးကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

မန္တလေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပြပွဲပြိုင်ပွဲ (၂၀၁၃) အလွတ်တန်းဆောင်းပါး၊ ကဗျာ၊ ကာတွန်းပြိုင်ပွဲဝင် စာမူဖိတ်ခေါ်

မန္တလေးတိုင်းဒေသကြီး ပထမအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပြပွဲပြိုင်ပွဲ ၂၀၁၃ အလွတ်တန်း ဆောင်းပါး၊ ကဗျာ၊ ကာတွန်းပြိုင်ပွဲ ကျင်းပမည်ဖြစ်သည်။

အလွတ်တန်းဆောင်းပါးပြိုင်ပွဲဝင်ခေါင်းစဉ်မှာ သူ့အတွက်လား၊ ကိုယ့်အတွက်လား၊ အနက်ရောင်လမ်းပေါ်မှာ ဖြစ်သည်။ စာလုံးရေ ၃၀၀၀ မှ ၄၀၀၀ အတွင်း ဖြစ်ရမည်။

အလွတ်တန်းကဗျာပြိုင်ပွဲတွင် မိမိကြိုက်နှစ်သက်ရာပုံစံဖြင့် ရေးဖွဲ့နိုင်သည်။

အလွတ်တန်းကာတွန်းပြိုင်ပွဲတွင် A-3 ဖြင့် အဖြူအမည်း(သို့မဟုတ်)ရောင်စုံဖြင့် အကန့်အသတ်မရှိ ပေးပို့နိုင်သည်။

ပြိုင်ပွဲဝင် စာမူများကို နိုဝင်ဘာ ၂၅ ရက်နောက်ဆုံးထား၍ မန္တလေးငါးမြို့နယ်/စာရေးဆရာအသင်းရုံးနှင့် မန္တလေးတိုင်းဒေသကြီး တိုင်းဒေသကြီး ပြန်/ဆက်၊ ခရိုင် ပြန်/ဆက် ရုံး ၆၂ လမ်းနှင့်မြဝတီမင်းကြီးလမ်းထောင့် ပြည်ကြီးတံခွန်မြို့နယ်သို့ပေးပို့နိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း -၀၂-၈၀၉၈၇ နှင့် ၀၂-၈၀၈၀၉၈၈ သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ကဗျာအလွတ်တန်းနှင့်ကာတွန်းအလွတ်တန်းပြိုင်ပွဲများသည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးနှင့်ထိန်းသိမ်းရေးသရုပ်ဖော်ရမည်ဟု သိရသည်။ **ခင်ခင်ဝင်း(ပညာရေး)**

အေအိုင်ဒီအက်စ်ရောဂါနှင့် တီဘီရောဂါအကြောင်း အသိပညာပေး ဟောပြော

မြန်အောင် နိုဝင်ဘာ ၂၀

ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က မြန်အောင်မြို့နယ် မျှင်ဝါးတောင်ကျေးရွာအုပ်စု ဆင်ကျုံးကျေးရွာတွင် နိုဝင်ဘာ ၁၈ ရက်က AIDS ရောဂါနှင့်TBရောဂါအကြောင်း အသိပညာပေးဟောပြောပွဲကျင်းပရာ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်ဌေးမြင့် တက်ရောက်၍ အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းထိန်က HIV/AIDSရောဂါနှင့် TBရောဂါအကြောင်း ကျေးရွာသူကျေးရွာသားများသိရှိစေရန် အသိပညာပေးဟောပြောသည်။

လက်ခံရယူ

ထို့နောက် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်ဌေးမြင့်က မျှင်ဝါးတောင်ကျေးရွာအုပ်စု အမက (ခွဲ) ဆင်ကျုံးမှ ကျောင်းသားကျောင်းသူများအား စာရေးကိရိယာများ၊ အဝတ်အစားများနှင့်မုန့်များပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းသား ကျောင်းသူများက လက်ခံရယူခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စက်မှုလယ်ယာဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနမှ ထွန်စက်အပိုပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၁၈-၁၁-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၃-၁၂-၂၀၁၃ ရက် ၁၆း၃၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၃၁၂၄၂၊ ၄၃၁၂၄၃ တို့သို့ စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ စက်မှုလယ်ယာဦးစီးဌာန
ရုံးအမှတ်(၅၀)၊ နေပြည်တော်

အောက်ဆီဂျင်ဓာတ်ငွေ့အလုပ်ရုံနှင့်အက်ဆီတလင်းဓာတ်ငွေ့အလုပ်ရုံ နှစ်ရှည်ငှားရမ်း(သို့မဟုတ်)အကျိုးတူပူးပေါင်းဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၂၄) အကြီးစားစက်ရုံ(ဒဂုံ)လက်အောက်ရှိ အောက်ဆီဂျင်ဓာတ်ငွေ့အလုပ်ရုံနှင့် အက်ဆီတလင်းဓာတ်ငွေ့အလုပ်ရုံတို့ကို နှစ်ရှည်ငှားရမ်း(သို့မဟုတ်)အကျိုးတူပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ စိတ်ဝင်စားသူများအနေဖြင့် တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းများကို ပစ္စည်းစီမံရေးဌာန၊ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်းတွင် ၁၉-၁၁-၂၀၁၃ရက် ၀၉း၀၀နာရီမှ စတင်ဝယ်ယူနိုင်ပြီး ၁၀-၁၂-၂၀၁၃ရက် (အင်္ဂါနေ့) ၁၆း၀၀နာရီ နောက်ဆုံးထား တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ပစ္စည်းစီမံရေးဌာန၊ အမှတ်(၂)၊ အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၀)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၅၁၅၁၊ ၀၆၇-၄၀၅၀၅၈တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
(၁၃/၂၀၁၃)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ (အမေရိကန် ဒေါ်လာ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(၁)	IFB-105(2013-2014)	2 7/8", 4 1/2" & 5" Drill Pipe	(3) Items	US$
(၂)	IFB-106(2013-2014)	Annular Blow Out Preventers	(2) Nos	US$
(၃)	IFB-107(2013-2014)	Interpretation Workstation	(1) Lot	US$
(၄)	IFB-108(2013-2014)	Data Processing Centre	(1) Lot	US$
(၅)	IFB-109(2013-2014)	Data Acquisition Sercel 428 Telememtry Recording System	(1) Lot	US$
(၆)	IFB-110(2013-2014)	SSB/HF & VHF/FM Transceiver	(4) Items	US$
(၇)	IFB-111(2013-2014)	Spare for VSAT	(2) Items	US$

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ် (၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၈-၁၂-၂၀၁၃ရက် ရုံးချိန်အတွင်း ၁၆း၃၀နာရီတွင်နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ငန်း၊ ရုံးအမှတ် ၄၄၊ နေပြည်တော်သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆

အမည်မှန်

မင်းပြားမြို့၊ အောက်ရွာပိုင်းရပ်ကွက်နေ ဦးမောင်စိန်ညွန့်၏သမီး မအေးရွှေဖြူ ၇/ပမန(နိုင်)၀၀၅၆၉၇ ၏အမည်မှန်မှာ မအေးစိန် ဖြစ်ပါကြောင်း။
မအေးစိန်

အမည်ဖြည့်စွက်ခေါ်ပါရန်

စစ်တွေမြို့၊ ရေချမ်းပြင်ရွာနေ ဦးဖိုးထွန်းအောင်၏သား ဦးဘတင် ၁၁/စတန(နိုင်)၀၃၇၀၂၆ အား ဦးဘတင်(ခ)ဦးဘစိန်ဟုအမည်ဖြည့်စွက်ခေါ်ပါရန်။
ဦးဘတင်(ခ)ဦးဘစိန်

ရမည်းသင်းမြို့နယ် လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်များပေးအပ်

ရမည်းသင်း နိုဝင်ဘာ ၂၀

ရမည်းသင်းမြို့နယ်လုံးကျွတ်လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်များ ပေးအပ်ပွဲကို ရမည်းသင်းမြို့နယ် မြို့လှကျေးရွာအုပ်စု မြို့လှကျေးရွာ အလယ်ဘုန်းတော်ကြီးကျောင်းတွင် နိုဝင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီက ကျင်းပရာ အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးဘိုနီ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်စု ငါးအုပ်စုမှ အုပ်ချုပ်ရေးမှူးများ၊ ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ပြည်သူများ တက်ရောက်သည်။

အခမ်းအနားတွင် မြို့နယ်မြေစာရင်းဦးစီးမှူး ဦးအောင်ကျော်စိုးရွှေက လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်များကို ကျေးရွာအုပ်စုရှိ တောင်သူကိုယ်စားလှယ်များအား ပေးအပ်သည်။ဆက်လက်၍ ရမည်းသင်းခရိုင်လုံးကျွတ် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များပေးအပ်ပွဲကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်မြေစာရင်းဦးစီးမှူး ဦးမြင့်ဦးတို့က လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်များ ထုတ်ပေးရသည့်အကြောင်းအရင်း၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး ဝိုင်းဝန်းဆောင်ရွက်ခဲ့သည့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လုပ်ငန်းအကူများကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် လက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

(၄၁၆)

လူကုန်ကူးမှု ပပျောက်ဖို့ တစ်မျိုးသားလုံး ပါဝင်ကြပါစို့

ပြည်နယ်အဆင့်မိုးစပါးစံကွက်ရိတ်သိမ်းပွဲကျင်းပ

မြစ်ကြီးနား နိုဝင်ဘာ ၂၀

၂၀၁၃-၂၀၁၄ ခုနှစ် ပြည်နယ်အဆင့်မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၁၆ ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့ ပမ္မတီးရပ်ကွက်ရှိ ကွင်းအမှတ်(၇၁)တောင်သူဦးချစ်ဆွေ၏ စံပြလယ် ၁၀ ဧက၌ ကျင်းပရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာများမှတာဝန်ရှိသူများသည် စံကွက်အတွင်း အထွက်တိုးပုလဲသွယ်မိုးစပါးများကို တောင်သူများက ရိတ်သိမ်းခြွေလှေ့စက်များဖြင့် ရိတ်သိမ်းနေမှုကိုကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ရှင်းလင်းဆောင်၌ ပြည်နယ်ဝန်ကြီးချုပ်က ဒေသခံတောင်သူများအနေဖြင့် သမားရိုးကျစိုက်ပျိုးခြင်းထက် ခေတ်မီစက်ကိရိယာများ၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများကို စနစ်တကျသုံးစွဲပြီး စိုက်ပျိုးပါက စပါးအထွက်တိုးပြီး ဝင်ငွေတိုးပွားလာကာ တောင်သူများ၏ လူနေမှုဘဝ မြင့်မားလာမည်ဖြစ်ကြောင်း၊ နည်းပညာများရယူလိုပါက ပြည်နယ်အစိုးရနှင့်သက်ဆိုင်ရာဌာနများက ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့်တစ်ဆက်တစ်စပ်တည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှကျခံပြီး နို့စားနွားမမွေးမြူရေးကို ဆောင်ရွက်ပေးလျက်ရှိရာ မွေးမြူလိုသူ တောင်သူများရှိပါက မိမိတို့က အားပေးကူညီပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာသည့် တောင်သူများက စိုက်ပျိုးရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ နို့စားနွားမမွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ လိုအပ်ချက်များနှင့်စပ်လျဉ်း၍ တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် ညှိနှိုင်းပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ စံပြကွက်တွင် အထူးအထွက်တိုးပုလဲသွယ်မိုးစပါးကို စိုက်ပျိုးခဲ့ပြီး တစ်ဧကအထွက်နှုန်း တင်း ၁၇၀ ထွက်ရှိကြောင်းနှင့် ကချင်ပြည်နယ်တွင် ပုလဲသွယ်အထွက်တိုးစပါး စုစုပေါင်းဧက ၄၆၆ ဧက စိုက်ပျိုးလျက်ရှိပြီး ရိတ်သိမ်းပြီးဧက ၁၉၃ ဧကရှိရာ ပျမ်းမျှအထွက်နှုန်းမှာ ၁၂၀ ဒသမ ၁၇၂ တင်းထွက်ရှိကြောင်း သိရှိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

ပလက်ဝမြို့နယ်သူ မြို့နယ်သားမိသားစုများ စုပေါင်းကထိန်သင်္ကန်းဆက်ကပ်လှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၂၀

ပလက်ဝမြို့နယ်သူ မြို့နယ်သားများ၏ ဒုတိယအကြိမ် စုပေါင်းကထိန်ဆက်ကပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် တိုးချဲ့(၁)ရပ်ကွက်ရှိ မင်္ဂလာသုခ (ပလက်ဝ) ကျောင်းတိုက်၌ကျင်းပရာ ကျောင်းတိုက်ဦးစီးပဓာနဆရာတော် ဦးဓမ္မိသာရအား ကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းပြီး ကထိန်အနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြကြောင်း သိရသည်။

မောင်မောင်ကျော့(ပလက်ဝ)

ရေစကြို၌ ရိုးရာရက်ကန်းလုပ်ငန်းမှ ဝင်ငွေအခွင့်အလမ်းများ တိုးပွားလာ

မိတ္ထီလာ နိုဝင်ဘာ ၂၀

ပခုက္ကူခရိုင် ရေစကြိုမြို့နယ် တာတိုင်ကျေးရွာ၌ ရိုးရာရက်ကန်းလုပ်ငန်းလုပ်ကိုင်ခြင်းဖြင့် ဒေသခံအမျိုးသမီးငယ်များ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေတိုးပွားလျက်ရှိကြောင်း သိရသည်။

"ရက်ကန်းစင်လေးငါးစင်ရှိတဲ့အိမ်မှာ ဒေသခံအမျိုးသမီးတွေ လက်စားရက်ကန်းရက်ကြတယ်။ အထူးသဖြင့် အမျိုးသမီးဝတ်လုံချည်အတွက် ရက်လုပ်ရတယ်။ ကချင်အစင်း၊ဘူးစေ့အဆင်တွေက ပိတ်တစ်အုပ်ကို ကျပ် ၉၀၀၀ ကနေ ကျပ် ၃၀၀၀၀ အထိရှိပြီး သုံးရက်ကနေ ငါးရက်အထိ ရက်လုပ်ရတယ်။ ရက်ကန်းရက်လုပ်သူရဲ့ကျွမ်းကျင်မှုအပေါ် မူတည်ပြီးတော့ ရက်လုပ်ချိန်အနည်းအများကွာတယ်"ဟု တာတိုင်ကျေးရွာမှ လက်စားရက်လုပ်သူ အမျိုးသမီးတစ်ဦးက ပြောသည်။

တာတိုင်ကျေးရွာသို့ ရက်ကန်းလုပ်ငန်းသည် ရိုးရာလက်ရက်ကန်းလုပ်ငန်းဖြစ်ပြီး ကျေးရွာထွက်အမျိုးသမီးဝတ် လုံချည်ထည်များအား တောင်ကြီး၊ မန္တလေး၊ နေပြည်တော်၊ ရန်ကုန်မြို့ရှိ အထည်ဆိုင်ကြီးမှ မှာယူသည့် အရေအတွက်အလိုက် ရက်လုပ် တင်ပို့ရောင်းချခြင်းဖြစ်သည်။ တာတိုင်ကျေးရွာအပြင် ရေစကြိုမြို့နယ်အတွင်း တောင်အိုင်၊ ဆင်ချောင်း၊ ပခန်းကြီးစသည့်ကျေးရွာများတွင် ရိုးရာရက်ကန်းလုပ်ငန်းများ လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

၂၀၁၃ ခုနှစ် နိုဝင်ဘာလ တတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

မိုးအခြေအနေနှင့် မိုးရွာရက်

တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမှုမြဲထက်ပိုပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမှုမြဲခန့် ရွာနိုင်သည်။

တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် လေးရက်မှ ခြောက်ရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တစ်ရက်မှ သုံးရက်ခန့်အထိ ရွာနိုင်သည်။

ညအပူချိန်

ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် အနည်းငယ်လျော့ကာ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

မြူအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်တို့တွင် ခြောက်ရက်မှ ရှစ်ရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် သုံးရက်မှ ငါးရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် တစ်ပေမှ နှစ်ပေခန့်နှင့် ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် နှစ်ပေမှ သုံးပေခန့် လက်ရှိရေမှတ်များ၏အောက် ကျဆင်းနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ၁ ဒသမ ၅ ပေမှ နှစ်ပေခန့် လက်ရှိရေမှတ်များ၏အောက် ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

ခိုကိုးရာမဲ့အဘွားအိုအတွက် ကူညီပေးစေချင်

မကွေး နိုဝင်ဘာ ၂၀

မကွေးမြို့ တောင်တွင်းကြီးလမ်းနှင့် ကန်သာမကျည်းပင်လမ်းဆုံအနီးရှိ ခရီးသည်နားနေဆောင်ကို အမှီပြု၍ နေထိုင်လျက်ရှိသော အသက် (၆၀) ကျော် အဘွားအိုတစ်ဦးအား နိုဝင်ဘာ ၈ ရက်က တွေ့ခဲ့ရသည်။ ခရီးသည်နားနေဆောင်ထဲတွင် အဘွားအို၏ အထုပ်အပိုးများကိုတွေ့ရသည်။ ခရီးသည် နားနေဆောင်အနီးတွင် အမြဲတမ်းကွမ်းယာလာစားသော ဦးစိုးနိုင်ထွန်းက "ဒီမှာရောက်နေတာ နှစ်လကျော်ပြီ၊ ဘယ်သူမှလည်းလာမမေးကြဘူး၊ အဘွားအိုဟာ စိတ်ဝေဒနာရှင်လည်းမဟုတ်ဘူး၊ တောင်းလည်းမစားဘူး၊ စကားလည်းမပြောဘူး။ ရန်မျိုးနိုင်(၈)လမ်းမှာ သူ့ဆွေမျိုးရှိတယ်လို့ သူတစ်ခါပြောဖူးတယ်။ ဌာနဆိုင်ရာဝန်ထမ်းတစ်ဦးကတော့ ရုံးသွားရုံးပြန်မှာ စားစရာအထုပ် ကလေးတစ်ထုပ် ပေးသွားတာတွေ့ရတယ်။ ဆောင်းဝင်လာတော့အေးလာပြီ၊ ကျွန်တော်လည်း သနားလို့ အဘွားအိုကို စောင်တစ်ထည် ပေးထားတယ်။ အရင် မကွေးတက္ကသိုလ်ဖွင့်တုန်းကတော့ ကျောင်းသားလေးတွေက ပိုက်ဆံတွေပေးကြတယ်။ အခုတော့ ကျောင်းပိတ်သွားပြီ၊ အဘွားအိုမှာ စားသောက်ရေး ခက်သွားပြီ၊ မကွေးမှာ လူမှုရေးအသင်းအဖွဲ့တွေရှိပါတယ်၊ အဘွားအိုအတွက် နည်းလမ်းတစ်ခုတော့ရှာသင့်တာပေါ့" ဟုပြောသည်။

မကွေး-လှမြင့်

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကျိုင်းတောင်းမြို့၏အနောက်တောင်ဘက်(၁၄)မိုင်ခန့်အကွာ၊ အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းတွင် ဆောင်ရွက်သွားမည့် တမံဖို့ကျောက်ထုတ်လုပ်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံ ဆောင်ရွက်လိုပါသည်။

၂။ **တင်ဒါပုံစံအရောင်းပိတ်ရက်** - ၂၅-၁၁-၂၀၁၃ရက်၊ ၁၆း၃၀နာရီ
Company Profile အပါအဝင် Technical Proposal နောက်ဆုံးထား၍တင်သွင်းရမည့်ရက် - ၄-၁၂-၂၀၁၃ရက်၊ ၁၆း၃၀နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
ရုံးအမှတ် ၂၇၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၅၇၊ ၄၁၀၄၃၁၊ ဖက်စ်-၀၆၇-၄၁၀၄၃၁

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကျိုင်းတောင်းမြို့၏အနောက်တောင်ဘက်(၁၄)မိုင်ခန့်အကွာ၊ အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းတွင် ဆောင်ရွက်သွားမည့် CVC ခွဲကျောက်ကြိတ်ခွဲထုတ်လုပ်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံ ဆောင်ရွက်လိုပါသည်။

၂။ **တင်ဒါပုံစံအရောင်းပိတ်ရက်** - ၂၅-၁၁-၂၀၁၃ရက်၊ ၁၆း၃၀နာရီ
Company Profile အပါအဝင် Technical Proposal နောက်ဆုံးထား၍တင်သွင်းရမည့်ရက် - ၄-၁၂-၂၀၁၃ရက်၊ ၁၆း၃၀နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
ရုံးအမှတ် ၂၇၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၅၇၊ ၄၁၀၄၃၁၊ ဖက်စ်-၀၆၇-၄၁၀၄၃၁

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကျိုင်းတောင်းမြို့၏အနောက်တောင်ဘက်(၁၄)မိုင်ခန့်အကွာ၊ အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းတွင် ဆောင်ရွက်သွားမည့် မြေကြီးကျောက်သားများတူးဖော်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံ ဆောင်ရွက်လိုပါသည်။

၂။ **တင်ဒါပုံစံအရောင်းပိတ်ရက်** - ၂၅-၁၁-၂၀၁၃ရက်၊ ၁၆း၃၀နာရီ
Company Profile အပါအဝင် Technical Proposal နောက်ဆုံးထား၍တင်သွင်းရမည့်ရက် - ၄-၁၂-၂၀၁၃ရက်၊ ၁၆း၃၀နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
ရုံးအမှတ် ၂၇၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၅၇၊ ၄၁၀၄၃၁၊ ဖက်စ်-၀၆၇-၄၁၀၄၃၁

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၀)၊ နယ်မြေ(၁)၊ ပတ္တမြားလမ်းနေ ဒေါ်ရွှေလေး (ရွှေစက်သုံးဆီရောင်းဝယ်ရေး)၏သမီး မတင်မြတ်ထွန်းဝင်း(ခ)မနီ ၁၃/လရန(နိုင်)၀၇၉၈၀၃သည် မိဘဆိုဆုံးမမှုကို အကြိမ်ကြိမ်နားမထောင်ပါသဖြင့် ၁၈-၁၁-၂၀၁၃ ရက်မှစ၍ သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း ကြေညာလိုက်ပါသည်။ နောက်နောင် ၄င်းနှင့်ပတ်သက်၍ မေးမြန်းစုံစမ်းခြင်းသည်းခံပါ။

ဒေါ်ရွှေလေး
၁၃/လရန(နိုင်)၀၇၉၈၃၈



ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို(၁)ရပ်ကွက်၊ အင်ကြင်းမြိုင်အိမ်ရာ၊ တိုက်အမှတ် ၈၊ အခန်းအမှတ် ၀၀၄၊ မြေညီထပ်တိုက်ခန်းအား အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်တင်မာဦး ၁၂/ဥကတ(နိုင်)၀၈၃၆၈၀ထံမှ ကျွန်တော်ကိုယ်တိုင် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းနှင့်တကွ ဤကြေညာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဦးမျိုးမြင့်အောင်
၁၂/ဗဟန(နိုင်)၀၀၁၀၉၉
ဖုန်း-၀၁-၅၅၉၃၉၂၊ ၀၉-၇၃၀၇၂၁၃၈

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

လောက်ကိုင်မြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၂၀

အမှတ်(၁၀၁) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(နေပြည်တော်) မှ တပ်ဖွဲ့ဝင်များနှင့် အမှတ်(၂၁) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(ကွမ်းလုံ) မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၇ ရက် ညနေ ၄ နာရီခန့်ကသတင်းအရ သက်သေများနှင့်အတူ လောက်ကိုင်မြို့နယ် ရန်လုံကျိုင်းမြို့ အဝင်မုခ်ဦးလမ်းမပေါ်၌ လောက်ကိုင်မှ ရန်လုံကျိုင်းသို့ လောက်ကိုင်မြို့နယ် တာရွှေထန်အုပ်စု ရွှေလူးရွာနေ လီဗင်ကျင်(ခ) လောက်ပေါင် မောင်းနှင်ပြီး ၄ားရမ်းစီးနင်းသူ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ချူကျင်းမြို့နေ လန်ချိုးပြောင် (၃၂ နှစ်) လိုက်ပါလာသည့် KK..... အနီရောင်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးခဲ့သည်။ ထိုသို့စစ်ဆေးရာ လန်ချိုးပြောင်၏ ဘောင်းဘီအိတ်အတွင်းမှWYစာတန်းပါ နီညိုရောင် စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၊ တန်ဖိုးငွေကျပ် ၉၀၀၀၀၀ ကိုသိမ်းဆည်းရမိခဲ့သဖြင့် လန်ချိုးပြောင် **(ယာပုံ)**အား ရန်လုံကျိုင်း နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ရဲပြန်ကြား)**

ဒီးမော့ဆိုမြို့နယ်၌ မူးယစ်ဆေးဝါးနှင့် လက်နက်ခဲယမ်းများဖမ်းဆီးရမိ

ဒီးမော့ဆို နိုဝင်ဘာ ၂၀

လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ်တွင် နိုဝင်ဘာ ၁၅ ရက် ည ၇ နာရီ ၄၅ မိနစ်က မူးယစ်ဆေးဝါးနှင့် လက်နက်ခဲယမ်းများ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကယားပြည်နယ် မူးယစ်(အထူး)မှ ဒုရဲအုပ် အောင်အောင်ဦးစီးအဖွဲ့နှင့် ဒီးမော့ဆိုမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားနေမှုသတင်းအရ သက်သေများနှင့်အတူ နိုဝင်ဘာ ၁၅ ရက် ည ၇ နာရီ ၄၅ မိနစ်က ဒီးမော့ဆိုမြို့နယ် ငွေတောင်ကျေးရွာအုပ်စု ရှမ်းစုရပ်ကွက်နေ အစိုင်း(ခ)ခူဖန်းစိန် နေအိမ်သို့ သွားရောက်ရှာဖွေရာ သိန်းပိုင်နှင့်ခွန်ကျော်သက်ကိုသာတွေ့ရှိရပြီး အိမ်ရှင်ဖြစ်သူ အစိုင်း(ခ)ခူဖန်းစိန်နှင့် အောင်သပြေရပ်ကွက်နေ အောင်ဆန်းဝင်းတို့မှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။ ဆက်လက်ရှာဖွေရာ ခွန်ကျော်သက်၏ အိပ်ရာခေါင်းရင်းဘေးမှ ဘရာဇီးနိုင်ငံလုပ် မိန်းမကိုင် သေနတ်တစ်လက်၊ ကျည်သုံးထောင့်နှင့် ကျည်ကတ်တစ်ခု၊ ကြွပ်ကြွပ်အိတ်အနက်ရောင်အတွင်း ပလတ်စတစ်အကြည်ဖြင့် ထုပ်လျက် မူးယစ်ဆေးဝါးဟု ယူဆရသော ဘိန်းမည်းလေးကျပ်သား၊ အလေးချိန် ၅၅ ဂရမ်နှင့် မူးယစ်ဆေးဝါးရောင်းရငွေဟု ယူဆရသော မြန်မာငွေစက္ကူရောရာ ငွေကျပ် ၆၈၀၀၀ နှင့် သိန်းပိုင်လက်ထဲမှ ZTE ဟန်းဖုန်းတစ်လုံး၊ဖုန်းအမှတ်၀၉-၄၉၄၀၀၉၃၂ နှင့် နေအိမ်ဧည့်ခန်းနံရံဘေးမှ မူးယစ်ဆေးဝါးရှူရှိုက်ရာတွင် အသုံးပြုသည့် အလျားရှစ်လက်မရှိ အလူမီနီယမ်ပိုက်နှင့် ပလတ်စတစ်ပိုက်ငယ်တွဲလျက်တစ်ခု၊ ၄င်းနေအိမ်ခြံဝင်းအတွင်းမှ အမှတ် ၂၅ယ/. . . နံပါတ်ပါ ဂျပန်နိုင်ငံလုပ်ယမဟာ F 25 အမည်းနှင့် အနီကျားဆိုင်ကယ်တစ်စီး၊ ထိုင်းနိုင်ငံလုပ် အမှတ် ၂၉ယ/. . . ယမဟာ DT ဖြူနီကျားဆိုင်ကယ်တစ်စီး၊ တရုတ်နိုင်ငံလုပ် Dream -125 အပြာရောင်ဆိုင်ကယ်တစ်စီးနှင့် တရုတ်နိုင်ငံလုပ် အမှတ် ၉ယ/. . . Wave -110 ခဲအမည်းရောင်ဆိုင်ကယ်တစ်စီးတို့ကို ရှာဖွေသိမ်းဆည်းရမိကြောင်း သိရသည်။ **(ဓါတ်ပုံ)**

မူးယစ်ဆေးဝါးဘိန်းမည်းများအား လက်ဝယ်ထားရှိရောင်းချသူ ခွန်ကျော်သက် (၁၉ နှစ်)နှင့်သိန်းပိုင်(၂၄ နှစ်)တို့အား ဒီးမော့ဆိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားပြီး ထွက်ပြေးတိမ်းရှောင်သွားသူ အစိုင်း(ခ) ခူဖန်းစိန်နှင့် အောင်ဆန်းဝင်းတို့အား ဆက်လက်ရှာဖွေလျက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ထော်လာဂျီယာဉ်တိမ်းမှောက် တစ်ဦးသေ၊ ၂၃ ဦးဒဏ်ရာရ

နေပြည်တော် နိုဝင်ဘာ ၂၀

ရှမ်းပြည်နယ် ရပ်စောက်မြို့နယ် ဖောင်းတောကျေးရွာအုပ်စုတွင် နိုဝင်ဘာ ၁၇ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ ရပ်စောက်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ ဖောင်းတော-ကျောက်တောကျေးလက်ကျောက်ခင်းလမ်းအတိုင်း နောင်ခမ်းကျေးရွာ ရွှေအင်တောင်ဘုရားပွဲမှ ဘုရားဖူးခရီးသည် ၃၀ ကို တင်ဆောင်ပြီး ရပ်စောက်မြို့နယ် တိုးနီးကျေးရွာနေ သားငယ်(ခ)ဇော်နိုင်ဝင်း (၃၀ နှစ်) မောင်းနှင်လာသည့် ထော်လာဂျီယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ ဟင်းခါးကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းရှေ့တွင် တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်တွင် လိုက်ပါလာသူများအနက် တိုးနီကျေးရွာနေ မအေးနှင်းဖြူ(လေးနှစ်)မှာ ဦးခေါင်းဝဲဘက်ပွင့်ထွက်ဒဏ်ရာဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ပြီး တစ်ရွာတည်းနေ မသူဇာဝင်း(ခြောက်နှစ်)တွင် ယာချိုစောင်းပေါက်ပြဲ/ယာပေါင်ကျိုး ဒဏ်ရာနှင့် ကျန်ခရီးသည်အမျိုးသားခြောက်ဦး၊ အမျိုးသမီး ၁၆ ဦး စုစုပေါင်း ၂၂ ဦးတွင် ဒဏ်ရာများရရှိခဲ့သဖြင့် ရပ်စောက်ပြည်သူ့ဆေးရုံနှင့် တောင်ကြီးစဝ်စံထွန်းဆေးရုံတို့သို့ တင်ပို့ကုသခဲ့ကာ ယာဉ်မဆင်မခြင်မောင်းနှင်သူ သားငယ်(ခ)ဇော်နိုင်ဝင်းအား ရပ်စောက်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ရဲပြန်ကြား)**

၁၀ ဘီးယာဉ်ကို ကျော်တက်စဉ် ဆိုင်ကယ်တိမ်းမှောက်ကာ ယာဉ်နောက်ဘီးဖြင့် ကြိတ်မိ၍ သေဆုံး

နေပြည်တော် နိုဝင်ဘာ ၂၀

နိုဝင်ဘာ ၁၅ ရက် ညနေ ၃ နာရီ မိနစ် ၄၀ က မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် ရွှေညောင်ပင်ကျေးရွာတောင်ဘက် ပြည်လမ်းပေါ်၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်းသတင်းအရ အောင်လံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့သည်။ စစ်ဆေးချက်အရ အောင်လံမြို့မှ ဆင်ပေါင်ဝဲမြို့နယ်ဘက်သို့ ဆင်ပေါင်ဝဲမြို့နယ် ဇောင်းတန်းလေးကျေးရွာနေ မောင်လှိုင် (၄၇ နှစ်)မောင်းနှင်ပြီး တစ်ရွာတည်းနေ ကိုမောင်ဌေး (၄၃နှစ်) လိုက်ပါလာသည့် ၁၀ယ/--- ကန်ဘို-၁၂၅ ဆိုင်ကယ်သည် မိုင်တိုင်အမှတ် (၂၅/၆) အရောက်တွင် ရှေ့မှ အောင်လံမြို့ စက်ရုံရပ်ကွက်နေ ကြည်ဌေးအောင်(၃၆နှစ်)မောင်းနှင်သော ၉ခ/--- ၁၀ ဘီးယာဉ်ကို ကျော်တက်စဉ် မျက်နှာချင်းဆိုင်မှ မောင်းနှင်လာသည့် ဆိုင်ကယ်ကို တိမ်းရှောင်ရာမှ မော်တော်ယာဉ်၏ ဝဲဘက်ခြမ်းနှင့်ချိတ်မိ၍ ဆိုင်ကယ်တိမ်းမှောက်ကာ မော်တော်ယာဉ်နောက်ဘီးနှင့်ကြိတ်မိသဖြင့် မောင်လှိုင်မှာ ရရှိသောဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ပြီး ကိုမောင်ဌေးတွင် ယာခြေချောင်းများပေါက်ပြဲ၊ ဝဲဘက်ခြေမျက်စိအောက်ကျိုးပွဲ့ဒဏ်ရာများရရှိခဲ့သဖြင့် ယာဉ်မဆင်မခြင်မောင်းနှင်သူကြည်ဌေးအောင်အား အောင်လံမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ရဲပြန်ကြား)**

တန်ဆောင်မုန်းလပြည့်နေ့တွင် မီးလောင်မှုနှစ်ကြိမ်ဆက်တိုက်ဖြစ်ပွား

မြောင် နိုဝင်ဘာ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့ တောင်ရပ်ကွက်၌ နိုဝင်ဘာ ၁၇ ရက် ည ၇ နာရီနှင့် ၇ နာရီ ၁၅ မိနစ်တွင် မီးလောင်မှုနှစ်ကြိမ် ဆက်တိုက်ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အလယ်ရပ်ကွက်ရှိ ကျောက်ကြိုးလိမ်မြတ်စွာဘုရား၌ လူငယ်များ ဆီမီးပူဇော်ပြီး မီးပုံးပျံလွှတ်တင်စဉ် မှိုင်းအဖြစ်အသုံးပြုရာ၌ မူလဖယောင်းမီးကိုအသုံးမပြုဘဲ ရေနံချေးဖြင့်ပြုလုပ်သည့် မီးမှိုင်းကို အသုံးပြုခဲ့ရာ မီးပုံးပျံ ပျံတက်သွားသော်လည်း ရေနံချေးမီးအစက်များ အောက်သို့ ကျရောက်ခဲ့ပြီး ည ၇ နာရီတွင် မြောင်မြို့တောင်ရပ်ကွက် ဦးဝင်းထူး၏ အိမ်ခေါင်မိုးပေါ်သို့ ကျရောက်မီးလောင်မှုဖြစ်ပွားရာ မီးငြိမ်းသတ်မှုပြုလုပ်ခဲ့ပြီးနောက် ဦးဝင်းထူးသည် အလယ်ရပ်ကွက်ရှိ ကျောက်ကြိုးလိမ်ဘုရားမီးပူဇော်သူများနှင့် မီးပုံးပျံလွှတ်တင်သူများကို သွားရောက်ပြီး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်းပြောကြားသော်လည်း နောက်တစ်ကြိမ်မီးပုံးပျံလွှတ်တင်ရာမှ ည ၇ နာရီ ၁၅ မိနစ်တွင် တောင်ရပ်ကွက်ရှိ ဦးချို၏နွားစာတိုက်ပေါ်တွင် မီးပုံးပျံပေါ်မှ ရေနံချေးမီးစက်များကျပြီး ဒုတိယအကြိမ် မီးလောင်မှုထပ်မံဖြစ်ပွားခဲ့ကြောင်း သိရသည်။ အဆိုပါ မီးလောင်မှုဖြစ်ပွားရာသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်လွင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဆန်းမောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြဦး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမိုးကျော်သူနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်လူငယ်များ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ည ၇ နာရီ မိနစ် ၂၀ တွင် မီးလုံးဝငြိမ်းသွားခဲ့ပြီး၊ ယင်းမီးလောင်မှုဖြစ်စဉ်ကို သက်ဆိုင်ရာတာဝန်ရှိသူများက စုံစမ်းဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **တင်ကိုကို(iprd)**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

အခွန်ဆိုင်ရာ နှိုးဆော်ချက်

အခွန်ကောက်ခံခြင်းမှာ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး စသော နိုင်ငံတော်နှင့်ပြည်သူ၏လိုအပ်ချက်များနှင့် အကျိုးစီးပွားကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်ပင်ဖြစ်ပါသည်။

စားသောက်ဆိုင်များ၌ စားသုံးရာတွင် ရေးယခင်ကပင် ကုန်သွယ်လုပ်ငန်းခွန်ကောက်ခံရန် ဥပဒေပြဋ္ဌာန်းချက်ရှိပါသည်။

ယခင်က ကုန်သွယ်လုပ်ငန်းခွန် ၁၀ ရာခိုင်နှုန်း ကောက်ခံခဲ့သည့်အစား ၁-၄-၂၀၁၂ရက်မှစပြု၍ ၅ ရာခိုင်နှုန်းသို့ လျှော့ပေါ့ကောက်ခံလျက်ရှိပါသည်။

ယခုအခါ စားသောက်ဆိုင်များ၌ ကုန်သွယ်လုပ်ငန်းခွန်များကို မှန်ကန်စွာရရှိရေးအတွက် ပြည်တွင်းအခွန်များဦးစီးဌာနက ဖိဖိစီးစီးဆောင်ရွက်နေပြီဖြစ်ရာ စားသောက်ဆိုင်များ၌ စားသုံးသူများအနေဖြင့် ဥပဒေနှင့်အညီ သတ်မှတ်ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်းကို ကြည်ဖြူစွာ ပေးဆောင်ကြပါရန် မေတ္တာရပ်ခံပါသည်။

အခွန်ကောက်ခံမှုစိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ရန်ကုန်ပြည်သူ့ဆေးရုံကြီး

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါ ပြုပြင်ဆောက်လုပ်ရေးလုပ်ငန်းများဆောင်ရွက်ရန် တရားဝင်အသိအမှတ်ပြု(လိုင်စင်ရအဖွဲ့အစည်း ကုမ္ပဏီ) ကန်ထရိုက်တာများထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

(က) OT Complex, Imaging Complex များ ပါဝင်သည့် တိုးချဲ့ငါးထပ်ဆောင် တည်ဆောက်ခြင်း
(ခ) Cyclotron Pet-CT ထားရှိရန် တိုးချဲ့အဆောက်အအုံတည်ဆောက်ခြင်း
(ဂ) အစာအိမ်နှင့်အူလမ်းကြောင်းဆေးကုသဆောင်အကြီးစားမွမ်းမံပြင်ဆင်ခြင်း
(ဃ) ရန်ကုန်ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း Car Parking ခင်းခြင်း၊ Landscaping နှင့် Lamp-Post ဆောင်ရွက်ခြင်း၊ အဆောင်အချို့အားဆေးသုတ်ခြင်း
(င) ပင်မဆောင်နှင့် ဦးနှောက်နှင့်အာရုံကြောကုသဆောင် ခြံစည်းရိုးများဆေးသုတ် မွမ်းမံခြင်း
(စ) ဆေးရုံကြီးဝင်းအတွင်း Drainage နှင့် Apron များ ဆောင်ရွက်ခြင်း
(ဆ) ပင်မဆောင်နှင့် နှလုံးကုသဆောင်တို့၏ Waste Line Sanitation များ ပြုပြင်ခြင်း
(ဇ) အနော်ရထာလမ်းဘက်ရှိ ပျက်စီးနေသောအုတ်တံတိုင်းအား ပြန်လည်တည်ဆောက်ခြင်း
(ဈ) လျှပ်စစ်လိုင်းများအား ဖြည့်တင်းသွယ်တန်းခြင်းလုပ်ငန်း

၂။ အဆိုပါလုပ်ငန်းများနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီးရုံးသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ စုံစမ်းမေးမြန်းရယူနိုင်ပါသည်။

၃။ **တင်ဒါတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက်** - ၁၈-၁၁-၂၀၁၃ ရက် (တနင်္လာနေ့)
အိတ်ဖွင့်တင်ဒါများပိတ်မည့်ရက် - ၁၇-၁၂-၂၀၁၃ ရက်(အင်္ဂါနေ့)၊ ၁၆:၀၀နာရီ

ရန်ကုန်ပြည်သူ့ဆေးရုံကြီး

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ကမာကြည်အိမ်ရာရှိ တိုက်အမှတ် ၂၀၊ အခန်းအမှတ် ၀၀၂ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်လွင်လွင်မာ ၁၂/ဗဟန(နိုင်)၀၇၇၃၂၇ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဒေါ်ခင်ဝင်းနွယ် ၁၂/သဃက(နိုင်)၀၁၃၆၆၇က ပိုင်ရှင်အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်ပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ **စီမံကိန်းဌာနခွဲ**
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၊ မြေကွက်အမှတ် ၁၇၆၊ မြေကွက်တည်နေရာအမှတ် ၆၃၊ ၅ လမ်း၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာပ ဒေါ်စိန်ခိုင်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်စိန်ခိုင်နှင့် ခင်ပွန်း ဦးဘထွန်းကွယ်လွန်သဖြင့် ဦးစိန်လွင် ၁၂/မရက(နိုင်)၁၁၂၇၄၉၊ ဦးနေဝင်း ၁၂/ဥကတ(နိုင်)၁၃၂၆၁၄တို့က သားများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၂၆၂၄၆ Kenbo 110, M/C ယာဉ်လက်ဝယ်ရှိသူ Sun Chain Co., Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် မြို့သစ်(က)၊ မြေကွက်အမှတ် ၅၆၈/က၊ မြေကွက်တည်နေရာအမှတ် ၁၅၇၊ က-၆လမ်း၊ အင်းစိန်မြို့နယ် ဒေါ်အုံးသွင်အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ဒေါ်အုံးသွင်ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်လာသူ ဒေါ်သက်သက်စိုး ၁၂/အစန(နိုင်)၂၀၀၅၉၅က ပါမစ်ပျောက်ဆုံးကြောင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ အင်းစိန်မြို့နယ် စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးမှနေထိုင်ကြောင်း ထောက်ခံစာ၊ ကျမ်းကျိန်လွှာတို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် ဂရန်သစ်လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

တစ်ဦးတည်း ဖြစ်ပါကြောင်း

မြိတ်မြို့၊ ပါရမီ(၂)ရပ်နေ မောင်သန့်ဇင်အောင် ၆/မမန(နိုင်)၁၁၈၅၅၉၏ဖခင် ဦးနီနှင့် ဦးမောင်နီ ၆/မအရ(နိုင်)၀၅၇၅၃၉သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

နယ်သတင်းနှင့်ကြော်ငြာ

အထက်မင်းလှ သံပုရာကန်ကျေးရွာ ကိုယ့်အားကိုယ်ကိုး မီးလင်းရေးကြိုးပမ်းဆောင်ရွက်

အထက်မင်းလှ နိုဝင်ဘာ ၂၀

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့နယ် သံပုရာကန်ကျေးရွာ ကိုယ့်အားကိုယ်ကိုး မီးလင်းရေးကော်မတီကို ရွာလူကြီး ၁၁ ဦးဖြင့် နိုဝင်ဘာ ၂ ရက်က ဖွဲ့စည်းခဲ့ပြီး ကျေးရွာလူထုဆန္ဒအရ စီးပွားရေးအခြေအနေပေါ် မူတည်၍ အိမ်ထောင်စု တစ်စုလျှင် ငွေကျပ်သုံးသိန်း၊ နှစ်သိန်း၊ တစ်သိန်း စသည်ဖြင့်ထည့်ဝင်ရာ လက်ရှိ သိန်း ၁၄၀ ရရှိပြီးဖြစ်ကြောင်း ထိုငွေကို မင်းလှမြို့ မြန်မာ့စီးပွားရေးဘဏ်တွင် အပ်နှံထားကြောင်းဖြင့် နိုဝင်ဘာ ၁၈ ရက်က ကျေးရွာမီးလင်းရေးကော်မတီနှင့်တွေ့ဆုံရာတွင် ပြောကြားသည်။

"မင်းလှမြို့ ထရန်စဖော်မာကနေ ကျေးရွာအရောက် မီးကြိုးသွယ်ဖို့က အကွာအဝေးအရ ပေပေါင်း ၇၂၀၀ ပဲရှိပါတယ်။ ရွာတွင်းကတော့ မီးကြိုးဘယ်လောက်ကုန်မယ် မသိသေးပါဘူး။ မြို့နယ်လျှပ်စစ်မန်နေဂျာကတော့ မီးတိုင်ပေါင်း ၈၀ လောက်စိုက်ရမယ်လို့ ခန့်မှန်းပြောပါတယ်"ဟု ကော်မတီဥက္ကဋ္ဌ ဦးသောင်းဝင်းက ပြောသည်။ ၎င်းကပင်ဆက်၍ "အားလုံးသိန်း ၆၀၀ လောက်ကုန်မယ်မှန်းထားပါတယ်။ ရွာထဲငွေစုတာကတော့ တစ်လ သုံးကြိမ် ၁၀ ရက်တစ်ကြိမ်ပေါ့။ ကော်မတီဝင်တွေရွာထဲ လှည့်ကောက်တယ် ၅၀၀၀ ထည့်၊ ၁၀၀၀၀ နဲ့ စုကြရတာပေါ့" ဟုဆိုသည်။

ကျေးရွာ မီးလင်းရေးအတွက် သက်ဆိုင်ရာဌာနများသို့ အဆင့်ဆင့်တင်ပြရဦးမှာဖြစ်ကြောင်း ကျေးရွာမီးလင်းပါက ပညာရေး၊ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ အသိအမြင်တွေကြွယ်ဝလာနိုင်ကြောင်း အဘက်ဘက်က တိုးတက်လာမှာကို မျှော်မှန်းပြီး ခုကတည်းက ဝမ်းသာပီတိဖြစ်နေပါကြောင်းဖြင့် မီးလင်းရေးကော်မတီဝင်များက ဆိုသည်။

သံပုရာကန်ကျေးရွာသည် (မန်း) သံပုရာကန် ရေနံချက်စက်ရုံနှင့် နှစ်ဖာလုံသာဝေးသည်။ တောင်သူများနှင့် လက်လုပ်လက်စား အများစုဖြစ်သည်။ မူလတန်းလွန်ကျောင်းရှိသည် အိမ်ခြေ ၂၇၀ရှိပြီး လူဦးရေ ၁၂၄၀ ရှိကြောင်း သိရသည်။

ကျေးရွာမီးလင်းရေးလုပ်ငန်းတွင် စီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်းပါဝင်လိုပါကကော်မတီဥက္ကဋ္ဌဦးသောင်းဝင်း ဖုန်း-၀၉-၂၅၆၂၂၁၄၀၉ နှင့်ကော်မတီဝင် ဦးကျော်နိုင် ဖုန်း-၀၉-၄၀၁၅၈၃၅၃၂ တို့သို့ဆက်သွယ်နိုင်ကြောင်း သိရသည်။

(၀၇၆)

လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေးဆောင်ရွက်

နတ်တလင်း နိုဝင်ဘာ ၂၀

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် တာပွန်မြို့သို့ နိုဝင်ဘာ ၁၄ရက် နံနက် ၁၀ နာရီက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းသည် မြို့နယ်သံဃနာယကအဖွဲ့ဝင် ကံဦးကျောင်းဆရာတော် ဦးကေဝလအားလှူဖွယ်ပစ္စည်းများ လှူဒါန်းသည်။

ပြန်လည်ထွက်ခွာ

ဆက်လက်၍ တိလောကမာရဇိန်ရွှေသာလျောင်းဘုရားကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး ဂေါပကအဖွဲ့ဝင်များ ဒေသဖွံ့ဖြိုးရေးကော်မတီဝင်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့်တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေးကြသည်။ ဒေသခံများ၏တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊တာပွန်တိုက်နယ်ဆေးရုံအတွင်းရှိ ခေတ်မှန်ဆောင်အတွက် လိုအပ်နေသော မီးအားမြှင့်စက် ဝယ်ယူရန် ငွေကျပ်လေးသိန်း လှူဒါန်းခြင်းနှင့် ဗောဓိမာန်အောင် ငါးထပ်ဘုရားကြီးသို့ သွားရောက်ဖူးမြော်ကာ မွန်းတည့် ၁၂ နာရီတွင် ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။ **တင်မြင့်**

ပဉ္စမအကြိမ်မြောက် ကထိန်နှင့် ရှင်ပြုနားသရေစက်ချပွဲကျင်းပ

မန္တလေး နိုဝင်ဘာ ၂၀

ပုနေ့ာပသမ္ပဒကံထပ်မင်္ဂလာ၊ ကျောင်းရေစက်ချမင်္ဂလာ၊ ပဉ္စမအကြိမ်မြောက် ကထိန်အလှူတော် မင်္ဂလာနှင့် ရှင်ပြုနားသ အလှူတော်မင်္ဂလာ ရေစက်ချအခမ်းအနားကို နိုဝင်ဘာ ၁၆ရက် နံနက် ၉ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မန္တလေးတောင်ခြေမြောက်ဘက် ရွှေကျင်တိုက်မကြီးအတွင်းရှိသဗ္ဗသုခါဝါသ ပြည့်စုံအုဌ်ကျောင်း၌ကျင်းပရာ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိသီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ၊ ရွှေကျင်တိုက်မကြီးဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိစိတ္တနှင့် ဆရာတော်ကြီးများအမှူးပြုသော ပင့်သံဃာတော်ဆရာတော်ကြီး ၂၇ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး ဖိတ်ကြားထားသောဧည့်သည်တော်များ၊ အလှူရှင်များနှင့်လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြည်ညိုကြသည်။

အစီအစဉ်အရ အလှူရှင်မိသားစုက ကထိန်ကြာသက်နှင်းနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ကြီးများထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ စုဒ္ဒသမ ရွှေကျင်သာသနာပိုင် ဝါဆိုကျောင်းဆရာတော်ကြီးအတွက် နဝကမ္မအလှူငွေကျပ် ၁၅ သိန်းကို အလှူရှင်မိသားစုက ကပ္ပိယကာရကအဖွဲ့ထံလည်းကောင်း၊ သီတဂူဆရာတော်ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရအား နဝကမ္မအလှူတော်ငွေဒေါ်လာ ၃၀၀၀နှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း**(အပေါ်ပုံ)** ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်ကြီးထံမှ ကျောင်းရေစက်ချတရားတော်များ နာယူကာ ကျောင်းကထိန်၊ ရှင်ပြုနားသ အလှူတော်များအတွက် စုစုပေါင်းငွေကျပ်သိန်း ၂၅၀၀ ကျော် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအမျှပေးဝေသည်။

တင်မောင်(မန္တလေး)

သတ္တမအကြိမ်မြောက် ရန်ကုန်မြို့တော်ဝန်ဖလားတင်းနစ်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၀

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၁၃ ခုနှစ် သတ္တမအကြိမ်မြောက် ရန်ကုန်မြို့တော်ဝန် ဖလား တင်းနစ်ပြိုင်ပွဲကို ဒီဇင်ဘာ ၁ ရက်မှ ၇ ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် အမျိုးသမီး အမျိုးသား အလွတ်တန်းတစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲ၊ အသက် ၆၀ နှင့်အထက် အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ(နှစ်ယောက်တွဲ အသက်ပေါင်း ၁၃၀ ပြည့်) ဖြစ်ရမည်။ အသက် ၁၂ နှစ်အောက် အမျိုးသား အမျိုးသမီး၊ အသက် ၁၄ နှစ်အောက် အမျိုးသား အမျိုးသမီး၊ အသက် ၁၆နှစ်အောက် အမျိုးသား အမျိုးသမီးသက်တန်းအလိုက်ပြိုင်ပွဲနှင့် Inter Club (အသင်းလိုက်) ပြိုင်ပွဲများပါဝင်ကြမည် ဖြစ်သည်။

အဆိုပါပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြမည့်တင်းနစ်အားကစားမောင်မယ်တို့သည် နိုဝင်ဘာ ၂၉ ရက်ညနေ ၅ နာရီနောက်ဆုံးထား၍ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် (သိမ်ဖြူလမ်း) စုံစမ်းရေးဌာနသို့ အားကစားသမားကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း ၀၉-၂၅၀၁၈၇၀၄၀၊ ၀၁-၃၈၁၉၉၁ သို့လည်းကောင်း စာရင်းပေးသွင်းရမည် ဖြစ်သည်။ ပွဲစဉ်ဇယားကို နိုဝင်ဘာ ၃၀ရက် နံနက် ၁၀နာရီတွင် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ရုံးခန်းမ၌ အသင်းအုပ်ချုပ်သူ (သို့) အသင်းခေါင်းဆောင်များဖြင့် ပြိုင်ပွဲအတွက် ပွဲစဉ်ဇယားရေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေးဟောပြော

ပင်လုံ နိုဝင်ဘာ ၂၀

လွိုင်လင်ခရိုင် ပင်လုံမြို့နယ်ခွဲ၌ လူဦးရေအိမ်အကြောင်းအရာနှင့်သန်းခေါင် စာရင်းကောက်ယူရေး အသိပညာပေးဟောပြောပွဲကိုနိုဝင်ဘာ ၁၀ ရက် မွန်းလွဲ၁နာရီက မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်ဂေါပကအဖွဲ့အစည်းအဝေးခန်းမ၌ကျင်းပခဲ့ရာပင်လုံမြို့နယ်ခွဲ သန်းခေါင်စာရင်း ကောက်ယူရေးကော်မတီဥက္ကဋ္ဌ ပင်လုံမြို့နယ်ခွဲ အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

